ကြေးမုံ
The Mirror Daily
Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 27 August 2019 ၉၇၅၄


# အခွန်ထမ်းပြည်သူများက အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များကို ရှင်းလင်းစွာသိရှိပြီး တာဝန်သိစွာလိုက်နာလာစေရေး အခွန်ပညာပေးခြင်း အစီအစဉ်များ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မိတ္ထီလာ မဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသောင်းထိုက်စိုး**က ယခုပြင်ဆင်သည့် ဥပဒေမူကြမ်းသည် ပြုပြင်ပြောင်းလဲရေးအတွက် တည့်မတ်စေမည့် ရည်ရွယ်ချက်ဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက် တင်သွင်းသော ဥပဒေမူကြမ်းတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ ဒေါက်တာမောင်သင်းအပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး တင်ပြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးမူကြမ်းကို ယခင်ပြင်ဆင်ရေး ပူးပေါင်းကော်မတီလုပ်ငန်းစဉ်ထဲသို့

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


မြန်မာ-ကိုရီးယား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာ
ဆောင်းပါး စာမျက်နှာ » ၆

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်
စာမျက်နှာ » ၈

CPU များအတွက် အာဂျင်ဒါ (၆)ချက်
ဆောင်းပါး စာမျက်နှာ » ၁၀


# ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့်တက္ကစီယာဉ်များ စနစ်တကျရှိစေရန် စီးတီးတက္ကစီ မှတ်ပုံတင်လုပ်ငန်းများကို YRTA က ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၆**

ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော တက္ကစီယာဉ်များ စနစ်တကျရှိစေရန်အတွက် စီးတီးတက္ကစီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ (YRTA) က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပိုမိုအဆင်ပြေစေရန် ရည်ရွယ်**

မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်သည့် တက္ကစီယာဉ်များ ဖြစ်လာစေရန်၊ တက္ကစီယာဉ်များနှင့်ပတ်သက်၍ စည်းကမ်းထိန်းသိမ်းမှုပိုမိုအားကောင်းလာစေရန်၊ ငှားရမ်းအသုံးပြုကြသည့် ခရီးသွားပြည်သူများ ပိုမိုအဆင်ပြေချောမွေ့မှုရှိစေရန်စသည့် ရည်ရွယ်ချက်များဖြင့် စီးတီးတက္ကစီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို YRTA က ဆောင်ရွက်ပေးနေပြီး ယခုနှစ် ဇူလိုင်လကုန်အထိ YRTA တွင် မှတ်ပုံတင်ထားသည့် စီးတီးတက္ကစီယာဉ်စုစုပေါင်း ၆၇၀၈၅ စီးရှိသည်ဟု သိရသည်။

**လွှဲပြောင်းပေး**

"စီးတီးတက္ကစီမှတ်ပုံတင်လုပ်ငန်းရဲ့သမိုင်းကိုပြောရရင် ၂၀၀၁-၂၀၀၂ ခုနှစ်ကစပြီး တက္ကစီယာဉ်ကြီးကြပ်ရေးကော်မတီက စီးတီးတက္ကစီမှတ်ပုံတင်လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့တာကနေ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကို လွှဲပြောင်းပေးခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၄ ကော်လံ ၄ သို့ »»**


KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ပြည်သူများ နှလုံးစိတ်ဝမ်းအေးချမ်းပါစေ

မြန်မာပြည်တစ်ဝန်း အေးချမ်းသာယာပါမှ ပြည်သူအများ၏ စိတ်နှလုံးလည်း အေးချမ်းနိုင်မည်ဖြစ်သည်။ ယခုအခါကာလအတွင်း မြန်မာပြည်တစ်ဝန်းရှိ အချို့နေရာဒေသတို့၌ ရေကြီးရေလျှံ၊ မိုးသည်းထန်မှုတို့ကြောင့် ပြည်သူအချို့ ဘေးဒုက္ခကြုံတွေ့ခဲ့ရမှုများနှင့် မန္တလေး-မူဆယ်ကားလမ်းပိုင်း အချို့နေရာတို့၌ တိုက်ခိုက်ဖျက်ဆီးခံရခြင်းတို့ကြောင့် ခရီးသွားနှင့် ကုန်စည်များ၊ ဒေသခံပြည်သူများ အခက်အခဲဒုက္ခကြုံတွေ့ရမှုဖြစ်စဉ်များသည် မြန်မာပြည်သူများအတွက် စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာများသာ ဖြစ်ပါသည်။

ဖြစ်စဉ်များကို သတင်းစာမျက်နှာများပေါ်တွင်သာမက လူမှုကွန်ရက်မျက်နှာစာများပေါ်တွင်ပါ နေ့စဉ်မြင်တွေ့ကြားသိနေရပါသည်။ လူအများ ဒုက္ခကြုံတွေ့ရမှုများကို အများပြည်သူသိရှိနိုင်စေရန် သူ့ထက်ငါဦး သတင်းထူးအဖြစ် အလျင်အမြန်တင်ပြကြ၏။ သတင်းဖြစ်ပွားပြီးနောက် နောက်ဆက်တွဲ ဖြစ်ပေါ်တိုးတက်မှုများကိုလည်း ဆက်လက်ဖော်ပြကြ၏။ ကောင်းခြင်း၊ ဆိုးခြင်းအလုံးစုံကို အဖြစ်ကိုအဖြစ်အတိုင်း၊ အရှိကိုအရှိအတိုင်း တင်ပြနေကြသည်မှာ ပြည်သူများ၏သိလိုမှုကို ဆောင်ကြဉ်းပေးနေခြင်းသာ ဖြစ်သည်။

မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများသို့သွားသည့် ဂုတ်တွင်းတံတား ဩဂုတ်လ ၁၅ ရက်က မိုင်းခွဲဖျက်ဆီးခံရ၏။ ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု ရပ်တန့်သွား၏။ ဩဂုတ်လ ၂၀ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ငါးရက်နှင့်အပြီး ယာယီဘေလီတံတားကို တည်ဆောက်ပေးခဲ့၏။ ဂုတ်တွင်းတံတား ပြန်လည်ဖွင့်လှစ်ပေးနိုင်သဖြင့် ခရီးသည်နှင့် ကုန်စည်ယာဉ်များ ဖြတ်သန်းသွားလာကြပြီး မန္တလေးကုန်စည်ဒိုင်နှင့် မူဆယ်ဈေးကြီးတို့တွင် အရောင်းအဝယ် ပြန်လည်သွက်လက်စည်ကားလာ၏။ တိုက်ပွဲများကြောင့် သေဆုံးဒဏ်ရာရသူများ၊ ဒုက္ခသည်များအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် စေတနာရှင်များက ထောက်ပံ့ကူညီအားပေးကြ၏။ အများပြည်သူ လုံခြုံမှုပြန်လည်ရရှိရေးကို ကာကွယ်စောင့်ရှောက်ပေးကြ၏။

အလားတူ မွန်ပြည်နယ် ပေါင်မြို့နယ်မှ မြေပြိုမှုဖြစ်စဉ်၊ ရေးမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ရေကြီးမှုဖြစ်စဉ်များ ဖြစ်ပွားလျှင်ဖြစ်ပွားချင်း သက်ဆိုင်ရာနှင့်အဖွဲ့အစည်းများ၊ စေတနာရှင်များက ချက်ချင်းသွားရောက် ကယ်တင်စောင့်ရှောက် ထောက်ပံ့ကူညီအားပေးကြသည်။ ပျက်စီးသွားသောလမ်းပိုင်းများကို သက်ဆိုင်ရာတို့က ချက်ချင်းပြင်ဆင်ဆောင်ရွက်ပေးကြသည်။ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေဘဲ ကူးသန်းသွားလာမှု၊ ကုန်စည်စီးဆင်းမှု လွယ်ကူအောင် အလျင်အမြန်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါဖြစ်စဉ်များသည် ပကတိဖြစ်ပေါ်နေသော သတင်းအမှန်များဖြစ်သည်။ တစ်ဖက်တွင် လုံခြုံဘေးကင်းမှုမရှိသောသတင်းများ၊ ပြည်သူများဘေးဒုက္ခရောက်နေသောသတင်းများ၊ ကုန်စည်ပစ္စည်းများ အခက်အခဲရှိမှုသတင်းများလည်း နေ့စဉ်ကြားသိနေရပြန်သည်။ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှ တိုက်ပွဲသတင်းများ၊ စစ်ဘေးဒုက္ခသတင်းများနှင့် မရေးမနှောင်းတွင် သီပေါမြို့နယ် ဘော်ကြိုဒေသနှင့် နန့်လန်ဒေသ၌ လူထုအကျိုးပြု မဟာလူသားဆန် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ရရှိတော်မူသော သီပေါနန့်လန်ဒေသဖွား သာသနာ့အာဇာနည်ဆရာတော်သုံးပါး ကြိုဆိုဂုဏ်ပြုပွဲ မင်္ဂလာသတင်း၊ ဒေသခံ ရှမ်းတိုင်းရင်းသား ပြည်သူများတပျော်တပါး၊ အများပြည်သူ နှလုံးစိတ်ဝမ်းချမ်းမြေ့ဖွယ်ရာသတင်းဖြစ်သည်။

လောကတွင် အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက်တို့သည် အစဉ်အမြဲဒွန်တွဲနေသည်။ ကောင်းကျိုးချမ်းသာဖြစ်ခြင်းနှင့် ဆင်းရဲဒုက္ခရောက်ခြင်းတို့ တွဲ၍ရှိမည်ဖြစ်သည်။ လောကငြိမ်းချမ်းသာယာရေး၊ ကောင်းကျိုးချမ်းသာဖြစ်ရေးကို တိုင်းရင်းသားပြည်သူအားလုံး အလိုရှိကြသလို လက်တွေ့လည်း ကြိုးပမ်းတည်ဆောက်နေသော ကာလ၌ ကောင်းသတင်း၊ မကောင်းသတင်းများကို မျှတစွာထုတ်ဖော်ခြင်းဖြင့် အများပြည်သူ ခွဲခြားဆင်ခြင်ခံစားနိုင်အောင် အသိပေးရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပကတိဖြစ်ပေါ်နေသော ဖြစ်စဉ်အမှန်များကို မြင်သာထင်သာအောင် မျှမျှတတ ရှင်းရှင်းလင်းလင်း ထုတ်ဖော်အသိပေးခြင်းဖြင့် မြန်မာပြည်သူ ပြည်သားများအားလုံး အသိအမြင်ဆင်ခြင်ဉာဏ်ပွား၍ နှလုံးစိတ်ဝမ်းငြိမ်းအေးနိုင်ပါစေကြောင်း။ ။

# ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) လေးမှုကို စီရင်ချက်ချမှတ်

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့်ဦးစိုးနိုင်တို့ပါဝင်သည့် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်ပြီး ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) လေးမှုကို စီရင်ချက် ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထွေထွေလျှောက်ထားမှု (စာချွန်တော်) တစ်မှုနှင့် တရားမ အထွေထွေလျှောက်ထားမှု(စာချွန်တော်)လေးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၆**




မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်(SECM)နှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့ ပူးပေါင်းကျင်းပသည့် ထွန်းသစ်စအာရှနိုင်ငံများတွင် အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံလက်မှတ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပကြောင်း သိရသည်။

"ကျွန်တော်တို့က အိမ်ရှင်အနေနဲ့ လက်ခံကျင်းပတာဖြစ်ပါတယ်။ အာရှမှာရှိတဲ့စတော့အိတ်ချိန်းနဲ့ Regulator တော်တော်များများ လာကြတယ်ဆိုတော့ ကိုယ့်နိုင်ငံဈေးကွက်ကိုလည်း သူတို့မြင်သွားတယ်။ လာတက်တဲ့ သူတွေရဲ့ အတွေ့အကြုံတွေလည်း ကျွန်တော်တို့ရတယ်။ ရင်းရင်းနှီးနှီးနဲ့ တွေ့ဆုံရတဲ့ ပွဲလည်းဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံအတွက် အများကြီး အကျိုးရှိတယ်လို့ ပြောချင်ပါတယ်" ဟု ရန်ကုန်စတော့အိတ်ချိန်းမှ အမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက ပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ၊ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဖိတ်ကြားထားသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ဆွေးနွေးပို့ချသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲတွင် အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသည့် အစုရှယ်ယာများ အများပြည်သူသို့ ကနဦးကမ်းလှမ်းရောင်းချခြင်းနှင့် စတော့အိတ်ချိန်းတွင် စာရင်းဝင် ကုမ္ပဏီများ၏ အစုရှယ်ယာများ ရောင်းဝယ်ခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် အလေ့အထများ ငွေချေးသက်သေခံလက်မှတ်ဈေးကွက်အပေါ် ရင်းနှီးမြှုပ်နှံသူများ စိတ်ပါဝင်စားလာစေရန်တို့ကို ဆွေးနွေးကြကြောင်း သိရသည်။

**ဇာနည်မောင်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆-၈-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၅၀၀ | ၁, ၁၇၁ | ၁၃,၅၁၇,၀၀၀ |
| MTSH | ၄,၀၀၀ | ၄,၀၀၀ | ၂,၀၃၄ | ၈,၁၉၄,၁၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂၅,၅၀၀ | ၂၅,၀၀၀ | ၂၃၂ | ၅,၈၁၆,၀၀၀ |
| TMH | ၃,၀၅၀ | ၃,၀၀၀ | ၈၄၅ | ၂,၅၃၅,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၂၆**

ရန်ကုန်(ရွှေဈေး) ၁၂၃၉၀၀၀ မန္တလေး(ရွှေဈေး) ၁၂၃၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၄၀/၈၉၅ ကျပ် | ၉၀၅/၉၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၉၀ ကျပ် | ၉၃၅/၉၄၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၄၀/၈၀၅ ကျပ် | ၈၂၅/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၅၀/၉၀၅ ကျပ် | ၉၂၀/၉၃၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၂၀/၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၃၀/၈၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၁၇/၇၃၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၆.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၈၅.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၂.၂၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၉.၅၇၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၀.၈၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၈၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၃၂.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၉၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၅.၁ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၉၃.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြော်ငြာသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅၁

ကြေးမုံ



❖ ရှေ့ဖုံးမှ

ထည့်သွင်းခြင်းသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် မသက်ဆိုင်သည့်အတွက် ယင်းပြင်ဆင်ရေးပူးပေါင်းကော်မတီသို့ တစ်ပေါင်းတည်း ထည့်သွင်းရန် မလိုအပ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအတိုင်း ပြည်ထောင်စုလွှတ်တော်တွင် ဆက်လက်ဆွေးနွေးသင့်ပါကြောင်းနှင့် ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာအား အတည်မပြုသင့်ပါကြောင်း ဆွေးနွေးသည်။

**မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး**က ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးက ဝိုင်းဝန်းကြိုးစားကြရမည် ဖြစ်ပါကြောင်း၊ ယခု ပြည်ထောင်စုလွှတ်တော်တွင် ဖွဲ့စည်းပုံပြင်ဆင်နိုင်ရေးအတွက် တပ်မတော်သားကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ စသည့် ပါတီများမှ ကိုယ်စားလှယ်များပါဝင်သည့် ပြင်ဆင်ရေးပူးပေါင်းကော်မတီသည် ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ မူကြမ်းရေးဆွဲရေး အကြိုလုပ်ငန်းစဉ်များကို လုပ်ဆောင်ထားပြီးဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့အချိန်အထိ ပြည်တွင်းစစ်မီးမငြိမ်းသတ်နိုင်သေးပါကြောင်း၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းနိုင်ခဲ့ခြင်း၊ အာဏာနိုင်ငံရေးကိုသာ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ခြင်း၊ နိုင်ငံရေးပေါ်လစီ မပြတ်သားခြင်း၊ အပြောင်းအလဲအတွက် သတ္တိနည်းခြင်း စသည့် အချက်များကြောင့် နိုင်ငံသူ နိုင်ငံသားများသည် နှစ်ပေါင်း ၇၀ ကျော်ကြာပြီဖြစ်သည့် ပြည်တွင်းစစ်ဒဏ်ကို ခံစားနေရပါကြောင်း၊ လွှတ်တော်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ ရှိနေပြီဖြစ်သည့်အတွက် ထိုနှစ်ရပ်ကိုအခြေခံပြီး နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားအားလုံး၏ ဘုံသဘောတူညီချက်ကို အခြေခံကာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်လာရေးအတွက် ကြိုးစားကြရန်လိုအပ်ပါကြောင်း တိုက်တွန်းဆွေးနွေးသည်။

**တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေဝင်း**က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် ပြင်ဆင်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် ပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း အကြံပြုချက်ပေါင်း (၃၇၆၅)ချက်ရှိသည်ကို တွေ့ရပါကြောင်း၊ အချို့အကြံပြုချက်များ၏ ရည်ရွယ်ချက်နှင့် လိုလားချက်များကို ခန့်မှန်းနိုင်မည်ဖြစ်သကဲ့သို့ လက်တွေ့ဆောင်ရွက်ရန် အခက်အခဲများ ရှိနေကြောင်းကိုလည်း တွေ့ရပါကြောင်း၊ ထိုသို့ များပြားသည့် အကြံပြုချက်များနှင့် ဥပဒေကြမ်းတစ်ခုရေးဆွဲရန် အချိန်မည်မျှကြာမည်ကို ခန့်မှန်းရန်ခက်ခဲပါကြောင်း။

ထို့ကြောင့် ဒေါက်တာမောင်သင်း အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦးက တင်သွင်းသည့် ဥပဒေမူကြမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁၂)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်သွင်းထားခြင်း၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များကို လုပ်ပိုင်ခွင့်ပိုမိုတိုးမြှင့်ပေးထားခြင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲပိုမိုပီပြင်စေရန် တင်သွင်းသည့် ဥပဒေမူကြမ်းဖြစ်ခြင်းတို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေပါလုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သင့်ပါကြောင်းနှင့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီ၏ အစီရင်ခံစာ သဘောထားမှတ်ချက်ကို ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာအပေါ် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးထွန်းလင်းဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးလွင်မောင်စိုး၊ မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သွင်စိုး၊ မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးစိန်ထွန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဆီဟူးဒွေ့တို့က ဆွေးနွေးကြသည်။

## ကျေးလက်လမ်းများ ဆက်သွယ်ရေးစီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၀ သန်း ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ယနေ့အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးလက်လမ်းများ ဆက်သွယ်ရေးစီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန် ဒေါ်လာ ၅၁ ဒသမ ၂၀ သန်း ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ ချေးငွေဆိုင်ရာစည်းကမ်းချက်များမှာ ဆိုင်းငံ့ကာလ ရှစ်နှစ်၊ ပြန်ဆပ်ကာလ ၂၄ နှစ် စုစုပေါင်း ချေးငွေသက်တမ်း ၃၂ နှစ် ဖြစ်ပါကြောင်း၊ အတိုးနှုန်းမှာ ဆိုင်းငံ့ကာလ ရှစ်နှစ်အတွင်း တစ်နှစ်လျှင် (၁) ရာခိုင်နှုန်း၊ ပြန်ဆပ်ကာလ ၂၄ နှစ်အတွင်း တစ်နှစ်လျှင် ၁ ဒသမ ၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အဆိုပါ ချေးငွေ၏ Grant Element တွက်ချက်ရာတွင် ၄၇ ဒသမ ၂ ရာခိုင်နှုန်း ရရှိသည့်အတွက် သက်သာသောချေးငွေအမျိုးအစားတွင် ပါဝင်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်



ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး

အဆိုပါ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာပေါင်း ၁၅၀ မှ အိမ်ခြေ ၂၀၀၀၀ ခန့်၊ ကျေးလက်ပြည်သူ ၇၀၀၀၀ ကျော်ကို တိုက်ရိုက်အကျိုးရှိစေမည်ဖြစ်ပြီး စီမံကိန်းလမ်းများနှင့် သွယ်ဝိုက်ပတ်သက်နေသော ကျေးလက်ပြည်သူအားလုံးအတွက် ခရီးစရိတ်နှင့် သွားလာချိန်များ သက်သာစေမည်ဖြစ်ပါကြောင်း၊ ထိုချေးငွေစီမံကိန်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒတို့နှင့် ကိုက်ညီမှုရှိသည့်အပြင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ၂၀၁၈-၂၀၃၀ ၏ မဟာဗျူဟာ ၃ ဒသမ ၆ နှင့်လည်း ကိုက်ညီမှုရှိသည်ကို တွေ့ရှိရပါကြောင်း။

သို့ပါ၍ ကျေးလက်လမ်းများဆက်သွယ်ရေးစီမံကိန်း ဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအတွက် အာရှဖွံ့ဖြိုးရေးဘဏ် ADB ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၅၁ ဒသမ ၂၀ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါ ချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ပထမ ၆ လပတ် အခွန်ရငွေစာရင်းများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၂/၂၀၁၉) အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ**အပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ**က မြန်မာ့သတ္တုတွင်း နည်းဥပဒေသစ် ၂၀၁၈ အရ မဖြစ်မနေ ဆောင်ရွက်ရမည့် သ ၂ အဆင့် သတ္တုသိုက်အစီရင်ခံစာ၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးအစီရင်ခံစာပြုစုခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ IEE/EIA အစီရင်ခံစာများပြုစုပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အတည်ပြုချက်ရယူခြင်းကိစ္စများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းပြည့်မီရေး ပြန်လည်ပြင်ဆင်တင်ပြခြင်းကို အချိန်ကာလတစ်ခုအထိ ရယူဆောင်ရွက်ရသဖြင့် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးနိုင်ခြင်း မရှိသည့်အတွက် ဓာတ်သတ္တုခွန်မရရှိခဲ့ပါကြောင်း။

ဓာတ်သတ္တုလုပ်ကွက်သစ်များ လျှောက်ထားမှုနှင့်ပတ်သက်၍ သတ္တုတွင်း နည်းဥပဒေသစ်နှင့်အညီ ခွင့်ပြုမိန့်ချထားပေးပြီး လုပ်ကွက်များနှင့် လွတ်ကင်းမှု ရှိ၊ မရှိ စိစစ်ပြီး ဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်ရရှိပြီးလျှင် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေစာရင်းပုံစံ၊ သစ်တောဧရိယာအတွင်း ကျရောက်ပါက သစ်တောဦးစီးဌာန၏ သဘောထားမှတ်ချက်တောင်းခံခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ရပါကြောင်း။

## ခွင့်ပြုထားသည့် သတ္တုတူးဖော်မှု ပါမစ်များအတွက်လည်း CSR ရန်ပုံငွေ၊ မိုင်းပိတ်သိမ်းမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတို့ကို စနစ်တကျထူထောင်ထားရှိစေလျက်ရှိ

အဆိုပါ လုပ်ကွက်သစ်လျှောက်ထားမှုများအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ စီးပွားရေးရာကော်မတီသို့ ဆက်လက်တင်ပြခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူခြင်း စသည့်အဆင့်များ ဆောင်ရွက်ပြီးမှသာ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုခြင်းနှင့် ပါမစ်ထုတ်ပေးခြင်းများအား အဆင့်ဆင့်ဆောင်ရွက်ရပြီး ဝန်ကြီးဌာနအနေဖြင့် မိမိဆောင်ရွက်ရမည့်ကိစ္စရပ်များကို အမြန်ဆုံးဆောင်ရွက်လျက်ရှိပါကြောင်း။



တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူး သောင်းထိုက်စိုး



တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေဝင်း

အသစ်ပြုစုထားသည့် မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သယံဇာတထုတ်ယူသုံးစွဲမှု ရေရှည်ဖွံ့ဖြိုးတိုးတက်ရန်အလို့ငှာ သတ္တုတူးဖော်ထုတ်လုပ်ရာတွင် ရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်း အဆင့်ဆင့်ကို စနစ်တကျ ဆောင်ရွက်စေပြီး ထုတ်လုပ်မှုကူးပြောင်းရာတွင် သတ္တုတွင်းသက်တမ်း၊ သတ္တုတူးဖော်မှုနည်းစနစ်၊ သတ္တုသန့်စင်မှုနည်းစဉ်တို့ကို လက်ခံအတည်ပြုပြီးမှသာ ခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ခွင့်ပြုထားသည့် သတ္တုတူးဖော်မှု ပါမစ်များအတွက်လည်း CSR ရန်ပုံငွေ၊ မိုင်းပိတ်သိမ်းမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတို့ကို စနစ်တကျထူထောင်ထားရှိစေလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့ပြင် **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ပွင့်လင်းမြင်သာပြီး အဂတိတရားကင်းရှင်းသည့် အခွန်စီမံခန့်ခွဲမှုစနစ်ဖြစ်စေရေး၊ အခွန်ထမ်းပြည်သူများက အခွန်ဆိုင်ရာပြဋ္ဌာန်းချက်များကို ရှင်းလင်းစွာသိရှိပြီး တာဝန်သိစွာ လိုက်နာလာစေရေးတို့အတွက် စဉ်ဆက်မပြတ် အခွန်ပညာပေးခြင်း အစီအစဉ်များကိုလည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်တွင် အခွန်ယဉ်ကျေးမှု ထွန်းကားလာစေရေးအတွက် စာသင်ကျောင်းများတွင် အခွန်ဆိုင်ရာ ဗဟုသုတများ ထည့်သွင်းသင်ကြားနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရေရှည်တွင် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်က ကောက်ခံရရှိသည့် အခွန်ငွေများအပေါ် ရပ်တည်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ရသင့်ရထိုက်သည့် အခွန်အကောက်များ တိုးတက်ကောက်ခံရရှိရေး ဆောင်ရွက်ရာတွင် အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဝင်ငွေများအပြည့်အဝရရှိရေး၊ သင့်တင့်မျှတပြီး ပြည်သူများကလည်း လိုက်နာထမ်းဆောင်နိုင်သော အခွန်နှုန်းများ ဖြစ်စေရေး၊ ပြည်သူများ အခွန်ဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားပြီး လိုလားစွာ ထမ်းဆောင်လာစေရေး၊ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသည့် အခွန်စနစ်ဖြစ်ပေါ်လာရေးတို့ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အခွန်ဝန်ထမ်းများ၏ စိတ်ထားခံယူချက်၊ လုပ်ဆောင်ချက်များကိုလည်း ပြုပြင်ပြောင်းလဲပေးရမည်ဖြစ်ပါကြောင်း၊ ဆုပေးဒဏ်ပေးစနစ်ကို ထိရောက်စွာကျင့်သုံး၍ အခွန်ပညာပေးမှုများ ပိုမိုလုပ်ဆောင်ရေးနှင့် နိုင်ငံတကာအဆင့်မီ အခွန်စနစ် ဖြစ်ပေါ်လာစေရေးတို့အတွက် ပြည်ပမှ ကျွမ်းကျင်သူများ၏ အကူအညီကိုပါ ရယူ၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

အခွန်အကောက်ရငွေဖြင့် ရပ်တည်နိုင်မည့် အစိုးရဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးနှင့် အခွန်အကောက်ရငွေများ နည်းလမ်းတကျတိုးတက်ရရှိရေးတို့အတွက် အစိုးရ၊ လွှတ်တော်၊ ပြည်သူအားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆန္ဒပြုပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၂၈/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင်ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



# ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၆**

၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ ကျင်းပရေး ဦးစီးကော်မတီနှင့်လုပ်ငန်းကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၉) ကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဦးစီးကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များ ဆုံးဖြတ်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ လုံခြုံရေး လုပ်ငန်းအစီအမံများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်များကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌက လုံခြုံရေးစီမံချက်ကို အခြေအနေ အချိန်အခါအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီများအလိုက် ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက နိဂုံးချုပ်ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

»» ရန်ကုန်မြို့တွင်းမှ

အဲဒီနောက်ပိုင်း လုပ်ငန်းလိုအပ်ချက်အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၃ ခုနှစ်မှာ မထသ(ဗဟို)ကို ထပ်မံလွှဲပြောင်းပေးခဲ့ပါတယ်။ မထသ(ဗဟို)ကနေ YRTA ကို ပြောင်းလိုက်တဲ့အခါ ကျွန်တော်တို့က ဒီလုပ်ငန်းကို ဆက်လက်တာဝန်ယူဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

"စီးတီးတက္ကစီမှတ်ပုံတင်တော့ ဘာအကျိုးကျေးဇူးတွေရနိုင်လဲ မေးစရာရှိပါတယ်။ စီးတီးတက္ကစီမှတ်ပုံတင်တယ်ဆိုတာက ယာဉ်၊ ယာဉ်မောင်း၊ ပိုင်ရှင်အစရှိတဲ့ အချက်အလက်တွေကို ရယူထားတာဖြစ်လို့ အဲဒီယာဉ်တွေနဲ့ ပတ်သက်ပြီး ဖြစ်ပေါ်တဲ့ရာဇဝတ်မှုတွေ၊ ပစ္စည်းပျောက်ရှုမှုတွေ၊ အခြားသော အမှုအခင်းကိစ္စတွေမှာ သက်ဆိုင်ရာ ယာဉ်၊ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်နဲ့ လိုက်ပါစီးနင်းတဲ့ ခရီးသည်အပြင် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စတွေ ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေကို အများကြီးကူညီနိုင်ခဲ့ပါတယ်။ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၀ ရက်အထိ စီးတီးတက္ကစီတွေနဲ့ ပတ်သက်လို့ အဖြစ်အပျက်ပေါင်း ၂၉၀၀ ဖြစ်ပွားခဲ့တဲ့နေရာမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ၂၈၉၅ ခု ဖြစ်ပွားခဲ့ပြီး အဲဒီကိစ္စတွေမှာ ကူညီနိုင်ခဲ့ပါတယ်" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

YRTA အနေဖြင့် မှတ်ပုံတင်ရန်ပျက်ကွက်သည့် ယာဉ်မောင်း၊ ပိုင်ရှင်နှင့် မှတ်ပုံတင်သက်တမ်းပြတ်ယာဉ်များအား စီမံချက်တစ်ရပ်အနေဖြင့် ယခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ သတင်းပို့ရန်နှင့် ဆောင်ရွက်ပေးမည့်အကြောင်းကို အသိပေးထုတ်ပြန်ခဲ့ပြီး စီမံချက်စတင်ခဲ့သည့် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၂ ရက်မှ ဩဂုတ် ၆ ရက်အထိ ယာဉ်အသစ်အဖြစ် မှတ်ပုံတင်သည့်ယာဉ် ၅၀၁ စီး၊ သက်တမ်းပြတ် သက်တမ်းတိုးမှုအဖြစ် ၁၁၁၁ စီး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဇူလိုင်လကုန်အထိ စီးတီးတက္ကစီမှတ်ပုံတင် ယာဉ်စုစုပေါင်း ၆၇၀၈၅ စီး ရှိပြီဖြစ်ကြောင်း YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်၏ ပြောကြားချက်အရ သိရသည်။ **ကိုထက်**

## စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

❐ စာမျက်နှာ ၃ မှ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဝင် ဒေါ်နီနီဒွန်းက ယင်းအစီရင်ခံစာ(၁၂/၂၀၁၉)ကို လွှတ်တော်ကသဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၁၂/၂၀၁၉)ကို လွှတ်တော်က သဘောတူအတည်ပြုကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ပထမ (၆)လပတ် အခွန်ရငွေစာရင်းများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ဩဂုတ် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်၊ အေးအေးသန့်**




ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ် ၂၂ ရက်မှ ၂၃ ရက်အထိကျင်းပသည့် တတိယအကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအစည်းအဝေးသို့ တက်ရောက်စဉ်။ သတင်းစဉ်(**သတင်းဖော်ပြပြီး**)

# ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းနှင့် သန့်စင်မေတ္တာအဖွဲ့ လှူဒါန်းသည့် ရေအိမ်နှင့် စကြံလျှောက်လမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဩဂုတ် ၂၆**

ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းနှင့် သန့်စင်မေတ္တာအဖွဲ့က လှူဒါန်းသည့် ရေအိမ်နှင့် စကြံလျှောက်လမ်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မာဆွေ၊ ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆန်းမော်တို့က ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် သန့်စင်မေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးနေအုပ်တို့က ရေအိမ်နှင့် စကြံလျှောက်လမ်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ **(ယာပုံ)**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန်အတွက် ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်မှုဖြစ်သည့် အခြေခံပညာအထက်တန်း Grade-10 နှင့် Grade-11 တက်ရောက်သည့် ကျောင်းသားဦးရေ ၂၀၀ ပြည့်ရမည်ဖြစ်ပါကြောင်း၊ အနီးဆုံး အခြေခံပညာအထက်တန်းကျောင်းနှင့် ၁၀ မိုင်ကွာဝေးရမည်ဖြစ်ပါကြောင်း၊ ယခုအဆင့် တိုးမြှင့်သည့် ကျောင်းသည် ကျောင်းသား ကျောင်းသူ ၂၆၈ ဦးရှိပြီး သတ်မှတ်ချက်နှင့် ကိုက်ညီသည့်အတွက် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျောင်းကုန်းဆိပ်ကြီးတွင် နေထိုင်သူအိမ်ခြေ ၁၀၁၄ အိမ် ကျောင်းသား ကျောင်းသူ ၁၃၂၈ ဦးရှိ၍ ရပ်ရွာအနေဖြင့် ပညာရေးကို အားပေးပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်စေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သည်ကို တွေ့ရှိရသည့်အတွက် အားရဝမ်းသာဖြစ်မိပါကြောင်း၊ အလှူရှင်များအနေဖြင့် ကျောင်းသား ကျောင်းသူ ကလေးငယ်များ ကျန်းမာစွာပညာသင်ယူခွင့်ရရှိစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကျောင်း၏ အနေအထားအရ လိုအပ်နေသည့် သန့်စင်ခန်းများနှင့် စကြံလျှောက်လမ်းကို လှူဒါန်းဆောက်လုပ်ပေးသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် သန့်စင်မေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးနေအုပ်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းကုန်းဆိပ်ကြီး အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆန်းမော်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် တာဝန်ရှိသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆန်းမော်က ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ထို့နောက် အေးမေတ္တာရပ်ကွက်အုပ်ချုပ်ရေးမှူးက သန့်စင်မေတ္တာအဖွဲ့ဥက္ကဋ္ဌ အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး သန့်စင်မေတ္တာအဖွဲ့မှ ဒေါက်တာရွှေလွှမ်းက အလှူရှင်များကို ကျေးဇူးတင်လွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေဘေးဒဏ်ခံရသည့် ဒေသများအတွက် ထောက်ပံ့မှုများဆောင်ရွက်ရာတွင် အသုံးပြုရန် အလှူငွေများ လှူဒါန်း





**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့်ဒေသများအတွက် ထောက်ပံ့မှုများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည်။

ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းက လှူဒါန်းငွေကျပ် သိန်း ၅၀၀၊ SNK (Asia Pacific) PTE., LTD. Myanmar Branch က လှူဒါန်းငွေကျပ် ၇၆ သိန်းနှင့် မြန်မာနွယ်ဖွား တရုတ်လူမှုကူညီရေးပရဟိတအသင်းက လှူဒါန်းငွေကျပ် သိန်း ၄၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။**(အပေါ်ပုံ)**

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးသို့လည်း အလှူငွေများနှင့် ပစ္စည်းများ လာရောက်လှူဒါန်းလျက်ရှိရာ ShweThazin Family and Myanmar Kindness Foundation က ငွေကျပ် ၂၁ သိန်းတန်ဖိုးရှိ စားနပ်ရိက္ခာနှင့် လူအသုံးအဆောင်ပစ္စည်းများ၊ Myanmar Finance Center (MFC) က ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ The Five တေးသံရှင်ညီမများက ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ စောင်အထည် ၁၀၀ နှင့် ငွေကျပ် သုံးသိန်း၊ ကွယ်လွန်သူ ဒေါက်တာကောင်းမြတ် (အရိုးအထူးကုဆရာဝန်ကြီး)အား ရည်စူး၍ ဒေါက်တာတင်မိမိ (သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးနှင့် မိသားစု)က ငွေကျပ် ငါးသိန်း၊ Strategy First University မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများက ငွေကျပ် သိန်း ၅၀၊ Asia Hlaing Kyaw Family က ငွေကျပ် သိန်း ၂၀၊ ဦးစံသာဟန်+ဒေါ်အေးအေးမြင့် မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးကျော်လင်းဇော်+ ဒေါ်အေးမြတ်စံ မိသားစုက ငွေကျပ် ခုနစ်သောင်း၊ ဦးစိုးမိုးကျော်မိသားစုက ငွေကျပ်တစ်သောင်းတို့အား လာရောက်ပေးအပ်လှူဒါန်းကြရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွှမ်း **(အပေါ်ပုံ)** နှင့် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံးမှ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်ကျွန်း တွဲလက်များပရဟိတလူငယ်များက ကျိုက်မရောမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းနှင့် အလှူငွေများ လှူဒါန်း

**ကျိုက်မရော ဩဂုတ် ၂၆**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ငါးပြေမကျေးရွာနှင့် ဦးလေးကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းတို့အား မော်လမြိုင်ကျွန်း တွဲလက်များပရဟိတလူငယ်များအဖွဲ့က ထောက်ပံ့ရေးပစ္စည်းမျိုးစုံနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၆ ရက် မွန်းလွဲ ၂ နာရီက ငါးပြေမကျေးရွာနှင့် ဦးလေးကျေးရွာတို့၌ ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲတွင် ငါးပြေမနှင့် ဦးလေးကျေးရွာ အိမ်ထောင်စု ၁၂၀၀ ခန့်ရှိ ရေဘေးသင့်ပြည်သူများအား ငွေကျပ် ၃၁ သိန်းတန်ဖိုးရှိ ဆန်၊ ခေါက်ဆွဲခြောက်၊ ဆီ၊ နို့ဆီ၊ ရေသန့်ဘူးနှင့် စားသုံးကုန်ပစ္စည်းမျိုးစုံတို့အား ရေဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် မော်လမြိုင်ကျွန်း တွဲလက်များပရဟိတလူငယ်များအဖွဲ့က ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းတွဲလက်များ ပရဟိတလူငယ်များအဖွဲ့သည် ငါးပြေမကျေးရွာ အထကကျောင်း (ခွဲ)အား အလှူငွေကျပ် လေးသိန်း၊ ဦးလေးကျေးရွာ အလကကျောင်းအား အလှူငွေကျပ် လေးသိန်းနှင့် ဦးလေးကျေးရွာ ဘုန်းတော်ကြီးကျောင်းအား ငွေကျပ် တစ်သိန်း စုစုပေါင်း ငွေကျပ်ကိုးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့တွဲလက်များပရဟိတလူငယ်များအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများထံမှ အလှူခံရရှိခဲ့သော ထောက်ပံ့ပစ္စည်းနှင့် ငွေကျပ်သိန်း ၄၀ ကို ကျိုက်မရောမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းခဲ့ကြသည်။

**မော်ကျွန်း-မြင့်အောင်**

# မြန်မာ - ကိုရီးယား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာ

သတင်းလုလင်

အရှေ့အာရှဒေသရှိ ကိုရီးယားကျွန်းဆွယ်၏ တောင်ဘက်ခြမ်း ၁၄ ရာခိုင်နှုန်းကို ပိုင်စိုးထားသော ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား)သည် အာရှဒေသ၏ စီးပွားရေးအင်အားကြီးနိုင်ငံများစာရင်းတွင် စတုတ္ထနေရာ၌ ရပ်တည်လျက်ရှိပြီး ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် ၁၁ ခုမြောက်နေရာကို ရယူထားသည်။

မြန်မာနှင့် တောင်ကိုရီးယားနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးမှာ ၁၉၇၅ ခုနှစ်တွင် စတင်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံနှင့် မိတ်ဆွေကောင်းနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေခြင်းမှာ အားရဖွယ်ရာ အနေအထားအဖြစ် ရှုမြင်ကြရသည်။

မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထူးထူးခြားခြားတိုးတက်မှုကို တွေ့မြင်ကြရပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယင်းနိုင်ငံက ဘဏ္ဍာရေးအထောက်အပံ့များဖြင့် အကူအညီပေးလျက်ရှိကာ မြန်မာကျောင်းသားကျောင်းသူများအတွက် ပညာသင်ဆုများကိုလည်း ပေးအပ်လျက်ရှိပေသည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရုံစိုက်လာသည်ကို စာရေးသူ သတိမူမိသည်။

### ရင်းနှီးမြှုပ်နှံမှုဖိုရမ်

ပြီးခဲ့သည့် မေလအတွင်း ကိုရီးယားစက်မှုဘဏ်နှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများကော်မရှင်တို့၏ စီစဉ်မှုဖြင့် မြန်မာရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်တွင် ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ကိုရီးယားအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ် ၂၈၀ ကျော်အထိ တွေ့ဆုံခဲ့ကြပြီး အားပါးတရဆွေးနွေးခဲ့ကြသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း စာရေးသူလက်လှမ်းမီသော စီးပွားရေးလုပ်ငန်းဆိုင်ရာ စာရင်းအင်းကိန်းဂဏန်းများအရ သိရှိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအရေအတွက်၏ ၉၉ ရာခိုင်နှုန်းမှာ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်ကြပြီး အလုပ်သမားအင်အား စုစုပေါင်း၏ ၈၈ ရာခိုင်နှုန်းမှာ SMEs ကို ကိုယ်စားပြုသည်။ ၎င်းအပြင် ပြည်ပပို့ကုန်၏ ၃၈ ရာခိုင်နှုန်းမှာ SMEs လုပ်ငန်းများနှင့် သက်ဆိုင်သည်။

### ဝန်ကြီးဌာနသစ်

တောင်ကိုရီးယားနိုင်ငံတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် အစပျိုးထူထောင်သော စီးပွားရေးလုပ်ငန်းများ ဝန်ကြီးဌာန (Ministry of SMEs and Startups) ကိုပင် ထူထောင်ထားရှိသည်။ သမ္မတ မွန်ဂျေအင်းအစိုးရသည် ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အုပ်ချုပ်ရေးအဖွဲ့ကို အခြေခံ၍ အဆိုပါဝန်ကြီးဌာနသစ်ကို ထူထောင်ခဲ့ခြင်းဖြစ်သည်။

သမ္မတမွန်၏ အစိုးရအဖွဲ့က နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားတစ်ရပ်အဖြစ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နေကြောင်း လေ့လာတွေ့ရှိရပေသည်။

စတုတ္ထမြောက် စက်မှုတော်လှန်ရေးခေတ်သစ်သို့ ဝင်ရောက်လာချိန်၊ စီးပွားရေးလုပ်ငန်းအားလုံးတို့မှာ နည်းစနစ်သစ်များနှင့် နည်းပညာသစ်များဘက်သို့ ဦးတည်လာချိန်တွင် တောင်ကိုရီးယားအစိုးရက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အခြေခံကာ နိုင်ငံတကာဈေးကွက်အတွင်း ပိုမိုယှဉ်ပြိုင်နိုင်ရေး၊ ထိုးဖောက်ဝင်ရောက်နိုင်ရေးတို့အတွက် ကြိုးပမ်းလျက်ရှိကြောင်း စာရေးသူ သတိမူမိပါသည်။

တောင်ကိုရီးယားနိုင်ငံသည် အစပျိုးထူထောင်သော စီးပွားရေးလုပ်ငန်းများ အရေအတွက်အရ ကမ္ဘာ့အဆင့် နံပါတ် ၅ နေရာတွင် ရပ်တည်လာနိုင်ပြီဖြစ်သည်။ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများကို ကိုရီးယားနိုင်ငံက အထူးအလေးပေးလာသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးရာတွင် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း မြှင့်တင်နိုင်ရပေမည်။ အနာဂတ်ကာလ စီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုရေခံမြေခံအဖြစ် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နည်းပညာအရ မိမိခြေထောက်ပေါ်မိမိ ရပ်တည်နိုင်သော စွမ်းပကားများ မြင့်မားလာရန် လိုအပ်ပေသည်။

### ရင်းနှီးမြှုပ်နှံ

စီးပွားရေးမိတ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အအုံလုပ်ငန်းများ တိုးချဲ့ရာတွင် ကိုရီးယားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်လျက်ရှိသည်။ ၂၀၁၉ ခုနှစ် ဧပြီလကုန် အခြေပြစာရင်းအရ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်း ၁၇၀ က မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံနေပြီး အဓိကအားဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံထားသည်ဟု စာရေးသူ လေ့လာမှတ်သားရသည်။

တောင်ကိုရီးယားကုမ္ပဏီများသည် ယခင်က တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့ဘက်သို့ ဦးလှည့်ခဲ့ကြသည်။ သို့ရာတွင် ယခုအခါ ဖော်ပြပါလုပ်ငန်းများ၌ စီးပွားရေးလုပ်ငန်းများတိုးချဲ့နိုင်မှု အခွင့်အလမ်းများ နည်းပါးသွားပြီဖြစ်ရာ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့ကဲ့သို့ အရှေ့တောင်အာရှဒေသနိုင်ငံများဘက်သို့ ဦးလှည့်လာသည်ကို တွေ့မြင်ရလေသည်။

အင်ဒိုချိုင်းနားဒေသရှိ နိုင်ငံများတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်လျက် တောင်ကိုရီးယားအစိုးရက အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒသစ်တစ်ရပ်ကို ချမှတ်ထားသည်။ 'New Southern Policy' နှင့်အညီ တောင်ကိုရီးယားနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်ကြမည့် အလားအလာကောင်းများ အထူးကောင်းမွန်နေပေသည်။

မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် တောင်ကိုရီးယားနိုင်ငံ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပါဝင်လုပ်ကိုင်လာမည့် အခြေအနေကောင်းများ ရှိနေပြီဖြစ်သည်။

တောင်ကိုရီးယားနှင့်မြန်မာအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနောက်ဆုံးခြေလှမ်းတစ်ရပ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်သင်တန်းကျောင်း မြေဧရိယာ ၅၅၅ ဒသမ ၈၁ ဧကပေါ်တွင် KMIC Industrial Complex စီမံကိန်းဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Korea Land and Housing Corporation တို့အကြား ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဩဂုတ်လ ၇ ရက်နေ့က နေပြည်တော်၌ ပြုလုပ်ခဲ့ကြောင်း စာရေးသူ မှတ်သားမိပါသည်။

နိုင်ငံတကာအဆင့်မီ KMIC စက်မှုဇုန်ထူထောင်ရာတွင် အလုပ်အကိုင် အခွင့်အလမ်း ငါးသောင်းမှ တစ်သိန်းအထိ ဖန်တီးပေးနိုင်မည်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ၊ နိုင်ငံခြားပို့ကုန်ကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍတို့ကို မြှင့်တင်ပေးနိုင်ပြီး လူမှု-စီးပွားဖွံ့ဖြိုးရေးအတွက် ကြီးမားသောအထောက်အပံ့များဖြစ်စေနိုင်မည်ဖြစ်ပေသည်။

### ဒလချစ်ကြည်ရေးတံတား

ကိုရီးယားသမ္မတနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒလချစ်ကြည်ရေးတံတားတည်ဆောက်ရေး၊ KMIC စက်မှုဇုန်ထူထောင်ရေးအတွက်သာမက အခြားသောနယ်ပယ်ကဏ္ဍစုံတွင် အားတက်သရော ကူညီပံ့ပိုးပေးလျက်ရှိပေသည်။

အခြေခံပြည်သူတို့၏ လူနေမှုအဆင့်အတန်းကို မြင့်မားတိုးတက်စေလျက် ဝင်ငွေ အလယ်အလတ်တန်း အခြေအနေတစ်ရပ်သို့ရောက်ရှိရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြိုးပမ်းနေချိန်တွင် တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အကူအညီပေးမှုများကို မိမိတို့ လှိုက်လှဲစွာကြိုဆိုထိုက်ပေသည်။

ရန်ကုန်မြို့သည် အမိမြေ၏ တစ်ရာခိုင်နှုန်းမျှပင်မရှိသော အကျယ်အဝန်းပေါ်တွင် တည်ရှိသော်လည်း နိုင်ငံ့လူဦးရေ၏ ဆယ်ပုံတစ်ပုံခန့်၊ မြို့ပြလူဦးရေ၏ သုံးပုံတစ်ပုံခန့် နေထိုင်ရာ မြို့ကြီးဖြစ်ကာ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ လေးပုံတစ်ပုံခန့်အထိ ဖြည့်ဆည်းပေးနေရာ စီးပွားရေးမြို့တော် ရန်ကုန်ကို မြန်မာ့စီးပွားရေး၏ မောင်းနှင်အားအဖြစ် သတ်မှတ်ကာ ဆောင်ရွက်ကြိုးပမ်းနေချိန်လည်း ဖြစ်သည်။

ညောင်နှစ်ပင် မြေနေရာပေါ်တွင် ပေါ်ထွန်းလာမည့် စက်မှုဇုန်က မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအခြေခံစခန်းအဖြစ်လည်းကောင်း၊ ပြည်ပပို့ကုန် အခြေစိုက်ရာနေရာအဖြစ်လည်းကောင်း၊ ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးရာနေရာအဖြစ်လည်းကောင်း၊ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပေးသည့်နေရာအဖြစ်လည်းကောင်း အနာဂတ်ကာလတွင် ရပ်တည်လာပေလိမ့်မည်။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် KMIC က ပါဝင်ကူညီပေလိမ့်မည်။

### သံတမန်ရေးဆက်ဆံမှု

၁၉၇၅ ခုနှစ်တွင် နှစ်နိုင်ငံ သံတမန်ရေးဆက်ဆံမှု ထူထောင်ခဲ့ချိန်မှစ၍ တောင်ကိုရီးယားနိုင်ငံနှင့် မိမိတို့နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးမျက်နှာစာများအားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်လာနိုင်ကြသည်။

မိမိတို့နှစ်နိုင်ငံသည် နယ်ပယ်ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအကြား အပြန်အလှန် အလည်အပတ်ခရီးစဉ်များရှိခဲ့ပြီး မိတ်ဆွေများအဖြစ် နွေးထွေးစွာ ရပ်တည်လာနိုင်ကြပေသည်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၈ ခုနှစ်ကုန်တွင် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့ပြီး နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် အထက်တန်းတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပေသည်။

၂၀၁၈ ခုနှစ် ဧပြီလအတွင်း တောင်ကိုရီးယား ကုန်သွယ်ရေးဝန်ကြီး Mr. HyunChong Kim သည် သမ္မတ မွန်ဂျေအင်းလက်ထက် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်သည့် ကုန်သွယ်ရေးဝန်ကြီးတစ်ဦးဖြစ်ခဲ့သည်။ သူ၏ခရီးစဉ်အတွင်း နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံရှိ စက်မှုဇုန်များတွင် နည်းပညာနှင့် ကျွမ်းကျင်မှု မျှဝေပေးရေး စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများသို့ ဝင်ရောက်နိုင်သော ဂိတ်တံခါးပေါက်သဖွယ် ရပ်တည်နေပြီး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကဲ့သို့သော အင်အားကြီးနိုင်ငံများနှင့် အိမ်နီးချင်းအဖြစ် တည်ရှိနေပေရာ မြန်မာနိုင်ငံ၏ မဟာဗျူဟာကျသော အနေအထားက ကိုရီးယားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်နိုင်ပေလိမ့်မည်။

သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုတို့အရ မြန်မာနှင့် ကိုရီးယားတို့မှာ နီးစပ်တူညီနေကြပြီး ယဉ်ကျေးမှုစံတန်ဖိုးများအရလည်း ဆက်နွှယ်မှုရှိနေသည်။

### သံယောဇဉ်နှောင်ကြိုး

၁၉၇၅ ခုနှစ် မေလတွင် သံတမန်ဆက်ဆံရေးအရ မိတ်ဖက်နိုင်ငံများအဖြစ်သို့ စတင်တည်ဆောက်ခဲ့ကြရာ ကိုရီးယားဘာသာစကားအရ "Jeong"၊ မြန်မာဘာသာစကားအရ "သံယောဇဉ်နှောင်ကြိုး" အခိုင်အမာတည်းထားသော နိုင်ငံများအဖြစ်သို့ ရောက်ရှိလာပေသည်။ တောင်ကိုရီးယားနိုင်ငံ၏ မူဝါဒသစ်ဖြစ်သော New Southern Policy အရ တောင်ကိုရီးယားနိုင်ငံသည် ယင်းနိုင်ငံ၏ တောင်ဘက်ပိုင်းဒေသရှိ အာဆီယံနိုင်ငံများနှင့်တကွ အိန္ဒိယနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် အရေးပါဆုံး မိတ်ဖက်နိုင်ငံများအဖြစ်သို့ ရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း စာရေးသူ သတိမူမိပါသည်။

အဆိုပါမူဝါဒကို 3p Community ဟူ၍လည်း ခေါ်တွင်ပြီး People, Prosperity and Peace တို့ကို ရည်ညွှန်းပေသည်။

တောင်ကိုရီးယားသမ္မတမွန်သည် ယခုနှစ်မတ်လအတွင်း အရှေ့တောင်အာရှ သုံးနိုင်ငံသို့ ခရီးဆန့်ခဲ့သည်။ သမ္မတမွန်သည် New Southern Policy မူဝါဒသစ်နှင့်အညီ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်နေခြင်း ဖြစ်သည်။ **စာမျက်နှာ ၇ သို့** ❑

■ **၁၉၇၅ ခုနှစ် မေလတွင် သံတမန်ဆက်ဆံရေးအရ မိတ်ဖက်နိုင်ငံများအဖြစ်သို့ စတင်တည်ဆောက်ခဲ့ကြရာ ကိုရီးယားဘာသာစကားအရ "Jeong"၊ မြန်မာဘာသာစကားအရ "သံယောဇဉ်နှောင်ကြိုး" အခိုင်အမာတည်းထားသော နိုင်ငံများအဖြစ်သို့ ရောက်ရှိလာ**

■ **တောင်ကိုရီးယားနိုင်ငံ၏ မူဝါဒသစ်ဖြစ်သော New Southern Policy အရ တောင်ကိုရီးယားနိုင်ငံသည် ယင်းနိုင်ငံ၏ တောင်ဘက်ပိုင်းဒေသရှိ အာဆီယံနိုင်ငံများနှင့်တကွ အိန္ဒိယနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများနှင့် အရေးပါဆုံး မိတ်ဖက်နိုင်ငံများအဖြစ်သို့ ရောက်ရှိလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ချင်းခရစ်ယာန် သဟာယအဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် သြဂုတ် ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ချင်းခရစ်ယာန် သဟာယအဖွဲ့မှ ဥက္ကဋ္ဌ ဒေါက်တာဦးစောထွန်းအောင်မြင့် ဦးဆောင်သော အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ချင်းခရစ်ယာန် သဟာယအဖွဲ့က ရုပ်သံလိုင်းထုတ်လွှင့်ခြင်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းပြီး ပြည်ထောင်စုဝန်ကြီးက ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ နည်းဥပဒေထွက်ရှိကာ ရုပ်မြင်သံကြားနှင့် အသံလွှင့်ကောင်စီ ပေါ်ပေါက်လာသည့်အချိန် ရောက်မှသာ ကောင်စီက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းနှင့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အင်ဂျင်နီယာများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် သြဂုတ် ၂၆

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အင်ဂျင်နီယာများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄၇)၌ ကျင်းပသည်။**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနရှိ အခြေခံအဆောက်အအုံများနှင့် စက်ပစ္စည်းကိရိယာများ တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အောင်မြင်မှုများအတွက် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်နေသော အင်ဂျင်နီယာများ၏ လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေချောမွေ့စေရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့သည် အရေးကြီးပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲကို လုပ်ငန်းဆောင်ရွက်ရာ၌ တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကိုဖော်ထုတ်၍ ဝိုင်းဝန်းအဖြေရှာခြင်းနှင့် အားဖြည့်ဆောင်ရွက်ခြင်းတို့ ပြုလုပ်နိုင်ရေးအတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း။

**ဆက်လက်ပြုလုပ်စေလွှတ်သွားမည်**

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးဌာနရှိ ဦးစီးဌာန ခုနစ်ခုမှ အင်ဂျင်နီယာ ဝန်ထမ်းလိုအပ်ချက်များကိုလည်း ဆွေးနွေးစေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တိကျသောလုပ်ငန်းတာဝန်သတ်မှတ်ခြင်း၊ လုပ်ငန်းတာဝန်အလိုက် ခွဲဝေဆောင်ရွက်ခြင်း၊ ဦးစီးဌာနများအကြား၊ တစ်ဦးနှင့်တစ်ဦးအကြား ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနရှိ အင်ဂျင်နီယာများ၏ လုပ်ငန်းဆောင်ရွက်အောင်မြင်မှုများကို နှစ်ပတ်လည်အစီရင်ခံစာအဖြစ် ပုံမှန်ပြုစုထုတ်ဝေစေလိုပါကြောင်း၊ ဝန်ကြီးဌာနသည် ဂျပန်နိုင်ငံ Okayama တက္ကသိုလ်၏ အကူအညီဖြင့် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာဒီပလိုမာသင်တန်းကို ပထမအကြိမ် ဖွင့်လှစ်ပြီးစီးခဲ့ပြီး သင်တန်းသား သင်တန်းသူများထဲမှ ထူးချွန်စွာအောင်မြင်ကြသူ နှစ်ဦးကို ဂျပန်နိုင်ငံတွင် ဆေးဘက်ဆိုင်ရာ အင်ဂျင်နီယာ မဟာသိပ္ပံဘွဲ့တက်ရောက်နိုင်ရန် စေလွှတ်နိုင်ခဲ့ပါကြောင်း၊ အလားတူ သင်တန်းများ၊ ပြည်တွင်းနှင့် ပြည်ပ စွမ်းဆောင်ရည်မြှင့်သင်တန်းများကိုလည်း ဆက်လက်ပြုလုပ်စေလွှတ်သွားမည်ဖြစ်ပါကြောင်း။

**ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်သွားရမည်**

ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုအကျိုးရှိထိရောက်စေရန်အတွက် စည်းမျဉ်း စည်းကမ်းများ၊ လုပ်ငန်းအဆင့်များကို ပြောင်းလဲလာသော အခြေအနေအရပ်ရပ်နှင့် ခေတ်ကာလတို့နှင့်အညီ ကိုက်ညီဆီလျော်မှုရှိစေရေး မွမ်းမံပြင်ဆင်သွားရမည်ဖြစ်ပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးအကြံပြုချက်များနှင့်အညီ လမ်းပြမြေပုံနှင့် မူဘောင်များချမှတ်ကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ မြို့ပြဘာသာရပ်၊ ရေသန့်ဘာသာရပ်၊ လျှပ်စစ်ဘာသာရပ်နှင့် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံရေးတို့နှင့်ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များက ဟောပြောခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးမှ တင်ပြဆွေးနွေးခြင်း၊ အစုအဖွဲ့များခွဲ၍ ဆွေးနွေးခြင်းနှင့် အကြောင်းအရာခေါင်းစဉ် တစ်ခုချင်းစီအလိုက် အပြန်အလှန်ဆွေးနွေး အကြံပြုခြင်းတို့ကို သြဂုတ် ၂၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑စာမျက်နှာ ၆ မှ

၂၀၁၉ ခုနှစ်သည် တောင်ကိုရီးယားနှင့် အာဆီယံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကို အထင်အရှားဆုံးပြသနိုင်မည့် နှစ်တစ်နှစ်ဟု ယူဆရသည်။ အကြောင်းမှာ တောင်ကိုရီးယားနှင့် အာဆီယံတို့အကြား ဆွေးနွေးဖက်နိုင်ငံများအဖြစ် ရပ်တည်မှုနှစ် (၃၀) ပြည့် နှစ်ပတ်လည်အခါသမယနှင့် တိုက်ဆိုင်နေခြင်းကြောင့်ဖြစ်သည်။

အာဆီယံနိုင်ငံများနှင့်သာမက မဲခေါင်ဒေသနိုင်ငံများနှင့်ပါ ဆက်ဆံရေးမြှင့်တင်နိုင်ရန် သမ္မတမွန်၏ အစိုးရက အစွမ်းကုန်ကြိုးပမ်းလျက်ရှိချိန်တွင် မြန်မာနှင့် ကိုရီးယားသမ္မတနိုင်ငံ ပြည်သူနှစ်ရပ်အကြား ကူးလူးဆက်ဆံမှုများ မြင့်မားတိုးတက်လာသည်ကိုလည်း တွေ့မြင်ကြရသည်။

တောင်ကိုရီးယားနှင့် မြန်မာပြည်သူတို့အကြား ယဉ်ကျေးမှုအရ နွေးနွေးထွေးထွေး ဆက်ဆံမှုပြယုဂ်တစ်ခုအဖြစ် တောင်ကိုရီးယားနိုင်ငံမှ K-Pop အနုပညာအကျော်အမော်များ မြန်မာနိုင်ငံသို့လာရောက်ကြသည့်အခါ မျိုးဆက်သစ်ခေတ်လူငယ်တို့က နွေးထွေးပျူငှာစွာ ကြိုဆိုကြသည်ကိုလည်း တွေ့မြင်ရပေသည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ မျှော်လင့်ချက်တစ်ရပ်ဖြစ်နေပြီး ကိုရီးယားဘာသာစကား လေ့လာသင်ယူသူ မြန်မာလူငယ်များ တိုးပွားလာနေသည်။

နှစ်နိုင်ငံ နယ်ပယ်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု မြင့်မားတိုးတက်လာမှု၏ အသီးအပွင့်များကို နှစ်နိုင်ငံ ပြည်သူများအားလုံးက အေးချမ်းပျော်ရွှင်စွာ မျှဝေခံစားလာနိုင်မည်ဟု စာရေးသူ မျှော်လင့်မိပါသည်။ ။



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၂ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | တနင်္သာရီတိုင်းဒေသကြီး၊ဘုတ်ပြင်းမြို့နယ်၊ အေးချမ်းမြိုင်(၁) ကျေးရွာနေ နောင်ကိုင်း (ခ)ကျော်စိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၈-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ အေးချမ်းမြိုင် (၁) ကျေးရွာနေ နောင်ကိုင်း(ခ)ကျော်စိုး(၃၀)နှစ်၊ (ဘ) ဦးကျော်လှိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဘုတ်ပြင်း) မယ(ပ)၁၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇) အရှေ့ရပ်ကွက်၊ မေတ္တာရှင်လမ်းနေ သိန်းဇော်နှင့်ဇနီး မဇင်မာတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၉ ရက်နေ့တွင် သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ မေတ္တာရှင်လမ်းနေ သိန်းဇော်(၄၇)နှစ်၊ (ဘ)ဦးဘိုနီ နှင့်ဇနီး မဇင်မာ(ခ) ဇင်မာနွယ်(၃၄)နှစ်၊ (ဘ)ဦးသိန်းအောင်တို့၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းတို့နှင့်အတူ အောင်သပြေအနောက်(၁၃)လမ်းနေ ဝင်းသိန်းထွန်း(၃၀) နှစ်၊ (ဘ)ဦးကျော်မြင့် တို့(၃)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (သာကေတ)မယ(ပ)၃၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့်အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ခွေးဟောင်တုံးကျေးရွာနေ ကျော်လွင်နှင့် ဇော်နောင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၈-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ခွေးဟောင်တုံး ကျေးရွာနေ ကျော်လွင်(၄၆)နှစ်၊ (ဘ)ဦးစိုးသိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း) မယ(ပ)၇၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း၊ ဆက်လက်၍ ခွေးဟောင်တုံးကျေးရွာအနောက်ဘက် ရွှေလီမြစ်ကမ်းဘေး၌ ၎င်းကျေးရွာနေ ဇော်နောင်(၂၇)နှစ်၊ (ဘ) ဦးအေးဂျင်အားရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မဘိမ်း) မယ(ပ)၇၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၄-၈-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၇၃၀)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၉၅၇)ဦး၊ မ(၁၈၁)ဦး၊ ပေါင်း(၁၁၃၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၇၀၇.၂၇၄)ဂရမ်၊ ICE (၁၁၁၈.၇၂)ဂရမ်၊ ဘိန်း(၃၉၇၇၆.၉၅)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၈၀၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၃၈၁၇၇)ပြား၊ ဆေးခြောက် (၈၃၆၃.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ကံဦးရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၄)ပြား၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၂၄၀)ဂရမ်၊ မိုးညှင်းမြို့၊ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃.၅)ဂရမ်၊ ဘိန်း(၃၀၀)ဂရမ်၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ၎င်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း(၁၃၀၀)ဂရမ်၊ မော်ဟန်ကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းဖြူရည်(၀.၄)လီတာ၊ မိုးကောင်းမြို့နယ်၊ နမ္မတီးကျေးရွာအနီး မိုးကောင်း-မြစ်ကြီးနားသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံ အမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၀၀)ပြား၊ ဘိန်းဖြူ(၁၁၀)ဂရမ်၊ ဆိုင်ကယ်(၂)စီး၊ ဖားကန့်မြို့နယ်၊ ဗလခကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လွယ်ဂျယ်မြို့၊အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦး ထံမှ စိတ်ကြွဆေးပြား(၅၅၁၀)ပြား၊ ရွှေကူမြို့နယ်၊ စီမော်ကျေးရွာသင်္ချိုင်းအနီး လမ်းဘေး၌ ရပ်တန့်ထားသည့် ဆိုင်ကယ်(၃)စီးအား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၄)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၅)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၁၇၅၇၅၀)ပြား၊ ဆိုင်ကယ်(၃)စီး၊ ကယားပြည်နယ်၊ ဒီမော့ဆိုမြို့နယ်၊ ဒေါတဝီ စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ (၂၄၄.၉၄)ဂရမ်၊ နန်းမယ်ခုံမြို့၊ မြို့မကယန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၀)ပြား၊ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၄၂)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ တရားခံခေတ္တတည်းခိုသည့် တည်းခိုခန်းအတွင်းမှ စိတ်ကြွဆေးပြား (၈၀၈)ပြား၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဇေယျာသီရိရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ ဆေးခြောက် (၄၀၀)ဂရမ်၊ သံဖြူဇရပ်မြို့နယ်၊ သင်္ကော့ကျေးရွာလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၃၂.၆၆)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဂုံးနားကျေးရွာ၌ သတင်းအရစိစစ်ရာ လူမနေသည့်နေအိမ်အိပ်ခန်းမြေကြီးအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၉၇၅၀၀)ပြား၊ လသာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၆၇၅၀)ပြား၊ ချောင်းဝကျေးရွာအနီး ပုဇွန်ကန်တာရိုးပေါ်၌ အမျိုးသား(၃)ဦးအား မသင်္ကာတွေ့ရှိစိစစ်ရန်ခေါ်ယူစဉ် အထုပ်(၁)ထုပ်အားပစ်ချကာ ထွက်ပြေးသွားပြီး အထုပ်အတွင်းမှ စိတ်ကြွဆေးပြား(၇၈၀၀၀)ပြား၊ စစ်တွေမြို့၊ ဘောဒူဖကယ်ဆယ်ရေးစခန်း၊ အဆောင်(၁၅၆)အား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၁၂၅၀)ဂရမ်၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ရေပူကျေးရွာအနီး ရွှေညောင်-ရပ်စောက်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဟိုပုံးမြို့နယ်၊ လွိုင်လင်-တောင်ကြီးသွားကားလမ်း မိုင်တိုင်(၁၄၄/၃)၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၀၀၀၀)ပြား၊ အောင်ပန်းမြို့၊ မင်္ဂလာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၄၅)ပြား၊ ဘိန်းဆီခဲ(၄၀၀) ဂရမ်၊ ရွာငံမြို့နယ်၊ ကျောက်ကူပြင်ကျေးရွာအနီး ရွာငံ-ကျောက်ဆည်သွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၁၁၂၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သီပေါမြို့နယ်၊ ဆောင်ကြဲကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၁၀)ပြား၊ ခိုလမ်မြို့နယ်၊ နမ့်မောင်းကျေးရွာအနီးလမ်းပေါ်၌ သတင်းအရ Mark-II ယာဉ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ICE(၆၀၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ ရွှေဇာလီကျေးရွာလမ်းဆုံ၊ မိုးမိတ်-မဘိမ်းသွားကားလမ်း၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၉၆၀၀)ပြား၊ ဆိုင်ကယ်(၂)စီး၊ မိုင်းပွန်မြို့၊ ပွန်ချောင်းတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၀၁၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ လောက်ကိုင်မြို့နယ်၊ ပယ်ဖိန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၉၆၀)ပြား၊ ICE (၁၃၀၀)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅၀၁၅)ပြား၊ ဘိန်းဖြူ(၆၈၄)ဂရမ်၊ ICE(၂၀၀၀)ဂရမ်၊ စဉ့်ကိုင်ကျေးရွာအနီးလမ်းပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းကျေးရွာနေအိမ်၌ စိတ်ကြွဆေးပြား (၉၈၅၀)ပြား၊ ICE(၂၈၅)ဂရမ်၊ မိုင်းပျဉ်းမြို့နယ်၊ ဝမ်ယန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၁၆)ပြား၊ တာချီလိတ်မြို့၊ ရန်အောင်မြေရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၆၀)ပြား၊ ဘိန်း(၁၅၀)ဂရမ်၊ မိုင်းယောင်းမြို့၊ အမှတ်(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၈၆၀)ပြား၊ ဘိန်းဖြူ(၀.၄)ဂရမ်၊ မုန်းလိုက်ကျေးရွာ စစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၈၀၀) ဂရမ်၊ ICE(၁၀၀၀)ဂရမ်၊ ဆိုင်ကယ် (၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ သာရိုးကုန်းကျေးရွာအနီး မုံရွာ-ရေဦးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀၅)ပြား၊ ဗန်းမောက်မြို့နယ်၊ ပင်ဟင်းခါးကျေးရွာ၊ ဗန်းမောက်-မံစီကြီးသွားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀)ဂရမ်၊ ဘိန်း(၃၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တမူးမြို့နယ်၊ ရန်ငြိမ်းအောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၃၄၁)ဂရမ်၊ ဝိတ်တုတ်ကျေးရွာအထွက် တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၁)ဦး ထံမှ ဘိန်းဖြူ(၃၉၆)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ခမ်းပါတ်မြို့နယ်၊ နန်စပါတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသမီး(၂)ဦးထံမှ ဘိန်းဖြူ(၁၁၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့အဝင် ဖောင်းပြင်-ပင်လည်ဘူးသွား ကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား (၂)ဦးထံမှ စိတ်ကြွဆေးပြား(၄၁၆၀)ပြား၊ဆိုင်ကယ်(၁)စီး၊ ၎င်းကားလမ်း မိုင်တိုင်(၁၂/၆)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၆၄)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ရာပြည့်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၃၆၄)ပြား၊ ICE(၂.၉၅)ဂရမ်၊ ကန်ဖျားရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက်(၃၀၀)ဂရမ်၊ ပုလောမြို့၊ အမှတ်(၄) ရပ်ကွက်၊ နေကြာလမ်းပေါ်၌ ကော်ဘူးများအတွင်း ထည့်သွင်းစွန့်ပစ်ထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၅၂၈)ပြား၊ ICE(၂)ဂရမ်၊ ဘိန်းစာမှုန့်(၁၆.၃၃)ဂရမ်၊ တနင်္သာရီမြို့နယ်၊ တောင်တိန်း(၁) ကျေးရွာရေဆိပ်၌ ဆိုက်ကပ်ထားသည့် စက်လှေအား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့်(၉၆၅၀၀၀)ဂရမ်၊ စက်လှေ(၁)စင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းရည်(၀.၁)လီတာ၊ အဆင့်နိမ့်ဘိန်း(၆)ဂရမ်၊ ကျောက်ဆည်မြို့နယ်၊ တောင်တော်ကျေးရွာအနီး ဟန်မြင့်မိုရ်-ရွာငံသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၂၈၀၀)ဂရမ်၊ ဘိန်း(၃၉၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံ Mobile X-Ray ဂိတ်၌ ဆိုင်ကယ်(၁)စီးသည် စစ်ဆေးရေးဂိတ်အတွင်း မဝင်မီ အထုပ်(၁)ခု ပစ်ချ၍ နောက်ပြန်လှည့်မောင်းနှင် ထွက်ပြေးသဖြင့် စိစစ်ရာ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၉၈၀)ပြား၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်လမ်းပေါ်၌ စွန့်ပစ်ထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၅၉၆)ပြား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်လမ်းပေါ်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စစ်ဆေးဖော်ထုတ်ချက်အရ (၄၁)တိုးချဲ့ရပ်ကွက်ရှိ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၃၀၄)ပြား၊ ဆေးခြောက်(၀.၀၂)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဇလီကုန်းမြို့၊ အမှတ်(၂) ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၂)ပြားအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၁)ခု ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ပန်းသာကျေးရွာအထွက် တမူး-ကလေးသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်(၂)စီးအား ရပ်တန့်စစ်ဆေးရာ တရားမဝင်ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသားတရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ ဘိန်းဖြူ(၆၂.၅)ဂရမ်၊ ဆိုင်ကယ်(၂)စီးအားလည်းကောင်း၊ လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ် (၃)ခု ရှိခဲ့ပြီး ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ကသောင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄)ပြား၊ တစ်လုံးထိုးပွိုင့် ၄၅ လုပ်သေနတ်(၁)လက်၊ ၎င်းကျည်(၂)တောင့်၊ မွန်ပြည်နယ်၊ ပေါင်မြို့၊ မိုးနိုင်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၈၇)ပြား၊ လုပ်သေနတ်(၁)လက်၊ ခဲသီး(၆၅)လုံး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ နားပွဲကျေးရွာနှင့်နောင်ပိန်းကျေးရွာအနီးဝန်းကျင်တစ်ဝိုက်သို့ သတင်းအရ နယ်မြေစိုးမိုးရေးနှင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဘိန်းဖြူမှုန့်/ခဲ (၄၅၀၀)ဂရမ်၊ စိတ်ကြွဆေးပြား(၈၁၀၀၀)ပြား၊ စိတ်ကြွဆေးပြားများထည့်ထားပြီး Packing ပြုလုပ်ထားသည့် ဆာလာအိတ် (၂၇)အိတ် (ဆေးပြားအရေအတွက်စိစစ်ဆဲ)၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၈၁၄၀)ဂရမ်၊ ICE အရည်(၁၅၀) လီတာ၊ ဘိန်းမည်းအရည်(၂၀)ဂါလန်၊ မူးယစ်ဆေးဝါးချက်လုပ်သည့် ပစ္စည်းများနှင့်အတူ မူးယစ်ဆေးဝါး

စာမျက်နှာ ၉ သို့ »»

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၉ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၆၆၀ ဒသမ ၃၂၈ သန်း၊ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၃၆၆ ဒသမ ၄၇၄ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) |
| (က) | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၂၈၇.၀၉၃ * | - | ၆၄.၀၀၀ * |
| (ခ) | စက်မှုကဏ္ဍ | ၂၁ | ၂၇၉.၀၈၇ * | ၂၃ | ၁၅၁.၇၉၄ |
| (ဂ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၁ | ၄.၉၀၀ | ၁ | ၈၇.၅၀၀ |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | - | ၁ | ၃.၂၀၀ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၃ | ၆၆.၂၉၇ | - | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂ | ၂၂.၉၅၁ * | ၁ | ၅၅.၀၀၀ * |
| (ဆ) | လယ်ယာကဏ္ဍ | - | - | ၁ | ၄.၉၈၀ |
| စုစုပေါင်း | | ၂၇ | ၆၆၀.၃၂၈ | ၂၇ | ၃၆၆.၄၇၄ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့်ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဇွန်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၉၂၅၂၀ ဒသမ ၇၂၆ သန်းနှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးကျပ် ၁၂၈၇၃၅ ဒသမ ၆၁၄ သန်းခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ဇွန်လ | | ဇူလိုင်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) |
| (က) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | - | ၁ | ၁၀၀၆၉၃.၈၅၀ |
| (ခ) | စက်မှုကဏ္ဍ | ၆ | ၁၃၅၀၉.၇၀၂ * | ၄ | ၁၄၁၇၃.၁၉၈ |
| (ဂ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁ | ၁၆၉၂၄.၉၉၀ | - | - |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၅ | ၂၃၃၂၇.၄၅၄ | ၁ | ၆၀၁၀.၀၀၀ |
| (င) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၅၀၀.၀၀၀ * | ၂ | ၄၀၀၀.၀၀၀ |
| (စ) | လယ်ယာကဏ္ဍ | - | - | ၂ | ၅၀၀.၀၀၀ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၆ | ၁၈၂၅၈.၅၈၀ | ၃ | ၃၃၅၈.၃၆၆ |
| စုစုပေါင်း | | ၁၈ | ၉၂၅၂၀.၇၂၆ | ၁၃ | ၁၂၈၇၃၅.၆၁၄ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဇွန်လအတွင်း | ဇူလိုင်လအတွင်း |
| (က) | လယ်ယာကဏ္ဍ | - | ၁၆၀ |
| (ခ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | ၂၅၈ | - |
| (ဂ) | စက်မှုကဏ္ဍ | ၁၂၅၉၈* | ၁၅၈၄၉* |
| (ဃ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | ၉၇ |
| (င) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၄ | ၂၂၄ |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၂၅ | ၃၅၃ |
| စုစုပေါင်း | | ၁၃၀၈၅ | ၁၆၆၈၃ |

* လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်သည်။

၂၀၁၉ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဇွန်လအတွင်း | ဇူလိုင်လအတွင်း |
| (က) | စက်မှုကဏ္ဍ | ၁၉၉၂ | ၃၁၄ |
| (ခ) | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | ၃၆၆ | ၅၁ |
| (ဂ) | အိမ်ရာအဆောက်အဦတည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | - | ၅၉ |
| (ဃ) | မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ | - | ၂၉၄ |
| (င) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၃၈ | - |
| (စ) | လယ်ယာကဏ္ဍ | - | ၃၂ |
| (ဆ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၇၇ | ၁၁၈ |
| စုစုပေါင်း | | ၂၈၇၃ | ၈၆၈ |

**သတင်းစဉ်**

»»» စာမျက်နှာ ၈ မှ

ချက်လုပ်နေသည့် သွပ်မိုး/မိုးကာတဲ(၂၀)လုံးနှင့် ဆက်စပ်ပစ္စည်းနှင့် ဓာတုပစ္စည်းများဖြစ်သည့် အက်စစ်ပုံး(၇၀၈)လုံး၊ အက်စစ်အရည်ထည့်ထားသည့် ပီပါ(၃)လုံး၊ ဟိုက်ဒရိုကလိုရစ်အက်စစ်များ ထည့်ထားသည့် သံပီပါ (၅၈)လုံး၊ အရက်ပြန်(၁၀)လီတာ၊ အနံ့အရသာအဖြစ် အသုံးပြုသည့်ဆေးဘူး(၁၈)ဘူး၊ စိစစ်ဆဲဆေးဘူး မျိုးစုံ (၅၉)ဘူး၊ CCL တံဆိပ်ပါအဖြူရောင်အတုံး (၂၀)တုံး၊ ရေခဲသေတ္တာ(၁၄)လုံး၊ စတီးပေါင်းအိုး(၂၇)လုံး၊ အခြောက်ခံ စတီးဇန်း(၁၇)ချပ်၊ ကော်ဇလုံ(၁၀၇)လုံး၊ ပီပါအခွံ(၁၁၀)လုံး၊ ဂက်စ်အိုး(၁၃၅၉)လုံး၊ ဒစ်ဂျစ်တယ် ကတ္တား(၃)ခု၊ ကြိတ်စက်(၁)လုံး၊ ဆေးမွှေစက်(၂)လုံး၊ ဆေးပြားရိုက်စက်(၆)လုံး၊ ဆေးချက်ကန်(၆)ကန်၊ စက်သုံးဆီတိုင်ကီ(၅)လုံး၊ မီးစက်ကြီး(၁)လုံး၊ ပွိုင့်-၂၂ သေနတ်(၁)လက်၊ ငှင်းကျည်အိမ်(၁)ခု၊ ၇.၆၂ကျည်(၃၆၀)တောင့်၊ လက်ပစ်ဗုံး(၄၆)လုံး၊ မော်တော်ယာဉ်(၅)စီး၊ မူးယစ်ဆေးဝါးချက်လုပ်ရေးစခန်းမှ ထွက်ပြေးသဖြင့် စိစစ်ဖမ်းဆီးရမိသူ အမျိုးသား (၃၉)ဦးတို့အား ဖော်ထုတ်ရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ် ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ် (၁၈-၈-၂၀၁၉ရက်နေ့မှ ၂၄-၈-၂၀၁၉ရက်နေ့အထိ)အတွင်း အမှုပေါင်း(၂၃၂)မှု၊ တရားခံကျား(၂၇၂)ဦး၊ မ(၃၃)ဦး၊ ပေါင်း(၃၀၅)ဦး၊ စိတ်ကြွဆေးပြား(၆၆၄၇၆၅)ပြား၊ စိတ်ကြွဆေးပြားများ ထည့်ထားပြီး Packing ပြုလုပ်ထားသည့် ဆာလာအိတ်(၂၇)အိတ် (ဆေးပြား အရေအတွက် စိစစ်ဆဲ)၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၈၁၄၀)ဂရမ်၊ ဘိန်းဖြူ(၉၈၂၅.၉၀၄)ဂရမ်၊ ဘိန်းဖြူရည် (၀.၄) လီတာ၊ ICE(၆၄၅၉၂.၃၂)ဂရမ်၊ ICE အရည် (၁၅၀)လီတာ၊ ဘိန်း(၁၇၂၃၉.၈)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းမည်းအရည်(၂၀)ဂါလန်၊ အဆင့်နိမ့်ဘိန်း(၆)ဂရမ်၊ ဘိန်းဆီခဲ (၃၄၄၅. ၂၄)ဂရမ်၊ ဘိန်းစာမှုန့်(၉၆၅၅၂၆.၂၃)ဂရမ်၊ ဘိန်းစာရွက်(၃၂.၆၆)ဂရမ်၊ ဆေးခြောက်(၂၀၂၄.၇)ဂရမ်၊ မူးယစ်ဆေးဝါးချက်လုပ်နေသည့် သွပ်မိုး/မိုးကာတဲ(၂၀)လုံး၊ ဆက်စပ်ပစ္စည်းနှင့် ဓာတုပစ္စည်းများဖြစ်သည့် အက်စစ်ပုံး(၇၀၈)လုံး၊ အက်စစ်အရည် ထည့်ထားသည့်ပီပါ(၃)လုံး၊ ဟိုက်ဒရိုကလိုရစ်အက်စစ်များ ထည့်ထားသည့် သံပီပါ(၅၈)လုံး၊ အရက်ပြန်(၁၀) လီတာ၊ အနံ့အရသာအဖြစ် အသုံးပြုသည့်ဆေးဘူး(၁၈)ဘူး၊ စိစစ်ဆဲဆေးဘူးမျိုးစုံ(၅၉)ဘူး၊ CCL တံဆိပ်ပါ အဖြူရောင်အတုံး(၂၀)တုံး၊ ရေခဲသေတ္တာ(၁၄)လုံး၊ စတီးပေါင်းအိုး (၂၇)လုံး၊ အခြောက်ခံစတီးဇန်း(၁၇)ချပ်၊ ကော်ဇလုံ(၁၀၇)လုံး၊ ပီပါအခွံ(၁၁၀)လုံး၊ ဂက်စ်အိုး(၁၃၅၉)လုံး၊ ဒစ်ဂျစ်တယ်ကတ္တား(၃)ခု၊ ကြိတ်စက်(၁)လုံး၊ ဆေးမွှေစက်(၂)လုံး၊ ဆေးပြားရိုက်စက်(၆)လုံး၊ ဆေးချက်ကန် (၆) ကန်၊ စက်သုံးဆီတိုင်ကီ(၅)လုံး၊ မီးစက်ကြီး(၁)လုံး၊ သေနတ်မျိုးစုံ(၃)လက်၊ ကျည်မျိုးစုံ(၄၀၅)တောင့်၊ ခဲသီး(၆၅)လုံး၊ ကျည်အိမ်(၁)ခု၊ လက်ပစ်ဗုံး(၄၆)လုံး တို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့် အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့်မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

## နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၆**

နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲ 7th International Industrial Technology & Machinery Show 2019 Naypyitaw ကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသည် စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services (MPS) Co., Ltd. တို့ ပူးပေါင်း၍ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

## အဆစ်ရောင်ရောဂါကြောင့် ဖြစ်ပေါ်ခံစားရသော နောက်ဆက်တွဲ ရောဂါလက္ခဏာများအကြောင်း ဆွေးနွေးမည်

**ရန်ကုန် ဩဂုတ် ၂၆**

တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာန မှူးရုံး ရန်ကုန်တိုင်းဒေသကြီး ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ(ရန်ကုန်)နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးပွဲကျင်းပလျက်ရှိရာ ဩဂုတ် ၂၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းရင်းဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ခုတင် ၁၀၀ ဆံ့ တိုင်းရင်းဆေးရုံ(ရန်ကုန်) အထွေထွေရောဂါကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်အိအိဖြိုးက အဆစ်ရောင်ရောဂါကြောင့် ဖြစ်ပေါ်ခံစားရသော နောက်ဆက်တွဲရောဂါလက္ခဏာများခေါင်းစဉ်ဖြင့် တင်ပြဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ တိုင်းရင်းဆေး ဆရာ ဆရာမများ ပါဝင်ဆွေးနွေးနိုင်ကြောင်း သိရသည်။ **ကိုဌေး**

## Seminar on Innovation and Young Entrepreneurship for Regional Development အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၆**

Seminar on Innovation and Young Entrepreneurship for Regional Development အခမ်းအနားကို ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားကို စက်မှုဝန်ကြီးဌာနက မဲခေါင်-လန်ချန်းဒေသတွင်းရှိ စွန့်ဦးတီထွင်လူငယ်လုပ်ငန်းရှင်များ အသိပညာများမျှဝေရန်နှင့် လုပ်ငန်းစတင်သူများအတွက် ဒေသတွင်း ဈေးကွက်ကွန်ရက်ချိတ်ဆက်နိုင်စေရန် ရည်ရွယ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးစီမံကိန်း ဒုတိယအသုတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မောင်လူမော်**

# CPU များအတွက် အာဂျင်ဒါ (၆)ချက်

■ ဦးဟန်ညွန့်(ဥပဒေ)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင် အောင်မြင်မှုရရှိနိုင်ရန် အလွန်တရာ ခက်ခဲသည်ဟု ဝေဖန်သူများရှိပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အနေဖြင့်မူ အလွန်ခက်ခဲသည်မှာမှန်ပါသည်။ သို့သော် မဖြစ်နိုင်သောအလုပ်မဟုတ်သည့်အပြင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မလုပ်လျှင် မဖြစ်တော့သည့်အလုပ်လည်း ဖြစ်နေသဖြင့် ကော်မရှင်အနေဖြင့် အောင်မြင်မှုရသည်အထိ မဖြစ်မနေလုပ်သွားမည်ဟု သန္နိဋ္ဌာန်ချထားခဲ့ပြီးဖြစ်ပေသည်။

**ပိုမိုအားကိုးလာနိုင်ဖွယ်**

အဂတိလိုက်စားမှုတိုက်ဖျက်ခြင်းသည် မြန်မာတစ်နိုင်ငံလုံးတွင် ဓလေ့စရိုက်သဖွယ် စွဲကပ်နေသော အကျင့်ဖောက်ပြန်မှုကို တိုက်ဖျက်ရခြင်း (တစ်နည်း) အကျင့်ကောင်းလာအောင် ပြုပြင်ပေးရခြင်းဖြစ်၍ အပြစ်ရှိသူတွေအားလုံးကို တရားစွဲနေခြင်းဖြင့် ရည်မှန်းချက်မအောင်မြင်နိုင်ပါ။ ပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးတရားစွဲဆိုခြင်းတို့ကို သူ့နေရာနှင့်သူ ချိန်ဆသုံးစွဲနေပါသည်။ အထူးသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ဖွဲ့စည်းဆောင်ရွက်နေပြီဖြစ်သော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) များကို မကြာမီတွင် ပြည်သူလူထုက ပိုမိုအားကိုးလာနိုင်ဖွယ်ရှိနေပါသည်။

CPU စီမံချက်သည် တစ်ဖက်တွင် ဝန်ထမ်းများအတွင်း အဂတိကင်းရှင်းစေရန် ရည်ရွယ်ထားသကဲ့သို့ အခြားတစ်ဖက်တွင်လည်း ဌာနဆိုင်ရာများနှင့် ပြည်သူလူထုအကြား အောက်ခြေအဆင့်တွင် ဖြစ်ပွားနေသော အသေးစားအဂတိလိုက်စားမှု (Petty Corruption) အများအပြားကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဟန်ချက်ညီညီတိုက်ဖျက်ရာတွင် ထိရောက်မှုရှိစေရန် ဖြစ်ပြီး အကြီးစားအဂတိလိုက်စားမှုများ (Grand Corruption) ၏ ပင်ရင်းဗဟိုချက်တစ်ခုဖြစ်သော နိုင်ငံတော်၏ ဝယ်ယူရေးလုပ်ငန်းများအပါအဝင်ဖြစ်သည့် တင်ဒါလုပ်ငန်းစဉ်များတွင် အဂတိလိုက်စားမှုများ မဖြစ်ပွားစေရေးအတွက်လည်း ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

> **CPU များအတွက် အာဂျင်ဒါ (၆)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းအားဖြင့် ကောင်းမွန်သော အုပ်ချုပ်ရေး၏ အဓိကကျသော အင်္ဂါရပ်(၃)ရပ် ဖြစ်သည့် ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ တုံ့ပြန်ဖြေကြားမှုရှိခြင်း စသည့် အင်္ဂါရပ်များ ပြည့်မီသွားမည်ဖြစ်**

**CPU ၃၂ ဖွဲ့ ဖွဲ့စည်း**

ယခုအခါ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန ၁၈ ခုတွင် CPU ၃၂ ဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် CPU များ ဖွဲ့စည်းရေးအလုပ်ရုံဆွေးနွေးပွဲတွင် CPU များ၏ ရည်မှန်းချက်တာဝန် သုံးရပ်ကို ချမှတ်ခဲ့ပါသည်။

ယင်းတို့မှာ-

(က) ဌာနများတွင် အဂတိလိုက်စားမှုပြဿနာများပေါ်ပေါက်နိုင်သော အခြေအနေကို ဖော်ထုတ်ရန်။
(To disclose the corrupt problems)

(ခ) ထိုပြဿနာများကို သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ကိုင်တွယ်ဖြေရှင်းရန်။
(To solve the problems lawfully)

(ဂ) အဂတိလိုက်စားမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေဆန်းစစ်ရန်နှင့် ဘေးအန္တရာယ် လျော့ကျစေရန် ပြုပြင်ပြောင်းလဲပေးခြင်း။
(To perform Corruption Risk Assessment (CRA) and mitigate risks) တို့ဖြစ်ပါသည်။

> **CPU ၏ တာဝန်(၃)ရပ်**
> ❖ ဖော်ထုတ်
> ❖ ဖြေရှင်း
> ❖ ပြုပြင်ခြင်း

**တညီတညွတ်တည်း**

ပြီးခဲ့သည့် ခြောက်လတာကာလအတွင်း အဆိုပါ ရည်မှန်းချက်တာဝန် သုံးရပ်ဖြင့်ပင် CPU အချို့သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို အတော်အတန် ပြုလုပ်နိုင်ကြသည်ကို တွေ့ရပါသည်။ သို့သော် အချို့ CPU များသည် မိမိတို့၏ရည်မှန်းချက်တာဝန်များအပေါ် လုပ်ရဲကိုင်ရဲသိပ်မရှိကြချေ။ တားဆီးကာကွယ်ရေး လုပ်ငန်းအပေါ် ယုံကြည်မှုနည်းနေခြင်းလည်း ဖြစ်နိုင်ပါသည်။ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်အထိ သုံးရက်တိုင်တိုင် ပြုလုပ်ခဲ့သော CPU များ၏ ဒုတိယအကြိမ် နည်းပညာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင်မူ CPU အားလုံး ရှေ့ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းအစီအစဉ် (အာဂျင်ဒါ) (၆)ချက်ကို တညီတညွတ်တည်း ချမှတ်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးများ၊ အဖွဲ့အစည်းအကြီးအကဲများ၏ သဘောတူခွင့်ပြုချက်ဖြင့် CPU များသည် အောက်ပါလုပ်ငန်းအစီအစဉ်(အာဂျင်ဒါ)များအတိုင်း ဆက်လက်အကောင်အထည်ဖော်သွားကြတော့မည်ဖြစ်ပေသည်-

**အာဂျင်ဒါ (၆)ချက်**

(က) CPU တစ်ခုချင်းက မိမိတို့လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများ (TOR) ကို ရေးဆွဲပြဋ္ဌာန်းသွားကြမည်။

(ခ) ဦးစီးဌာနလုပ်ငန်းဌာနအလိုက် တည်မြဲလုပ်ထုံးလုပ်နည်း (SOP) များ ရေးဆွဲပြီး ပြည်သူလူထုသိသင့်သည့်အပြင် ဝန်ဆောင်မှုရယူသောပြည်သူများနှင့် တိုက်ရိုက်သက်ဆိုင်နေသော အချက်များကို လက်အောက်ရုံးဌာနများတွင် ပွင့်လင်းမြင်သာ ချပြသွားကြမည်။

(ဂ) အဂတိလိုက်စားမှု ဘေးအန္တရာယ်ဖြစ်နိုင်ခြေရှိသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ပြုပြင်ပြောင်းလဲရေးအတွက် တင်ပြဆောင်ရွက်သွားကြမည်။

(ဃ) ဆက်စပ်စီးပွားရေး လုပ်ငန်းများသည် ကျင့်ဝတ်စောင့်ထိန်းမှုရှိ၊ မရှိ စိစစ်သွားမည်။

(င) ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်စပ်စီးပွားရေးလုပ်ငန်းများအကြား လွတ်လပ်၍ ပွင့်လင်းမြင်သာသော ဆွေးနွေးပွဲများ ပြုလုပ်သွားမည်။(လိုအပ်ပါက တတိယအဖွဲ့အစည်း ပါဝင်နိုင်သည်)

(စ) CPU များက အောက်ခြေရုံးများ၌ ဝန်ဆောင်မှုရယူသော ပြည်သူတစ်ဦးချင်း ထံသို့ တယ်လီဖုန်းမှတစ်ဆင့် CPU Toolkit နည်းပညာအသုံးပြုဆက်သွယ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားမည်။

> **CPU များအတွက်**
> **အာဂျင်ဒါ (၆)ချက်**
> ❖ တာဝန်တည်မြဲ
> ❖ ဖြစ်နိုင်ဆဲမို့
> ❖ စစ်မြဲ ကျင့်ဝတ်
> ❖ ပွင့်လွတ် ဆွေးနွေး
> ❖ ပြည်သူ မေးကာ
> ❖ ဝန်ဆောင်ပါ

**ပြည်သူက သိလိုကြမည်**

CPU များ၏ အာဂျင်ဒါ (၆)ချက်ကို ပြည်သူလူထုက မျှော်လင့်ကြိုဆိုနေကြမည်ဖြစ်သည်။ ပြည်သူလူထုသိသင့်သည်များကို အသိပေးခြင်း၊ ပညာပေးခြင်းများ လိုအပ်ပေသည်။ ဝန်ကြီးဌာနအလိုက်၊ ရုံးအလိုက်၊ အဖွဲ့အစည်းအလိုက် လုပ်ငန်းတာဝန်များ၊ အချိန်ကာလ သတ်မှတ်ချက်၊ အခွန်အခ မည်သို့ရေးဆွဲချမှတ်ထားကြောင်း ပွင့်လင်းမြင်သာစွာ ပြည်သူလူထုက သိရှိလိုကြမည်ဖြစ်သည်။

သိသာထင်ရှားသောထုတ်ပြန်ချက်များ၊ ရေးဆွဲပြဋ္ဌာန်းချက်များကို အများပြည်သူသိရှိနားလည်စေခြင်းမှာ လုပ်ငန်းချောမွေ့အောင်မြင်ခြင်းပင် ဖြစ်ပေသည်။

**ပွင့်လင်းမြင်သာမှု**

အချို့ဌာနများက ပြည်သူလူထုသိရှိသင့်သည်များကို ချပြလေ့မရှိပါ။ တစ်နည်းအားဖြင့် ပွင့်လင်းမြင်သာမှု မရှိကြပါ။ လုပ်ငန်းတစ်ရပ်နှင့်စပ်လျဉ်း၍ ဌာနက ဘာလုပ်ပေးမည်။ ယင်းဌာနတာဝန်မှာ ငွေကြေးတန်ဖိုးတရားဝင် မည်မျှပေးချေရမည်။ ထမ်းဆောင်ချိန်ကာလ မည်မျှကြာမည်။ ဤလုပ်ငန်းအတွက် မည်သူ့ကိုမျှ လာဘ်ငွေပေးချေရန်မလို စသည့် အများပြည်သူသိရှိနားလည်စေသော ကြေညာချက်မျိုး ကြိုတင်ထုတ်ပြန်ပေးသင့်ပါသည်။ လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ရှင်းရှင်းလင်းလင်းဖြစ်စေပါသည်။ ထိုသို့ CPU များက ဆောင်ရွက်ခြင်းဖြင့် ပွင့်လင်းမြင်သာမှုရှိပြီး အဂတိကင်းစင်ကြောင်း လက်တွေ့ထုတ်ဖော်ပြသရာရောက်ပေသည်။ အစိုးရရုံးဌာနများအပေါ် လူထု၏ယုံကြည်မှုလည်း တိုးလာပါမည်။

**အပြန်အလှန်ညှိနှိုင်းမှုများ**

ဆက်စပ်စီးပွားရေးလုပ်ငန်းများနှင့် ကျင့်ဝတ်စောင့်ထိန်းမှုအခြေအနေကို စဉ်ဆက်မပြတ်စိစစ်ခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အဖြေရှာခြင်းအားဖြင့် လက်တွေ့အခက်အခဲများ ပြေလည်စေမည်ဖြစ်ပါသည်။ အဆိုပါဆွေးနွေးပွဲများသို့ လိုအပ်ပါလျှင် တတိယအဖွဲ့အစည်းများအား ဖိတ်ကြား၍ အကြံဉာဏ်ရယူနိုင်ပါမည်။

တစ်ဆက်တည်းပင် CPU များက အောက်ခြေရုံးများ၌ ပြည်သူတစ်ဦးချင်းထံသို့ တယ်လီဖုန်းမှတစ်ဆင့် CPU Toolkit နည်းပညာအသုံးပြုဆက်သွယ်နိုင်မည်လည်း ဖြစ်ပါသည်။


**ပြည်သူလူထုက မျှော်လင့်အားထားမှုများ**

CPU များအတွက် အာဂျင်ဒါ (၆)ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းအားဖြင့် ကောင်းမွန်သောအုပ်ချုပ်ရေး၏ အဓိကကျသော အင်္ဂါရပ်(၃)ရပ်ဖြစ်သည့် ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှုရှိခြင်း၊ တုံ့ပြန်ဖြေကြားမှုရှိခြင်းစသည့် အင်္ဂါရပ်များ ပြည့်မီသွားမည်ဖြစ်ပါသည်။ CPU များက ကောင်းမွန်သော အုပ်ချုပ်ရေးဖြစ်ထွန်းလာစေရန် လမ်းခင်းပေးခြင်းလည်းဖြစ်ပါသည်။

CPU အဖွဲ့များ မဖွဲ့စည်းရသေးသည့် ဝန်ကြီးဌာနများအနေဖြင့်လည်း ဆောလျင်စွာ ဖွဲ့စည်းပါဝင်နိုင်ရေးအတွက် အားတက်ဖွယ်ဖြစ်စေပါသည်။

တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အဆင့် အစိုးရအဖွဲ့အသီးသီးတွင်လည်း CPU အဖွဲ့များ ဖွဲ့စည်းနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို မျှော်မှန်းနိုင်ပြီဖြစ်ပါသည်။ CPU လုပ်ငန်း၏ တိုးတက်အောင်မြင်မှုများဆောင်ရွက်နိုင်ရေး၊ ထိထိရောက်ရောက်ဝန်ဆောင်မှုပေးနိုင်ရေးတို့ကို အများပြည်သူက မျှော်လင့်အားထားမှုများတိုးပွားလျက် ထိရောက်အောင်မြင်မှုများကို ကြိုဆိုစောင့်မျှော်လျက် ရှိနေကြပြီဖြစ်ပါသည်။

CPU များအတွက် အာဂျင်ဒါများကို လာမည့် ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း စတင်အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။



# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၆**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**နည်းဥပဒေများနှင့်အညီ စီမံဆောင်ရွက်**

အစည်းအဝေးတွင် စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကတိကဝတ်များအား လိုက်နာထိန်းသိမ်းဆောင်ရွက်ရန် အမြဲတမ်းသစ်တောနယ်မြေများအဖြစ် တိုးချဲ့ဖွဲ့စည်းသတ်မှတ်ပေးနိုင်ရေး ဆောင်ရွက်သည့်နည်းတူ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၀-က၊ ပုဒ်မခွဲ (ခ)နှင့် (ဂ)ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများ၊ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့် မြေများကို အမြဲတမ်းသစ်တောနယ်မြေအဖြစ် ဖွဲ့စည်းသတ်မှတ်ပေးနိုင်ရေး လျာထားသတ်မှတ်ရာတွင် ပါဝင်မှုမရှိရေးကို သတိပြုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ၂၀၁၈ ခုနှစ် ယာယီစာရင်းအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧက ၄၇ သန်းကျော်ရှိကြောင်း၊ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်မည့်အကြောင်းအရာ တစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဗဟိုကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်ကြသည်။

**အချိန်မီပေးသွင်းနိုင်ရေး ဆွေးနွေး**

အစည်းအဝေးတွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်းစာတွဲများ၊ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၁၇/၂၀၁၉)၊ (၁၈/၂၀၁၉)၊ (၁၉/၂၀၁၉)နှင့် (၂၀/၂၀၁၉) တို့၏ အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြန်လည်စိစစ်ရန် အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာမှုများ၊ တိုင်းဒေသကြီး၊ ပြည်နယ် စီမံခန့်ခွဲရေးကော်မတီများ ပြင်ဆင်ဖွဲ့စည်းပေးရန် တင်ပြလာမှုများ၊ စည်းကမ်းချက်သတ်မှတ်ကာလ လေးနှစ်ပြည့်မြောက်ပြီးချိန်အထိ မြေပြင်အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော လုပ်ကိုင်ခွင့်ချထားမြေများကို ခွင့်ပြုမိန့်ပြန်လည်ရုပ်သိမ်းနိုင်ရေး၊ လုပ်ကိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းပြီးဖြစ်၍ ပေးသွင်းထားသည့် အာမခံကြေးငွေများကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းနိုင်ရေးနှင့် အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်ထားသော မြေဧရိယာအပေါ် ခွင့်ပြုအမိန့်စာအသစ် ထုတ်ပေးနိုင်ရေး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက မြေခွန်ကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းနိုင်ရေးတို့ကို ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် စီမံခန့်ခွဲရေးဥပဒေအရ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်များကို ပြန်လည်သိမ်းဆည်းရန် ဆုံးဖြတ်ကြပြီး ယနေ့အထိ သတ်မှတ်ဥပဒေစည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ပြန်လည်သိမ်းဆည်းမြေဧရိယာမှာ စုစုပေါင်းဧက ၁၅ သိန်းကျော် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ဦးစီးအရာရှိ(မြို့ပြ) မွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဩဂုတ် ၂၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဦးစီးအရာရှိ(မြို့ပြ) မွမ်းမံသင်တန်း (၃/၂၀၁၈-၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က သင်တန်းဖွင့်လှစ်ပေးရသည့် အဓိကရည်ရွယ်ချက်မှာ ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်များနှင့်အညီ မိမိတို့ ရာထူးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "လုပ်ငန်းမျိုးစုံကျွမ်းကျင်ဖို့ သင်တန်းမျိုးစုံတက်ကြစို့"၊ "ဝန်ထမ်းဘဝမြင့်မားရေး သင်တန်းပို့ချမြှင့်တင်ပေး"ဆိုသည့် ဆောင်ပုဒ်များအတိုင်း နှစ်စဉ်ဌာနတွင်းသင်တန်းများကို ဖွင့်လှစ်ပေးနေရခြင်းဖြစ်ပါကြောင်း။

ဦးစီးအရာရှိ(မြို့ပြ) များသည် မြို့နယ်အင်ဂျင်နီယာများဖြစ်ပြီး ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသူများဖြစ်၍ ပညာရပ်ပိုင်းဆိုင်ရာများအပြင် ဝန်ထမ်းများ၏ အရည်အသွေး၊ အဆင့်အတန်း၊ ရုပ်ပိုင်းဆိုင်ရာများ မြှင့်တင်ပေးရန် ရည်ရွယ်ပြီး သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ဝန်ထမ်းများကို စွမ်းရည်မြှင့်တင်ပေးရန် အရေးကြီးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ စွမ်းဆောင်ရည်မြှင့် သင်တန်းများ ဖွင့်လှစ်ရာတွင် ဝန်ထမ်းများအနေဖြင့် လိုချင်စိတ် (Willingness) ရှိရန်လိုသကဲ့သို့ လုပ်နိုင်စွမ်း (Ability) လည်းရှိရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကပို့ချပေးမည့်ဘာသာရပ်များကို စနစ်တကျ လေ့လာမှတ်သားသွားရန် မှာကြားလိုပါကြောင်း။

သင်တန်းသားများအနေဖြင့် ရာထူးနှင့်လျော်ညီစွာ တာဝန်ခံမှု၊ တာဝန်ယူလိုမှုရှိစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးရှိသော လုပ်ငန်းဆောင်ရွက်မှုများဖြစ်အောင် သင်တန်းက ပို့ချပေးမည့် ဘာသာရပ်များကို အကောင်းဆုံး လေ့လာမှတ်သားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယနေ့ ဖွင့်လှစ်သည့် ဦးစီးအရာရှိ(မြို့ပြ) မွမ်းမံသင်တန်းကို ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၂၀ ရက်အထိ ရက်သတ္တ လေးပတ်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၅၅ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

✻ ကျောဖုံးမှ

ယှဉ်ပြိုင်ခဲ့ပါတယ်။ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်"ဟု မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောသည်။

ယင်းပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ကစားနည်း ၁၅ မျိုးကို ကစားသမား ၄၀ ဖြင့်သာ ယှဉ်ပြိုင်ခဲ့ပြီး အခြားနိုင်ငံများ၏ ကစားသမားဦးရေနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးကြောင်း၊ သို့သော်လည်း နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရန်အတွက် ရှိသည့်ကစားသမားဦးရေဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကာ ဆုတံဆိပ်များကို ရယူနိုင်ခဲ့ပါကြောင်း ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ဆက်လက်ပြောသည်။

"ပြိုင်ပွဲ ၁၅ မျိုးမှာ ၁၃ မျိုးဆုရရှိခဲ့တာဆိုတော့ ပြန်ပြီးတော့ အချိုးချကြည့်ရင် ပထမလို့တောင် ပြောလို့ရပါတယ်။ နိုင်ငံအလိုက်စဉ်မယ်ဆိုရင်တော့ ဆုတံဆိပ်ရရှိမှုအနေနဲ့ ကမ္ဘာ့အဆင့် (၅)ဝင်ပါတယ်။ နိုင်ငံပေါင်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်ကြတာပါ။ ကျွန်တော်တို့ အမျိုးသမီးအသင်းကတော့ အတော့်တင်းဆုံးဖြစ်ပါတယ်။ အမျိုးသားအနေနဲ့ကတော့ ပြင်ဆင်ရမှာတွေ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ထိုင်းနဲ့ အင်ဒိုနီးရှားက အမျိုးသားအသင်းမှာ သာနေတာ သွားတွေ့ရတယ်။ ကစားသမားဦးရေနည်းတာကတော့ ကျွန်တော်တို့ရဲ့ အဓိကစိန်ခေါ်မှု ဖြစ်နေပါတယ်။ မျိုးဆက်သစ်တွေ ထွက်ပေါ်လာအောင်လည်း လုပ်ဆောင်သွားဖို့ အစီအစဉ်တွေ အများကြီးရှိပါတယ်"ဟု ဦးသောင်းထိုက်မင်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် Siam Commercial Bank ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် ထိုင်းနိုင်ငံ Siam Commercial Bank မှ President Mr. Sarut Ruttanaporn နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ တိုးချဲ့ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ အီရန်နိုင်ငံခြားရေးဝန်ကြီး ရုတ်တရက်ရောက်ရှိလာ

**ပါရီ ဩဂုတ် ၂၆**
အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်က ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ ရုတ်တရက်သွားရောက်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ယင်းသို့ ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ ရုတ်တရက်သွားရောက်ခြင်းသည် အီရန်နျူကလီးယား ဖွံ့ဖြိုးမှုအစီအစဉ်နှင့်ပတ်သက်ပြီး အီရန်နှင့် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအကြား အေးစက်သွားသော သံတမန်ဆက်ဆံရေးကို ပြန်လည်ကောင်းမွန်လာစေရန် ကြိုးပမ်းခြင်းဖြစ်သည်။

အိမ်ရှင်ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က အီရန်နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်ကို ဂျီ-၇ ခေါင်းဆောင်များအား ကြိုတင်ပြောကြားထားခြင်းမရှိပေ။ သမ္မတအီမန်နျူရယ် မက်ခရွန်ကလည်း အမေရိကန်နှင့် အီရန်ဆက်ဆံရေးတင်းမာမှုကို ပြန်လည်ပြေလျော့စေရန် ကြိုးပမ်းလျက်ရှိသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းမရှိကြောင်း ပြင်သစ်သတင်းရင်းမြစ်များက ဆိုသည်။



အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်က ပြင်သစ်သမ္မတ မက်ခရွန်၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဂျင်းယုဗ်လီဒရိန်းအပါအဝင် ဗြိတိန်နှင့် ဂျာမန်တာဝန်ရှိသူများကို တွေ့ဆုံခဲ့ပြီးနောက် အီရန်နိုင်ငံ၏ နျူကလီးယားအရေးနှင့်ပတ်သက်ပြီး နိုင်ငံ့ခေါင်းဆောင်များ၏ ယုံကြည်မှုကို ပြန်လည်ရရှိရန် ကြိုးပမ်းခြင်းမှာ လွယ်ကူသောကိစ္စတစ်ခုမဟုတ်သော်လည်း ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သူ၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ရောက်ရှိလာမှုနှင့်ပတ်သက်ပြီး သမ္မတ ထရန့်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့သည် နေ့လည်စာသုံးဆောင်လျက် ဆွေးနွေးခဲ့ကြဖွယ်ရှိသည်ဟု ပြင်သစ်တာဝန်ရှိသူများက ဆိုသည်။

အီရန်နှင့်ဆွေးနွေးမှုပြုလုပ်ရန် ပြင်သစ်သမ္မတ မက်ခရွန်၏ ကမ်းလှမ်းချက်ကို သမ္မတထရန့်က အပြုသဘောဆောင်ကာ တုံ့ပြန်ခဲ့ဖွယ်ရှိသည်ဟု တာဝန်ရှိသူများက ဆိုသည်။

အီရန်နိုင်ငံက စေ့စပ်ညှိနှိုင်းမည်ဆိုပါက ကြိုတင်ညှိနှိုင်းသတ်မှတ်ချက်စံနှုန်းများနှင့် ပြုလုပ်ရမည်ကို လက်ခံမည်မဟုတ်ကြောင်း သမ္မတထရန့်က ကနဦးပြောကြားခဲ့သည်ဟု အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စတီဗင်မျူချင်က ဆိုသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်နှင့် တွေ့ဆုံဆွေးနွေးမှုများသည် အပြုသဘောဆောင်ပါကြောင်းနှင့် ၎င်းအနေဖြင့် ခေါင်းဆောင်များ၏ ထောက်ခံမှုကို ရရှိရန် ကြိုးပမ်းခဲ့ပါကြောင်း ပြင်သစ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ကို ဘော်နီယိုကျွန်းသို့ ပြောင်းရွှေ့မည်

**ဂျကာတာ ဩဂုတ် ၂၆**
အင်ဒိုနီးရှားနိုင်ငံမြို့တော်ကို ဂျာဗားကျွန်းမှ ဘော်နီယိုကျွန်းသို့ ပြောင်းရွှေ့မည်ဟု သမ္မတ ဂျိုကိုဝီဒိုဒိုက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။ လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဂျကာတာမြို့သည် လူဦးရေအလွန်အမင်းထူထပ်မှုနှင့် ရင်ဆိုင်နေရကြောင်း သတင်းများအရ သိရသည်။

အရှေ့ကာလီမန်တန်ပြည်နယ်တွင် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်သစ်ကို



တည်ဆောက်သွားမည်ဟု သမ္မတ ဂျိုကိုဝီဒိုဒိုက ဩဂုတ် ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းဒေသ၌ မြို့တော်သစ်တည်ဆောက်ရန် ရွေးချယ်ခဲ့ရခြင်းမှာ မြေငလျင်ဘေးဒဏ်နှင့် ရေလွှမ်းမိုးမှုများအပါအဝင် အခြားသော သဘာဝဘေးအန္တရာယ်များခံစားမှု အနည်းပါးဆုံးဖြစ်ခြင်းနှင့် မြို့တော်သစ်တည်ဆောက်မည့်နေရာအနီးဝန်းကျင်၌ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးပြီးဖြစ်သည့် မြို့ကြီးများတည်ရှိနေခြင်းကြောင့်ဟု သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ လက်ရှိမြို့တော် ဂျကာတာတွင် မှီတင်းနေထိုင်သူဦးရေ သန်း ၃၀ ကျော်ရှိနေပြီး မော်တော်ယာဉ်များ ယာဉ်ကြောကျပ်တည်းမှုနှင့် လူထူထပ်မှုများဖြစ်ပေါ်လျက်ရှိသည်။

မြို့တော် ဂျကာတာတွင် မြေအောက်ရေ အလွန်အမင်းလျော့ပါးလာခြင်းကြောင့် မြို့တော်၏မြေမျက်နှာပြင်သည် ပင်လယ်ရေမျက်နှာပြင်နှင့်အညီဖြစ်လာနိုင်သည့်အတွက် ဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိလာသည်။ ကမ္ဘာပေါ်တွင် မြေကျွံမှု အလျင်မြန်ဆုံးသော မြို့များထဲတွင် မြို့တော်ဂျကာတာမှာ တစ်မြို့အပါအဝင်ဖြစ်သည်။

မြို့တော်ဂျကာတာတွင် အင်ဒိုနီးရှားအစိုးရ၏ စီးပွားရေးလုပ်ငန်းဆိုင်ရာအေဂျင်စီများနှင့် နိုင်ငံရပ်ခြားမှ လာရောက်အခြေပြုထားသည့် ကုမ္ပဏီများမှာ ဆက်လက်တည်ရှိနေမည်ဖြစ်သည်။

အင်ဒိုနီးရှားလွှတ်တော်မှ မြို့တော်သစ်တည်ဆောက်ရေးအတွက် ခွင့်ပြုချက်ရပြီးနောက်တွင် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းခန့်တွင် မြို့တော်သစ်တည်ဆောက်ရေးလုပ်ငန်းများ စတင်ရန်စီစဉ်ထားကြောင်း အင်ဒိုနီးရှားအစိုးရက ပြောကြားသည်။ မြို့တော်သစ်သို့ ပြောင်းရွှေ့ခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ်တွင် စတင်နိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**

# အမေဇုန်မိုးသစ်တော တောမီးငြိမ်းသတ်ရန် ဘရာဇီးစစ်ဘက်မှ တပ်ဖွဲ့ဝင် ၄၄၀၀၀ ကျော်စေလွှတ်

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၂၆**
ဘရာဇီးနိုင်ငံရှိ ကမ္ဘာ့အကြီးဆုံး အမေဇုန်မိုးသစ်တော၌ ပမာဏကြီးမားစွာ လောင်ကျွမ်းနေသည့် တောမီးများငြိမ်းသတ်ရေးတွင် ပါဝင်လုပ်ဆောင်ရန် ဘရာဇီးသမ္မတ ဂျဲဘော်ဆိုနာရိုက တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာကို စေလွှတ်ခဲ့သော်လည်း ၎င်းသဘာဝဘေးအန္တရာယ်အား အနည်းငယ်မျှပင် အဆုံးသတ်နိုင်ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဘရာဇီးကြည်းတပ်မှ တပ်ဖွဲ့ဝင်အင်အားအများစုအပါအဝင် ဘရာဇီးလေတပ်နှင့် ရေတပ်မှတပ်ဖွဲ့ဝင်ဦးရေ ၄၄၀၀၀ ခန့်တို့သည် ဩဂုတ် ၂၄ ရက်ကပင်စတင်ကာ အမေဇုန်မိုးသစ်တောအတွင်း လောင်ကျွမ်းနေသည့် တောမီးများကို ငြိမ်းသတ်လျက်ရှိကြသည်။

ယင်းတောမီး လောင်ကျွမ်းမှုကြီးအား ငြိမ်းသတ်ရေးအတွက် မီးသတ်လေယာဉ်ကို ဘရာဇီးသမ္မတက စေလွှတ်ခဲ့ပြီး ယင်းမီးသတ်လေယာဉ်များသည် မီးလောင်ပြင်သို့ တစ်ကြိမ်ပျံသန်းငြိမ်းသတ်ရာ၌ ရေလီတာ ၁၂၀၀၀ ဖျန်းပက်ငြိမ်းသတ်နိုင်သည်။

ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ် ၂၅ ရက်အတွင်း အမေဇုန်မိုးသစ်တောတွင် မီးလောင်မှု ၇၉၀၀၀ ဖြစ်ပွားခဲ့ပြီး ယမန်နှစ်က မီးလောင်ကျွမ်းမှုပမာဏထက် ၈၂ ရာခိုင်နှုန်း ပိုမိုမြင့်မားခဲ့ကြောင်း ဘရာဇီးအမျိုးသားသိပ္ပံအာကာသသုတေသနအဖွဲ့က ပြောကြားသည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံး အမေဇုန်မိုးသစ်တော၏ဧရိယာ သုံးပုံနှစ်ပုံသည် ဘရာဇီးနိုင်ငံတွင်း၌ တည်ရှိသည်။

ဘရာဇီးနိုင်ငံမှ လယ်သမားများသည် စိုက်ပျိုးရာသီအတွင်း တရားမဝင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် တောရိုင်းမြေရှင်းလင်းမှုများ ပြုလုပ်ရန်အတွက် တောမီးရှို့မှုများ ရံဖန်ရံခါ ပြုလုပ်လေ့ရှိသည်။

တောမီးလောင်မှုများ ပျံ့နှံ့ရခြင်းအတွက် ဘရာဇီးသမ္မတက မိုးခေါင်မှုအပေါ် ပြစ်တင်ပြောကြားခဲ့ပြီး စစ်ဘက်တပ်ဖွဲ့ဝင်များအနေဖြင့် လယ်သမားများကို တင်းတင်းကျပ်ကျပ်စောင့်ကြည့်ကြရန် ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အမေဇုန်မိုးသစ်တော တောမီးငြိမ်းသတ်ရေးအတွက် အကူအညီပေးရန် အသင့်ရှိကြောင်း ၎င်းအား ပြောကြားသည်ဟု ဘရာဇီးသမ္မတက ပြောကြားသည်။

ဘရာဇီးနိုင်ငံ၏ တောမီးငြိမ်းသတ်ရေးလုပ်ငန်းများ၌ ပါဝင်ကူညီနိုင်ရေးအတွက် ဂျီ-၇ အုပ်စုဝင် နိုင်ငံများက သဘောတူညီကြကြောင်း ဂျပန်အစိုးရ အတွင်းဝန်ချုပ် ယိုရှိဟေဒီဆုဂါက ပြောကြားပြီး ဂျပန်နိုင်ငံက ဘရာဇီးနိုင်ငံသို့ အထောက်အပံ့ပေးရန် အသင့်ရှိကြောင်း ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- ဇော်ဝင်း**

# အမေရိကန်-ဂျပန် ကုန်သွယ်ရေးသဘောတူညီစာချုပ် လာမည့်လတွင် လက်မှတ်ရေးထိုးမည်

**ကျိုတို ဩဂုတ် ၂၆**
အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့သည် လာမည့်လအတွင်း ကျင်းပမည့် နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး၌ ကုန်သွယ်ရေးသဘောတူညီ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် သဘောတူညီခဲ့ကြကြောင်း သတင်းများအရ သိရသည်။

ခေါင်းဆောင်နှစ်ဦးက ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ပြင်သစ်နိုင်ငံသို့ ရောက်ရှိစဉ် သီးခြားဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လိုက်သီဇာနှင့် ဂျပန်ကုန်သွယ်ရေးဝန်ကြီး တိုရှီမီဆု မိုတီဂီတို့၏ နှစ်နိုင်ငံ စက်မှုကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍများနှင့်ပတ်သက်ပြီး သဘောတူညီမှုရရှိခဲ့ခြင်းအပေါ် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံဆွေးနွေးမှုများသည် တိုးတက်ကောင်းမွန်သော ရလဒ်ထွက်ပေါ်မှုများ ရှိသည့်အတွက် ဝမ်းသာကျေနပ်မိပါကြောင်းနှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုရရှိခြင်းသည် နှစ်နိုင်ငံပြည်သူများအတွက် များစွာအကျိုးကျေးဇူး ဖြစ်ထွန်းစေပါကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန်-ဂျော်ဒန်တို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှု ဂျော်ဒန်၌ ပြုလုပ်

**အမ်မန် ဩဂုတ် ၂၆**

နိုင်ငံပေါင်း ၃၀ မှ တပ်ဖွဲ့ဝင် ၈၀၀၀ ကျော်တို့သည် ဩဂုတ် ၂၅ ရက်က ဂျော်ဒန်နိုင်ငံအရှေ့ဘက် သဲကန္တာရဒေသတွင် စတင်ပြုလုပ်ခဲ့သည့် “စိတ်ထက်သန်သော ခြင်္သေ့” ဟု အမည်ပေးထားသော အမေရိကန်-ဂျော်ဒန် စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လေ့ကျင့်လျက်ရှိကြသည်။

စက်တင်ဘာ ၅ ရက်အထိ ကြာမြင့်မည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ကမ္ဘာတစ်ဝန်းမှ နိုင်ငံအများအပြား ပါဝင်ကြောင်း ဂျော်ဒန်တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး မိုဟာမက် အယ်လ်သာလ်ဂျီက ပြောကြားသည်။စစ်ရေးလေ့ကျင့်မှုအတွက် ကြိုတင်ပြင်ဆင်မှုများကို လွန်ခဲ့သည့် တစ်နှစ်ကျော်က စတင်ခဲ့ပြီး စစ်ရေးလေ့ကျင့်မှု၏ အဓိကရည်ရွယ်ချက်မှာ အကြမ်းဖက်မှုနှိမ်နင်းရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထို့အပြင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နီးနှောဖလှယ်ပွဲတစ်ရပ်ကိုလည်း ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါစစ်ရေးလေ့ကျင့်မှုသည် လေ့ကျင့်မှု၌ပါဝင်သည့် တပ်ဖွဲ့ဝင်များအကြား အဆင့်မြှင့်တင်ထားသည့် ညှိနှိုင်းဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဆက်လက်၍ အမေရိကန်ဗိုလ်ချုပ် ဘရက်ဒလီ အေဆွန်ဆန်က ယခုကဲ့သို့ ကြီးမားသော စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းသည် ရှုပ်ထွေးသော ပတ်ဝန်းကျင်၌ တာဝန်ထမ်းဆောင်လျက်ရှိသော နှစ်နိုင်ငံတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု၊ အဆင်သင့်ရှိမှုနှင့် တုံ့ပြန်မှုထိန်းသိမ်းရေးအတွက် မိမိတို့၏ ကတိကဝတ်ပြုမှုများကို လက်တွေ့ပြသခြင်းပင်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှု၌ ပါဝင်သည့် နိုင်ငံ ၃၀ ထဲတွင် ပြင်သစ်၊ ဗြိတိန်၊ ဩစတြေးလျ၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဂျပန်၊ ကနေဒါ၊ ကူဝိတ်၊ လက်ဘနွန်၊ ကင်ညာ၊ စပိန်၊ ဂျာမနီနှင့် တာဂျီကစ္စတန်နိုင်ငံတို့လည်း ပါဝင်ကြကြောင်း သိရသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် နိုင်ငံစုံစစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်ပြီး ဂျော်ဒန်နိုင်ငံက မိတ်ဖက်နိုင်ငံများနှင့် စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်မှုဖလှယ်ရန် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်- ဂျေတီ**



၂၀၁၇ ခုနှစ် မေလက ဂျော်ဒန်နိုင်ငံမြို့တော် အမ်မန်၏တောင်ဘက်ရှိ မာအန်းဒေသတွင် ပြုလုပ်သည့် “စိတ်ထက်သန်သောခြင်္သေ့” စစ်ရေးလေ့ကျင့်မှုတွင်ပါဝင်သည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။



ပေကျင်းမြို့တွင် မေလက ပြုလုပ်သည့် ကားပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာသူများကို တွေ့ရစဉ်။

# အစ္စရေးက တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများ တင်သွင်းမည်

**ဂျေရုဆလင် ဩဂုတ် ၂၆**

အစ္စရေးကားအရောင်းကုမ္ပဏီတစ်ခုက တရုတ်ကားကုမ္ပဏီ JAC Motors နှင့် တရုတ်နိုင်ငံက အဓိကပိုင်ဆိုင်သည့် မော်တော်ကားကုမ္ပဏီတစ်ခုဖြစ်သော National Electric Vehicle Sweden (NEVS) ထံမှ လျှပ်စစ်ကားများ တင်သွင်းမည်ဟု နေ့စဉ်ထုတ်သတင်းစာ Yedioth Ahronoth က ဩဂုတ် ၂၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

JAC Motors ကုမ္ပဏီကို ၁၉၆၄ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ် မြို့တော် ဟီဖေးမြို့၌ ဌာနချုပ်ရုံးစိုက်သည်။ JAC Motors ကုမ္ပဏီက ထရပ်ကားများအပါအဝင် ကားအမျိုးမျိုး ထုတ်လုပ်ပြီး အစ္စရေးကားဈေးကွက်သို့ အများဆုံးတင်ပို့သည်မှာ IEV မော်ဒယ်လျှပ်စစ်ကားများဖြစ်သည်။ ပြီးခဲ့သော ဧပြီလအတွင်း ဂျာမနီကားကုမ္ပဏီ Volkswagen က ဟီဖေးမြို့တော်၌ လျှပ်စစ်ကားစက်ရုံတစ်ခု တည်ဆောက်ရန်အတွက် JAC Motors ကုမ္ပဏီနှင့် ဖက်စပ်လုပ်ငန်းတစ်ခုဖွဲ့စည်းရန် အမေရိကန်ဒေါ်လာသန်း ၇၅၀ ရင်းနှီးမြှုပ်နှံခဲ့သည်။ အစ္စရေးကားအရောင်းကုမ္ပဏီက NEVS ကုမ္ပဏီထံမှလည်း လျှပ်စစ်ကားများ တင်သွင်းမည်ဟု မျှော်မှန်းရသည်။

NEVS ကုမ္ပဏီကို ၂၀၁၂ ခုနှစ်တွင် ဆွီဒင်ကားကုမ္ပဏီ Saab ၏ ပိုင်ဆိုင်မှုများကို ဝယ်ယူခဲ့သည့် တရုတ်အိမ်ခြံမြေလုပ်ငန်းကြီး Evergrande Group က အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းဖြင့် အဓိကပိုင်ဆိုင်သည်။ ပြီးခဲ့သော မတ်လအတွင်း အစ္စရေးပို့ဆောင်ရေးဝန်ကြီးဌာနက တစ်နှစ်လျှင် ကားအစီးရေ ၄၀၀ တင်သွင်းရန် ခွင့်ပြုချက်တစ်ခုအပါအဝင် တရုတ်နိုင်ငံလုပ် မော်တော်ကားများအတွက် ကားတင်သွင်းရေး အထူးလမ်းကြောင်းတစ်ခု သတ်မှတ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## စပိန်နိုင်ငံတွင် လေယာဉ်နှင့် ရဟတ်ယာဉ်တို့ တိုက်မိ၊ လူ ခုနစ်ဦးသေဆုံး

**မက်ဒရစ် ဩဂုတ် ၂၆**

စပိန်နိုင်ငံ မာဂျိုကာကျွန်းပေါ်တွင် လေယာဉ်ငယ်တစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းတို့ တိုက်မိခဲ့ကြရာ လူခုနစ်ဦး သေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ မတော်တဆမှုသည် အင်ကာမြို့အနီး မွန်းတည့် ၁၂ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့သည်။ လေယာဉ်နှင့်ရဟတ်ယာဉ် တိုက်မိခဲ့ပြီးနောက် အဆိုပါနှစ်စင်းစလုံးသည် မြေပြင်ပေါ်သို့ ပျက်ကျသွားခဲ့ပြီး မီးလောင်ကျွမ်းခဲ့သည်။ အနီးဝန်းကျင်ရှိ ပြည်သူတစ်ဦး တစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိခဲ့ပေ။ ဒေသခံပြည်သူများက လာရောက်မီးငြှိမ်းသတ်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။

လေယာဉ်ငယ်နှင့်ရဟတ်ယာဉ်တို့ တိုက်မိစဉ်တွင် ၎င်းတို့သည် အမြင့်ပေ ၁၀၀၀ အောက်တွင် ပျံသန်းခဲ့ကြသည်။ အဆိုပါအမြင့်ပေသည် ဝေဟင်လေကြောင်းအချက်ပေး သတ်မှတ်နှုန်းထား၏ ပြင်ပတွင် ရှိခဲ့သည်ဟု ဒေသန္တရသတင်းဌာနများက သတင်းရေးသားကြသည်။

**ကိုးကား-သည်နယူးယောက်တိုင်းမ်**

**ဘာသာပြန်-အောင်ကျော်ကျော်**

## အမေရိကန်နှင့် ကုန်သွယ်ရေးဆွေးနွေးရန် တရုတ်နိုင်ငံက ကမ်းလှမ်း

**ဝါရှင်တန် ဩဂုတ် ၂၆**

တရုတ်နိုင်ငံက ဝါရှင်တန်မြို့တော်ရှိ အမေရိကန်တာဝန်ရှိသူများထံ နှစ်နိုင်ငံကုန်သွယ်ရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် ဆက်သွယ်ခဲ့ကြောင်း သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားသည်။

ယနေ့ ပြင်သစ်နိုင်ငံတွင် ကျင်းပသည့် ဂျီ-၇ ထိပ်သီးဆွေးနွေးပွဲ၏ ပြင်ပအစည်းအဝေး၌ အီဂျစ်သမ္မတ အဒယ်ဖာတာအယ်လ်စီစီနှင့် အစည်းအဝေးမပြုလုပ်မီ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က သတင်းထောက်များသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ “ပြီးခဲ့တဲ့ညက ကျွန်တော်တို့ ကုန်သွယ်ရေးတာဝန်ရှိသူတွေထံ တရုတ်နိုင်ငံက ဆွေးနွေးမှုတွေ ပြန်လည်စတင်ဖို့ ဆက်သွယ်ခဲ့ပါတယ်”ဟု ဒေါ်နယ်ထရန့်က ပြောကြားသည်။ အမေရိကန်နှင့် တရုတ်နိုင်ငံတို့မှာ ကုန်သွယ်ရေးစစ်ပွဲတွင် ပါဝင်ပတ်သက်နေသည်။ အောက်တိုဘာ ၁ ရက်မှ စတင်၍ တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံတန်ဖိုးရှိ ကုန်စည်များအပေါ် လက်ရှိ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ စည်းကြပ်ခွန် တိုးမြှင့်ကောက်ခံရန် ပြီးခဲ့သည့် ဩဂုတ် ၂၃ ရက်တွင် ဒေါ်နယ်ထရန့်က ကြေညာခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဂါဇာဒေသကို အစ္စရေးစစ်လေယာဉ်များ တိုက်ခိုက်

**ဂျေရုဆလင် ဩဂုတ် ၂၆**

အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသကို အုပ်ချုပ်နေသည့် ဟားမားစ် လှုပ်ရှားမှုအဖွဲ့ကို တနင်္လာနေ့စောစောပိုင်းက တိုက်ခိုက်ခဲ့သည်ဟု အစ္စရေးတပ်မတော်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံတောင်ပိုင်းအတွင်းသို့ ရော့ကတ်ဒုံးကျည်သုံးစင်း တနင်္ဂနွေနေ့ညက ပစ်ခတ်ခဲ့သည်ဟု အစ္စရေးတပ်မတော်က ပြောကြားသည်။ အစ္စရေးနိုင်ငံအတွင်းသို့ ဂါဇာကမ်းမြောင်ဒေသမှ ဒုံးကျည်သုံးစင်း ပစ်ခတ်ခဲ့သည်ကို အတည်ပြုနိုင်ခဲ့ကြောင်း၊ ဒုံးကျည်နှစ်စင်းကို Iron Dome လေကြောင်းကာကွယ်ရေးစနစ်ဖြင့် ကြားဖြတ်တားဆီးနိုင်ခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ ဟားမားစ် တပ်ရင်းမှူးတစ်ဦး၏ ရုံးခန်းအပါအဝင် ဟားမားစ် ခြံဝင်းအတွင်းရှိ ပစ်မှတ်များကို အစ္စရေးလေတပ်မှ တိုက်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။ ပါလက်စတိုင်းလုံခြုံရေးသတင်းအရင်းအမြစ်များက အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးဒဏ်ရာရသူမရှိဟု ဆိုသည်။

အစ္စရေးအာဏာပိုင်များက ဂါဇာကမ်းမြောင်ဒေသရှိ အဓိက လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ လောင်စာဆီပို့လွှတ်မှုကို ဒဏ်ခတ်သည့်အနေဖြင့် လျှော့ချမည်ဟုလည်း ကြေညာခဲ့သည်။ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၏ ဌာနတစ်ခုဖြစ်သည့် COGAT ၏ သီးခြားထုတ်ပြန်ချက်တွင် ယခုလောင်စာဆီဖြတ်တောက်မှုကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုကိုယ်တိုင် ညွှန်ကြားခဲ့သည်ဟု ဖော်ပြထားသည်။

ကာကွယ်ရေးဝန်ကြီးလည်းဖြစ်သည့် ဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုသည် ဂါဇာကမ်းမြောင်ဒေသရှိ ဓာတ်အားပေးစက်ရုံသို့ နယ်စပ်ဖြတ်ကျော်၍ လောင်စာဆီပို့လွှတ်မှုကို တနင်္လာနေ့မှစ၍ ထပ်မံအသိပေးအကြောင်းမကြားမချင်း ထက်ဝက်လျှော့ချဖြတ်တောက်ရန် အမိန့်ပေးခဲ့သည်ဟု ဖော်ပြသည်။ လောင်စာဆီဖြန့်ဝေမှုကို ကုလသမဂ္ဂနှင့် ပူးတွဲဆောင်ရွက်ခြင်းဖြစ်ပြီး ကုန်ကျစရိတ်ကို ကာတာနိုင်ငံက ကျခံခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ အဆိုအရဂါဇာကမ်းမြောင်ဒေသတွင် လျှပ်စစ်မီးရရှိမှုတိုးတက်ခဲ့ပြီး အစ္စရေး၏ ယခုလောင်စာဆီဖြတ်တောက်မှု မတိုင်မီက ဂါဇာဒေသခံများသည် လျှပ်စစ်မီးတစ်နေ့ ၁၂ နာရီခန့်ရရှိသည်။

အစ္စရေးနှင့် ဂါဇာဒေသရှိ ပါလက်စတိုင်းစစ်သွေးကြွများသည် ၂၀၀၈ ခုနှစ်မှစ၍ စစ်ပွဲသုံးကြိမ် တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ**

**ဘာသာပြန်-အောင်ဇော်လင်း**

**သဘာဝဘေး**

## မင်းလှ၌ ကျောက်မီးသွေးတွင်းထဲ တောင်ကျရေများ စီးဝင်ပြီး မြေပြို၊ လေးဦးပိတ်မိ

**အထက်မင်းလှ ဩဂုတ် ၂၆**
မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဆပ်ပြာကျေးရွာ၏ တောင်ဘက် ငါးမိုင်ခန့်အကွာ အင်ကြင်းတောင်ကုမ္ပဏီက တူးဖော်လျက်ရှိသည့် ကျောက်မီးသွေးတွင်း၌ ဩဂုတ် ၂၅ ရက် ညနေ ၄ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျောက်မီးသွေးတွင်းထဲသို့ တောင်ကျရေများစီးဝင်ပြီး မြေပြိုမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကယ်ထုတ်နိုင်ရေးဆောင်ရွက်**

အဆိုပါမြေပြိုမှုဖြစ်ပွားခဲ့သည့် ကျောက်မီးသွေးတွင်း၌ ကျောက်မီးသွေးတွင်းတူးလုပ်သားများဖြစ်ကြသည့် မင်းလှမြို့မြောက်ရပ်ကွက်မှ မောင်အောင်ချမ်းသာ၊ မင်းလှမြို့ ကန်တုတ်ကျေးရွာအုပ်စု ကျောက်ထောင်ကျေးရွာမှ မောင်နိုင်ထက်ဦးနှင့် မောင်စိုးအောင်၊ အမ်းမြို့လှကာရကျေးရွာမှ မောင်ပိုင်စိုးဝင်းတို့လေးဦးမှာ ကျောက်မီးသွေးတွင်း၌ ပိတ်မိနေသဖြင့် ၎င်းတို့အား ကယ်ထုတ်နိုင်ရေးအတွက် ကျောက်မီးသွေးတွင်းရှိ ရေများကို ရေစုပ်စက်ဖြင့် စုပ်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြေပြိုမှုဖြစ်ပွားရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်ဌေး၊ မင်းလှနယ်မြေရဲစခန်းမှူး ရဲအုပ် အောင်မင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဆပ်ပြာကျေးရွာနေပြည်သူများ၊ ကျောက်မီးသွေးတွင်းတူးလုပ်သားများက ကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဝက်လက်မြို့နယ်၌ လေဆင်နှာမောင်းတိုက်ခတ် နေအိမ်များ အမိုးလန်ပြိုလဲမှုဖြစ်ပွား

**ဝက်လက် ဩဂုတ် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ယင်းမတောကျေးရွာတွင် ဩဂုတ် ၂၅ ရက် ည ၉ နာရီခွဲက လေဆင်နှာမောင်းတိုက်ခတ်ခဲ့သဖြင့် နေအိမ် ၁၃ လုံးပြိုလဲကာ နေအိမ်အလုံး ၅၀ အမိုးလန်ခဲ့ကြောင်း ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာအုပ်စု ယင်းမတောကျေးရွာတွင် ဩဂုတ် ၂၅ ရက် ည ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိ လေဆင်နှာမောင်းတိုက်ခတ်ခဲ့သဖြင့် နေအိမ် ၁၃ လုံးပြိုလဲကာ နေအိမ် အလုံး ၅၀ အမိုးလန်၊ သစ်ပင်ပိခြင်းနှင့် သစ်ပင်များပြိုလဲမှုကြောင့် လမ်းပိတ်ဆို့ခြင်းများကို ဩဂုတ် ၂၆ ရက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကူညီဆောင်ရွက်ခဲ့သည်။

**ထောက်ပံ့ပေးအပ်**

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လေဘေးဒုက္ခခံရသူများအား ယင်းမတောကျေးရွာ မဟာဂန္ဓာရုံကျောင်းတိုက်၌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဦးစီးမှူးတို့က ငွေကျပ် ၃၂၆၃၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

## မိုးရွာသွန်းမှုကြောင့် ညောင်ကြီးချောင်းရေကျော်လမ်း ထပ်မံပျက်စီး

**ညောင်ဦး ဩဂုတ် ၂၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ငါ့သရောက်မြို့အကြား ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်းမပေါ် ညောင်ကြီးကျေးရွာ ညောင်ကြီးချောင်းရေကျော်ကွန်ကရစ်လမ်းသည် ဩဂုတ် ၂၅ ရက်က ရွာသွန်းခဲ့သည့် မိုးကြောင့် ထပ်မံပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါညောင်ကြီးချောင်းသည် ဇူလိုင် ၂၁ ရက် ညဦးပိုင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် အဆိုပါလမ်းပေါ်ရှိ ညောင်ကြီးကွန်ကရစ် ရေကျော်လမ်းမှာ ပျက်စီးသွားပြီး တစ်ပတ်အတွင်း ပြန်လည်ပြုပြင်နိုင်ခဲ့ရာ ကားများပုံမှန် ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း၊ ဩဂုတ် ၂၅ ရက် ညနေပိုင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် ပြန်လည်ပြုပြင်ထားသည့် ညောင်ကြီးရေကျော်မှာ ထပ်မံပျက်စီးခဲ့ကြောင်း သိရသည်။



ညောင်ဦး-ငါ့သရောက် ကားလမ်းမှာ အရှည် ၁၄ မိုင်ရှိပြီး ယခင်ရေကျော် ကွန်ကရစ်ပျက်စီးသွားသောကြောင့် မြေသားလမ်းအဖြစ် ပြန်လည်ပြုပြင်ထားပြီး ဩဂုတ် ၂၅ ရက် ညနေပိုင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် ပြန်လည်ပျက်စီးသွားရာ ညောင်ဦး-ငါ့သရောက် အသွား၊ အပြန်ကားများ သဲချောင်းနစ်နေခြင်းများ မကြာခဏဖြစ်နေခြင်းကြောင့် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူများအနေဖြင့် ကောင်းမွန်သည့် ရေကျော်လမ်းအဖြစ် ပြုလုပ်ပေးပါရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

## ကျောက်မဲမြို့၌ လူသတ်မှုဖြစ်ပွား

**ကျောက်မဲ ဩဂုတ် ၂၆**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ကျွဲကုန်းကျေးရွာတွင် ဩဂုတ် ၂၅ ရက် ညနေ ၆ နာရီ မိနစ် ၅၀ ခန့်က လူသတ်မှုဖြစ်ပွားခဲ့ကြောင်း ကျောက်မဲမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ကျောက်မဲမြို့ ကျွဲကုန်းကျေးရွာတွင် နေထိုင်သူပြောင်းဖူးပွဲရုံပိုင်ရှင် ဦးစိန္တ(ခ) ဦးအိုက်မောင်သည် နေအိမ်၌ရှိနေစဉ် ၎င်းပွဲရုံမှ အလုပ်သမားဖြစ်သူ မျိုးလွင်နှင့် ဘသိန်းတို့နှစ်ဦးသည် ဦးစိန္တ နေအိမ်ဝင်းအတွင်းရောက်ရှိလာပြီး မျိုးလွင်က ဘသိန်းအား အော်ဟစ်ဆဲဆိုနေသဖြင့် အိမ်ရှင်ဖြစ်သူက မျိုးလွင်အား အော်ဟစ်ဆဲဆိုခြင်းမပြုရန်နှင့် အိမ်ဝင်းအတွင်းမှ ထွက်သွားရန် ပြောခဲ့သဖြင့် မျိုးလွင်မှာထွက်သွားရန် ပြောဆိုသည်ကို မကျေနပ်၍ ၎င်းလွယ်ထားသည့် လွယ်အိတ်ထဲမှ အသင့်ပါလာသော အသွား ခြောက်လက်မခွဲခန့်ရှိ ဓားဦးချွန်ဖြင့် ဦးစိန္တအားထိုးခဲ့ကြောင်း၊ ၎င်း၏ဇနီးက အော်ဟစ်အကူအညီတောင်းခံခဲ့ရာ အိမ်အနီးရှိ လူများရောက်ရှိလာပြီး ဦးစိန္တအား ကျောက်မဲပြည်သူ့ဆေးရုံသို့ပို့ဆောင်စဉ် လမ်း၌ သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မျိုးလွင်အား ကျောက်မဲမြို့ရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပေါင်းတည်မြို့၌ လယ်ကွက်အတွင်း ဓားဒဏ်ရာများနှင့်သေဆုံးမှုမှ ကျူးလွန်သူသုံးဦးအား ဖမ်းဆီးရမိ

**ပေါင်းတည် ဩဂုတ် ၂၆**
ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ညောင်ပင်ကုန်းကျေးရွာနှင့် ကင်ပွန်းခြုံကျေးရွာကြား ဆည်မြောင်းပေါင်အနီးရှိ ကွင်းအမှတ်(၁၁၂၈B) ၌ ဩဂုတ် ၂၁ ရက်က လယ်ထဲတွင် ငါးမြှုံးထောင်သည့်ကိစ္စနှင့်ပတ်သက်ပြီး လူသတ်မှုဖြစ်ပွားရာ ပြစ်မှုကျူးလွန်သူသုံးဦးတို့အား ဖမ်းဆီးရမိ၍ အရေးယူထားကြောင်း ပေါင်းတည်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူ ညောင်ပင်ကုန်းရွာနေ ဝင်းအောင်သည် ဩဂုတ် ၂၁ ရက် ညနေ ၅ နာရီခန့်က ဆိုင်ကယ်ဖြင့် နေအိမ်မှ တစ်ဦးတည်းထွက်သွားပြီး နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် လိုက်လံရှာဖွေရာ ဩဂုတ် ၂၂ ရက် နံနက် ၆ နာရီခန့်တွင် ဝင်းအောင်မှာ ဓားဒဏ်ရာဖြင့် ၎င်းပိုင်လယ်ကွက်အတွင်း သေဆုံးနေကြောင်း တွေ့ရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပေါင်းတည်မြို့မရဲစခန်းကို ဩဂုတ် ၂၄ ရက်က ပြစ်မှုကျူးလွန်သူ ပေါင်းတည်မြို့ဘိုးသာအောင်ကုန်းအုပ်စု ကင်ပွန်းခြုံ ရွာနေ ကျော်ကြီး(ခ)ကျော်ကျော်၊ ကျော်ဆန်း၊ ဇော်မိုးအောင် (ခ) ငဇော်တို့အား ဖမ်းဆီးမိပြီး စစ်ဆေးခဲ့ရာ ၎င်းတို့နှင့်လွန်ခဲ့သော ရက် ၂၀ နီးပါးခန့်က သေဆုံးသူပိုင်ဆိုင်သော လယ်ထဲတွင် ငါးရှဉ့်မြှုံးများထောင်သည့်ကိစ္စနှင့် စကားများရန်ဖြစ်ခဲ့မှုအပေါ် မကျေနပ်အငြိုးထား၍ ဩဂုတ် ၂၁ ရက် ည ၇ နာရီခန့်တွင် ဝင်းအောင် လယ်ထဲရောက်ရှိလာရာ၌ ကျော်ကြီး၊ ဇော်မိုးအောင်တို့က ကိုင်းခုတ်ဓားများဖြင့် ဝင်းအောင်အား ခုတ်သတ်ခဲ့ပြီး သေဆုံးသူပိုင် လယ်ကွက်စပါးခင်းအတွင်း စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား ပေါင်းတည်မြို့မရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

## ကသာမြို့တွင် ဆိုင်ကယ်ခိုးယူသူအား ဖမ်းဆီးအရေးယူ

**ကသာ ဩဂုတ် ၂၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၃) ရပ်ကွက်တွင် ဆိုင်ကယ်ခိုးမှုဖြစ်ပွားခဲ့ရာ ခိုးယူသူအား နေ့ချင်းဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီ ၄၅ မိနစ်ခန့်တွင် ကသာမြို့အမှတ် (၃) ရပ်ကွက်နေ ဒေါ်နှင်းနှင်းအေးသည် လက်ဖက်ရည်ဆိုင်ရှေ့တွင် ဆိုင်ကယ်အား သော့တန်းလန်းထားရှိပြီး ဆိုင်အတွင်း မုန့်ဝယ်ပြီးပြန်လာစဉ် ဆိုင်ကယ်မှာ ပျောက်ဆုံးနေသဖြင့် ရဲစခန်းသို့တိုင်တန်းခဲ့၍ ကသာမြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များက ကသာမြို့အတွင်း လှည့်လည်ရှာဖွေခဲ့ရာ ကားကြီးဝင်းအနီး လမ်းကြားနေရာမှ ပျောက်ဆုံးသွားသော ဆိုင်ကယ်နှင့်အတူ သိန်းထိုက်အောင်(ခ) ငထိုက်အား တွေ့ရှိရသည်။ ဆိုင်ကယ်ခိုးယူသွားသူ ကသာမြို့ အမှတ်(၉) ရပ်ကွက် အပိုင်း(၃)နေ သိန်းထိုက်အောင်(ခ) ငထိုက်အား ကသာမြို့မရဲစခန်းက ဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၆**
မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# ခေတ်မီစနစ်ကျသော မြို့ပြအိမ်ရာလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း)တည်ဆောက်နေ

**ပဲခူး ဩဂုတ် ၂၆**

ပဲခူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူစေရန်နှင့် ခေတ်မီစနစ်ကျသော မြို့ပြအိမ်ရာကြီး တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း) တည်ဆောက်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**တာဝန်ယူတည်ဆောက်**

အဆိုပါ ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း)မှာ ပဲခူးမြို့ စိန်သာလျောင်းဘုရားလမ်းနှင့် သမိန်ဗရမ်းလမ်းအား ဆက်သွယ်သည့်လမ်းပေါ်ရှိ ပဲခူးမြစ်ကိုဖြတ်သန်း၍ တည်ဆောက်နေသောတံတားဖြစ်ပြီး တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

တံတားတည်ဆောက်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၇၅၇ ဒသမ ၇၉ သန်းအကုန် အကျခံ တည်ဆောက်မည်ဖြစ်ပြီး တံတားတည်ဆောက်ရေးလုပ်ငန်းပိုင်း၌ တံတားအထူးအဖွဲ့(၉)မှ ကျွမ်းကျင်အင်ဂျင်နီယာ ရှစ်ဦးကျော်နှင့် ကာယညာဏလုပ်သား ၈၀ ကျော်တို့ဖြင့် လုပ်ငန်းများဆောင်ရွက်နေကြောင်း တံတားစီမံကိန်းတာဝန်ခံဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးက ပြောကြားသည်။

ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း)သည် အရှည်ပေ ၅၁၈ ဒသမ ၄ ပေရှိပြီး လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီနှင့် ယာဉ်သွားလမ်းအကျယ် ၂၈ ပေ စုစုပေါင်း တံတား အကျယ်ပေ ၄၀ ရှိသော သံကူကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။ တံတား၏ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်ပြီး တံတားအောက် ရေလမ်းကင်းလွတ် အကျယ် ၃၉ မီတာနှင့် တံတားအောက်ရေလမ်းကင်းလွတ်အမြင့် သုံးမီတာရှိကြောင်း သိရသည်။

**ဆောင်ရွက်ပြီးစီးနေ**

လက်ရှိ ၁ ဒသမ ၂ မီတာအချင်းရှိ သံကူကွန်ကရစ်လွန်တူးပိုင်လုပ်ငန်းများ၊ ပိုင်တိုင်ထိပ်အုပ်ငါးခု၊ ကမ်းကပ်ခုံ ကိုယ်ထည်တစ်ခုနှင့် ရေလယ်တိုင်တစ်ခုတို့ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်ပိုင်းတွင် တံတားလုပ်ငန်းများအပြီးသတ်တည်ဆောက်ရန် လျာထားကြောင်း သိရသည်။



အဆိုပါတံတားနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ရန်ကုန်-မန္တလေးလမ်းဟောင်း ပြင်စည်မီးပွိုင့်မှ ဆံတော်တွင်းလမ်းနှင့်ဆုံသည့်နေရာအထိ အရှည်သုံးမိုင်ခန့်နှင့် ဆံတော်တွင်းလမ်းမှ စိန်သာလျောင်းဘုရားလမ်း၊ ပဲခူး-သနပ်ပင်လမ်းမကြီးအထိ အရှည် နှစ်မိုင်ခြောက်ဖာလုံခန့်ရှိ စုစုပေါင်းအရှည် ငါးမိုင်ခြောက်ဖာလုံခန့်ကို ကတ္တရာကွန်ကရစ်လမ်း (AC)လမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အပြင် ပဲခူး-သနပ်ပင်လမ်းမကြီးမှတစ်ဆင့် ရန်ကုန်-မန္တလေးလမ်းမကြီး ကလိုလမ်းဆုံနှင့် ချိတ်ဆက်မည့် ပဲခူးမြို့အရှေ့ဘက် မြို့ပတ်လမ်းကိုပါ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) တည်ဆောက်ရေးစီမံကိန်းကို ပြီးခဲ့သည့် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ တံတားတည်ဆောက်ပြီးစီးပြီဆိုပါက ပဲခူးမြို့တွင်း ယာဉ်ကြောရှုပ်ထွေးပိတ်ဆို့မှု လျော့နည်းလာမည်ဖြစ်ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းလာစေမည်ဖြစ်ကာ ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်လာစေရန်အတွက် အထောက်အကူပြုစေမည့် တံတားဖြစ်ကြောင်း ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်မှ သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သစ်သီးအရောင်းကွင်းတွင် GAP သရက်သီးအရောင်းစင်တာတစ်ခု ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းလျက်ရှိ

**မူဆယ် ဩဂုတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP)အကြောင်း အသိပညာပေးခြင်းနှင့် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် GAP သရက်သီး အရောင်းစင်တာတစ်ခု ဖွင့်လှစ်နိုင်ရေးညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက်က မူဆယ်မြို့နယ် မူဆယ်-နမ့်ခမ်းကုန်သည်ကြီးများသင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



**အားထားရာတစ်ခုဖြစ်**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာထုတ်လုပ်ထားသည့် GAP သီးနှံများကို ထုတ်လုပ်ပေးရမည့် အချိန်ကျရောက်နေပြီဖြစ်ကြောင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဆိုသည်မှာ မြန်မာနိုင်ငံ၏ ကုန်စည်များစီးဆင်းရာ နယ်စပ်ထွက်ပေါက်တစ်ခုဖြစ်၍ ပြည်ပစျေးကွက်သို့ တင်ပို့လိုသည့်စိုက်ပျိုးထုတ်လုပ်သူများအတွက် အားထားရာတစ်ခုဖြစ်ပါကြောင်း၊ သရက်သီးအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များကို သမားရိုးကျစိုက်ပျိုးရောင်းချခြင်းထက် သီးသန့်ဖောက်သည်များအတွက် GAP စနစ်ဖြင့် ထုတ်လုပ်ရောင်းချနိုင်မည်ဆိုပါက အရည်အသွေးအာမခံချက်အပြည့်ရှိသည့်ကုန်စည်များအပေါ် ခိုင်မာသည့် စျေးကွက်ရရှိလာမည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ဦးတည်ဆွေးနွေးသည့် သရက်သီးသာမက အခြားသီးနှံများကိုလည်း GAP Corner တွင် စျေးကွက်ဖွင့်ရောင်းချနိုင်မည်ဟုမျှော်မှန်းပါကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသက်ဇင်မောင်က ပြောသည်။

**ဆွေးနွေး**

စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ သစ်သီးကုန်စည်ဒိုင်၊ သရက်သီးစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့မှ စကားဝိုင်းဖွဲ့ဆွေးနွေးရာတွင် GAP သီးနှံ၏ အရည်အသွေးအာမခံချက်ရှိမှု၊ နိုင်ငံတကာနှင့် အာဆီယံအသိုက်အဝန်းတွင် စျေးကွက်ဝင်မှုအခြေအနေ၊ GAP ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူ စားသုံးသူနှင့် သဘာဝပတ်ဝန်းကျင်တွင် အကျိုးသက်ရောက်မှု GAP သီးနှံအတွက်ရရှိလာနိုင်မည့် Price Premium၊ GAP အသိအမှတ်ပြုလက်မှတ်ရရှိရန်အတွက်၊ တောင်သူနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ သစ်သီးကုန်သွယ်မှုပမာဏနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရန် ဆောင်ရွက်မှုများ၊ နှစ်နိုင်ငံချိတ်ဆက်ဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ကုန်စည်အလိုက် Export Tax နှင့် tariff ကွာခြားပုံများ၊ သစ်သီးအတွက်သတ်မှတ်ထားသော Export Tax၊ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၏ သစ်သီးစျေးကွက်၊သက်ရက်သီး၏ စျေးနှုန်းအမြင့်ဆုံးနှင့် အနိမ့်ဆုံးစျေးရရှိချိန်၊ GAP သိအမှတ်ပြုလက်မှတ်ရရှိရန် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများနှင့် အားသာချက်များ၊ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် GAP Corner ဖွင့်လှစ်ခြင်းဖြင့် ပုံမှန် သရက်သီးစျေးကွက်တွင် သက်ရောက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

❖ **ကမ္ဘာ့ဖလားမှ**

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၅၊ ၁၀ ရက်တို့တွင် ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ပြီး ဩဂုတ် ၃၀ ရက်တွင် တရုတ်အသင်းနှင့် ခြေစမ်းခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဂျပန်အသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

❍ **အောင်လအန်ဆန်၏မှ**

ဘင်တန်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် ဘီဘီယာနို(ဘရာဇီး)နှင့် ဘီလင်ဂွန် (ဖိလစ်ပိုင်)တို့ ထိုးသတ်မည်ဖြစ်သလို ဖလိုင်းဝိတ်တန်းမွေထိုင်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲအဖြစ် ရိုထောင် (ထိုင်း)နှင့် ဝေါလ်တာ (ဘရာဇီး)တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ONE Championship သည် ယင်းပြိုင်ပွဲကို Part-1 နှင့် Part-2 ခွဲ၍ ကျင်းပမည်ဖြစ်ပြီး Part-1 တွင် ဖိုးသော်နှင့် တောင်ကိုရီးယားကစားသမား ယွန်ချန်မင်တို့ ထိုးသတ်မည့်ပွဲ ပါဝင်ကာ အောင်လအန်ဆန်ပွဲကိုမူ Part-2 ၌ ကျင်းပမည်ဖြစ်သည်။

**ကိုယ်အလေးချိန်မြှင့်ကာ ယှဉ်ပြိုင်ထိုးသတ်**

အောင်လအန်ဆန်သည် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒါဗီရာနှင့် ထိုးသတ်မည်ဖြစ်ပြီး ချန်ပီယံဆုရအပြီး နှစ်နှစ်နီးပါးအကြာမှ ပထမဆုံး ကာကွယ်ပွဲ ထိုးသတ်ရခြင်းဖြစ်သည်။ ဘရန်ဒန်ဗီရာသည် ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဖြစ်ပြီး ကိုယ်အလေးချိန်လျှော့ချကာ ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်သလို အောင်လအန်ဆန်မှာလည်း ယခုပွဲအတွက် ကိုယ်အလေးချိန်မြှင့်ကာ ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် မတ်လက ဂျပန်နိုင်ငံ၌ နောက်ဆုံးထိုးသတ်ထားပြီး မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် ဂျပန်နိုင်ငံသား ဟာဆဲဂါဝါကို အလဲထိုးအနိုင်ရခဲ့သည်။

အောင်လအန်ဆန်သည် ONE က ကြီးမှူးကျင်းပလျက်ရှိသည့် ပြိုင်ပွဲများတွင် မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း၌ ကမ္ဘာ့ချန်ပီယံဆုရထားပြီး ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းမှစတင်ကာ ပြိုင်ပွဲများတွင် နိုင်ပွဲများဆက်တိုက်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့် လာရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၆**

ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ တောတောင်ရေမြေ သဘာဝအလှအပများ၊ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ကြည့်ရှုလေ့လာခံစားနိုင်ရန် လေကြောင်း၊ ရေကြောင်းများဖြင့်သာမက နယ်စပ်ဝင်/ထွက်ပေါက်များမှ ကိုယ်ပိုင်မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ပြည်တွင်းရှိ အပျော်စီးသင်္ဘောများဖြင့်လည်းကောင်း လည်ပတ်လျက်ရှိရာ ထိုင်းနိုင်ငံသားဧည့်သည် ၆၆ ဦးသည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် ၃၀ ဖြင့် ၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်မှ ၁၁ ရက်အထိ ထီးခီး-မောင်းမကန်ကမ်းခြေ-ထားဝယ်-ထီးခီး ခရီးစဉ်အတိုင်း သွားရောက်လည်ပတ်၍ ထီးခီးနယ်စပ်ဂိတ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

နိုင်ငံခြားသားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုတိုးမြှင့်ဝင်ရောက်နိုင်ရေးအတွက် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းနှင့် ဘက်ပေါင်းစုံမှ ဖြေလျှော့ဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ထင်ရှားသောဒေသများသို့ စဉ်ဆက်မပြတ် လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

## တောတောင်စိမ်းစို သာယာပို၏

# မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) မြေပိုင်ဆိုင်ခွင့်ရှိသူက မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်းသဘောတူညီချက်အရ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ)ပါ အခွင့်အရေးများအနက် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းအစီအစဉ်တစ်ရပ်ရပ် ခံစားခွင့် သို့မဟုတ် လုပ်ငန်းစီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ကို တောင်းဆိုသည့်အခါ ရရှိခဲ့သည့် ညှိနှိုင်းသဘောတူညီချက် လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၄၉။ ဗဟိုကော်မတီသည် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် မြေသိမ်းဆည်းမှုအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့မှ ကြိုတင်ညှိနှိုင်းသဘောတူညီမှု ရရှိမထားသည့် လုပ်ငန်းစဉ်များအပေါ် ကိစ္စရပ်အလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့်ကိစ္စရပ်နှင့် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းမှ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ခွဲခြားတာဝန်ပေးအပ်ခွင့်ရှိသည်။

၅၀။ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းကြောင့် အမျိုးသမီးများ၊ ကလေးများ၊ တိုင်းရင်းသားလူနည်းစုများနှင့် ဓလေ့ထုံးစံအရ ပိုင်ဆိုင်ခွင့်ရှိသူများ အပါအဝင် ထိခိုက်နစ်နာလွယ်သူများကို ထိခိုက်နစ်နာမှုမရှိစေရန် အထူးဂရုပြု၍ စီစဉ်ဆောင်ရွက်ရမည်။

## အခန်း (၁၀)
## အဆောတလျင်မြေသိမ်းဆည်းခြင်း

၅၁။ (က) ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများပြည်သူအကျိုးအလို့ငှာ အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းက ပုဒ်မ ၈ နှင့် ၉ တို့အရ အဆိုပြုသည့်မြေကို လက်ရောက်အဆောတလျင် မြေသိမ်းဆည်းခြင်းပြုလုပ်ရေးအတွက် ဆက်လက်ဆောင်ရွက်စေနိုင်သည် -

(၁) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကိစ္စရပ်များတွင် အရေးပေါ်အခြေအနေအရ နေရာချထားဆောင်ရွက်ရန် လိုအပ်ခြင်း၊

(၂) ကြိုတင်မမျှော်မှန်းနိုင်သည့် အခြေအနေကြောင့် ရုတ်တရက်ပြောင်းလဲလာသည့် အခြေအနေအရ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ဆက်သွယ်ရေးတို့အတွက် မြေတစ်ရပ်ရပ်ကို အဆောတလျင်အသုံးပြုရန် လိုအပ်ခြင်း၊

(၃) သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ သို့မဟုတ် ကျရောက်နိုင်သည့်အခြေအနေရှိသည့်အခါတွင် အများပြည်သူကို ပြောင်းရွှေ့နေရာချထားပေးရန် လိုအပ်ခြင်း၊

(၄) ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်အရ အရေးပေါ်နေရာချထားရေးဆောင်ရွက်ရန် လိုအပ်ခြင်း။

(ခ) ဗဟိုကော်မတီသည် သိမ်းဆည်းရန် အဆိုပြုသည့် မြေကို လက်ရောက်အဆောတလျင် မြေသိမ်းဆည်းခြင်း ပြုလုပ်ရေးအတွက် ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းအတိုင်း မြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ကို ဆောလျင်စွာပြုလုပ်ပြီး ပုဒ်မ ၃၁နှင့်အညီ အများပြည်သူသိရှိရန် အဆိုပြုသည့်မြေကို အဆောတလျင်သိမ်းဆည်းကြောင်း အမိန့်ကြော်ငြာစာကို ထုတ်ပြန်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ အကြောင်းကြားရမည်။

(ဂ) မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် ပုဒ်မခွဲ (က) အရ အဆောတလျင် သိမ်းဆည်းသည့်မြေနှင့် စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနက မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးနောက် လျော်ကြေးနှင့်နစ်နာကြေးများ ဆောင်ရွက်မှုမရှိသေးစေကာမူ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲအား တာဝန်ပေးပြီး အဆိုပြုမြေကို လက်ရောက် အဆောတလျင်မြေသိမ်းဆည်းခြင်းပြုနိုင်သည်။

၅၂။ အဆောတလျင်မြေသိမ်းဆည်းခြင်းပြုရာတွင် သိမ်းဆည်းမည့်မြေများနှင့်စပ်လျဉ်း၍ အောက်ပါမြေများကို ဦးစားပေး စိစစ်သိမ်းဆည်းရမည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် အရေးပေါ်ကိစ္စရပ်များအတွက် ကြိုတင်လျာထားသတ်မှတ်ထားသည့်မြေများ၊

(ခ) မြေသိမ်းဆည်းမှုသည် အများပြည်သူ အကျိုးစီးပွားထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်ပေါ်စေနိုင်သည့်မြေများ၊

(ဂ) တစ်စုံတစ်ဦးအနေဖြင့် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနေသော်လည်း အသုံးချမှု တစ်စုံတစ်ရာမရှိသေးသည့်မြေများ။

၅၃။ အဆောတလျင်မြေသိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ -

(က) ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသူ မည်သူမျှ ထိခိုက်နစ်နာသူထံ ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ ထိုမြေပေါ်သို့ ဝင်ရောက်ခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေကို လက်ရောက်သိမ်းဆည်းခြင်းတို့ကို မပြုရ။

(ခ) ထိခိုက်နစ်နာသူက လျော်ကြေးနှင့် နစ်နာကြေးများကို တောင်းဆိုသည့်အခါ အချိန်မီ ဆောင်ရွက်ထုတ်ပေးနိုင်မှုမရှိပါက သိမ်းဆည်းပြီးနောက် ပုံမှန်သိမ်းဆည်းမှုများကဲ့သို့ ရွှေ့ပြောင်းနေရာချထားစရိတ် အပါအဝင် လျော်ကြေးနှင့် နစ်နာကြေးများကို ပြန်လည်တွက်ချက် ထုတ်ပေးရမည်။

(ဂ) လျော်ကြေးနှင့် နစ်နာကြေးများကို ထုတ်ပေးရာတွင် သာမန်မြေသိမ်းဆည်းခြင်း လုပ်ထုံးလုပ်နည်းများကို အဆောတလျင်ပြုလုပ်ရသဖြင့် ပိုမို၍ ထိခိုက်နစ်နာမှုရှိနိုင်သည့်အတွက် မြေပိုင်ဆိုင်ခွင့်ရှိသူအား မြေ၏ ဒေသကာလတန်ဖိုးအပေါ် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း၍သော်လည်းကောင်း၊ သိမ်းဆည်းသည့်မြေတွင် ဆက်နွယ်ပတ်သက်သူအား ထိခိုက်နစ်နာမှု တန်ဖိုးပမာဏအပေါ် ၁၀ ရာခိုင်နှုန်း ထပ်ဆောင်း၍သော်လည်းကောင်း ပေးရမည်။

(ဃ) မြေပေါ်တွင် အဆောက်အအုံရှိပါက ထိုအဆောက်အအုံ၏ ဒေသကာလတန်ဖိုးကို မြေပိုင်ဆိုင်ခွင့်ရှိသူအား ပေးရမည်။ ထို့ပြင် မြေတွင် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံပင်များရှိပါက ထိုအပင်များ၏ တစ်နှစ်အတွင်း အကျိုးခံစားရမည့် ကာလတန်ဖိုး၏ သုံးဆကို ထပ်ဆောင်း၍ ထိခိုက်နစ်နာသူအား ပေးရမည်။

(င) မြေပိုင်ဆိုင်ခွင့်ရှိသူက ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ခ)ပါ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်ကို ညှိနှိုင်းတောင်းဆိုသည့်အခါ ဤဥပဒေ အခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆီလျော်သလို ကျင့်သုံးဆောင်ရွက်ရမည်။

## အခန်း (၁၁)
## ယာယီမြေသိမ်းဆည်းခြင်း

၅၄။ ဗဟိုကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အများပြည်သူအကျိုးအလို့ငှာ အောက်ပါကိစ္စရပ်များအတွက် ငါးနှစ်ထက်မပိုစေဘဲ ပုဒ်မ ၁၆ နှင့် ၁၇ တို့ပါ နည်းလမ်းအတိုင်း ယာယီမြေသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ပြုလုပ်ပြီး ယာယီမြေသိမ်းဆည်းခြင်းကို ဆောင်ရွက်နိုင်သည် -

(က) နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့်စစ်ဆင်ရေးများအတွက် ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ၊

(ခ) နိုင်ငံတော်၏ စီမံကိန်းတစ်ရပ်ရပ်အတွက် စီမံကိန်းကာလအတွင်းသာ ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်တွင်းပြည်ပ ပုဂ္ဂလိက၊ ကုမ္ပဏီများသို့ စီမံကိန်းတစ်ရပ်ရပ်ကို နည်းလမ်းတစ်ရပ်ရပ်အရ ချထားဆောင်ရွက်စေရာတွင် စီမံကိန်းကာလအတွင်းသာ ယာယီလိုအပ်မည့် ကိစ္စရပ်များ၊

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့က ယာယီအသုံးပြုရန် လိုအပ်သည့် ကိစ္စရပ်များ။

၅၅။ ယာယီမြေသိမ်းဆည်းခြင်းအတွက် အောက်ပါမြေများကို ဦးစားပေး စိစစ်သိမ်းဆည်းရမည် -

(က) တစ်စုံတစ်ဦးအနေဖြင့် လက်ဝယ်ထားပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိနေသော်လည်း အသုံးချမှု တစ်စုံတစ်ရာမရှိသေးသည့်မြေများ၊

(ခ) မြေသိမ်းဆည်းမှုသည် အများပြည်သူအကျိုးစီးပွား ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်ပေါ်စေနိုင်သည့်မြေများ။

၅၆။ ပုဒ်မ ၅၄အရ ယာယီမြေကိုသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ပြုလုပ်ပြီးနောက် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် ထိခိုက်နစ်နာသူထံ မည်သည့်မြေများကို မည်သည့်ကာလအပိုင်းအခြားအထိ မည်သည့်ကိစ္စရပ်အလို့ငှာ ယာယီမြေသိမ်းဆည်းရန် လိုအပ်ကြောင်း အသိပေးသည့် အမိန့်ကြော်ငြာစာ ပူးတွဲ၍ အသိပေးအကြောင်းကြားစာပေးပို့ရမည်။ ထို့ပြင် ယာယီမြေသိမ်းဆည်းသည့်ကာလအတွက် ပေးအပ်ရမည့် နစ်နာကြေးနှင့် သတ်မှတ်အခကြေးငွေတို့ကို ထိခိုက်နစ်နာသူများနှင့် ညှိနှိုင်းသဘောတူညီချက် ရယူရမည်။

၅၇။ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က ယာယီမြေသိမ်းဆည်းခြင်းအတွက် ပေးလျော်ရန် ဆုံးဖြတ်သည့် နစ်နာကြေးနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာသူများက ကျေနပ်မှုမရှိသဖြင့် သက်ဆိုင်ရာတရားရုံးသို့ လွှဲအပ်လွှာတင်သွင်းရန် တောင်းဆိုလျှောက်ထားခြင်း၊ မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က သက်ဆိုင်ရာ တရားရုံးသို့ လွှဲအပ်လွှာတင်သွင်းခြင်းနှင့် တရားရုံးက ထိုလွှဲအပ်လွှာအမှုတွင် စုံစမ်းစစ်ဆေးပြီး အမိန့်နှင့်စီရင်ချက်ချမှတ်ခြင်းတို့ကို ပုဒ်မ ၄၁၊ ၄၂၊ ၄၃ နှင့် ၄၄ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၅၈။ ယာယီမြေသိမ်းဆည်းခြင်းကာလ လွန်မြောက်ပြီးနောက် မြေကို ပြန်လည်အပ်နှံချိန်တွင် အသုံးပြုမှုကြောင့် မြေတွင် ထိခိုက်ပျက်စီးမှုများ ရှိခဲ့ပါက ထိခိုက်နစ်နာသူများနှင့် ညှိနှိုင်းသဘောတူညီချက်ဖြင့် နစ်နာကြေး ပေးလျော်ရမည်။

## အခန်း(၁၂)
## သိမ်းဆည်းပြီး လွှဲပြောင်းပေးခဲ့သည့်မြေများကို နိုင်ငံတော်က ပြန်လည်ရယူခြင်း

၅၉။ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းက မည်သည့် ရည်ရွယ်ချက်အတွက် မြေကိုသိမ်းဆည်းခဲ့စေကာမူ အောက်ပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ခဲ့လျှင် ယင်းမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ နိုင်ငံတော်မှ ပြန်လည်ရယူနိုင်သည် -

(က) သိမ်းဆည်းထားသည့်မြေတွင် နိုင်ငံတော်အတွက် သမိုင်းတန်ဖိုးကြီးမြင့်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ တွေ့ရှိခြင်း၊

(ခ) ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာ တူးဖော်ရန်အလို့ငှာမဟုတ်ဘဲ အခြားရည်ရွယ်ချက်ဖြင့် သိမ်းဆည်းမြေတွင် အဖိုးတန်သယံဇာတနှင့် ကြွယ်ဝသတ္တုသိုက်များတွေ့ရှိခြင်း၊

(ဂ) မူလကတိကဝတ် အာမခံချက်ပြုထားသည့်အတိုင်း လူမှုစီးပွားရေး ထိခိုက်နစ်နာစေမှု ထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု တားဆီးကာကွယ်ရေးအစီအမံများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုကြောင့် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးထိခိုက်စေမှုများဖြစ်ပေါ်ခြင်း၊ လူမှုစီးပွားရေးအခြေအနေများ ယိုယွင်းထိခိုက်နစ်နာစေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ထိခိုက်ပျက်စီးစေခြင်း၊

(ဃ) မူလရည်ရွယ်သည့်အတိုင်း စီမံကိန်းသတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်မှုမရှိခြင်း၊

(င) လျာထားချက်အတိုင်း အသုံးမပြုခြင်း သို့မဟုတ် အသုံးပြုရန်မလိုအပ်တော့ခြင်း၊

(စ) အသုံးပြုရန် လိုအပ်သည်ထက် ပိုမိုရယူထားကြောင်း စိစစ်တွေ့ရှိခြင်း၊

(ဆ) ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများကို သဘောတူညီထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးမှုမရှိခြင်းနှင့် ပျက်ကွက်ခြင်း၊

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့မှ အကြောင်းခြင်းရာတစ်ရပ်ရပ်ကြောင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာကို ပြန်လည်ဖျက်သိမ်းခြင်း။

၆၀။ ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ) မှ (ဆ) အထိ ကိစ္စရပ်များအတွက် နိုင်ငံတော်အနေဖြင့် ပြန်လည်သိမ်းဆည်းခြင်းဖြစ်ပါက မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းသည် မြေသိမ်းဆည်းမှု ကုန်ကျစရိတ်အရပ်ရပ်ကို ပြန်လည်တောင်းခံပိုင်ခွင့်မရှိစေရ။

၆၁။ အများပြည်သူအကျိုးအလို့ငှာ ရည်ရွယ်၍ လုပ်ငန်းတစ်ရပ်ရပ်ဆောင်ရွက်ရန် မြေသိမ်းဆည်းရန် အဆိုပြုသည့်ဌာန၊ အဖွဲ့အစည်းသည် -

(က) သိမ်းဆည်းခဲ့သောမြေကို အသုံးမပြုတော့လျှင်ဖြစ်စေ၊ အသုံးမလိုတော့လျှင်ဖြစ်စေ၊ ဆက်လက်အသုံးပြုရန် အကြောင်းမရှိတော့လျှင်ဖြစ်စေ နိုင်ငံတော်သို့ စနစ်တကျပြန်လည်အပ်နှံရမည်။

(ခ) သိမ်းဆည်းခဲ့သောမြေကို ရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း အသုံးမပြုသည့်အခါဖြစ်စေ၊ ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အခြားဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲပြောင်းလျှင်ဖြစ်စေ မြေသိမ်းဆည်းခြင်းသည် ပျက်ပြယ်ပြီး ထိုမြေသည် နိုင်ငံတော်၏လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ပြန်လည်အပ်နှံသည့် မြေ သို့မဟုတ် ပုဒ်မခွဲ (ခ)အရ နိုင်ငံတော်၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိသည့် မြေနှင့်စပ်လျဉ်း၍ မြေသိမ်းဆည်းမှု ကုန်ကျစရိတ်နှင့် ထိုမြေတွင် ရင်းနှီးမြှုပ်နှံသည့်ငွေများကို နိုင်ငံတော်ထံမှ တစ်စုံတစ်ရာ တောင်းဆိုပိုင်ခွင့် မရှိစေရ။ **(ဆက်လက်ဖော်ပြပါမည်)**

# ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(ဂ) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာ လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန် ဦးဆောင်လမ်းညွှန်ခြင်း၊

(ဃ) ဤဥပဒေကို အကောင်အထည်ဖော် ကျင့်သုံးမှုအား သုံးသပ်ခြင်းနှင့် ထိရောက်မှုရှိစေရန် နည်းလမ်းချမှတ်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ကြက်ခြေနီအမှတ်အသား အသုံးပြုခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၇။ ညှိနှိုင်းရေးအဖွဲ့သည် လိုအပ်ပါက အထောက်အကူပြုနိုင်ရန်အတွက် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသောအမှတ်အသားအဖြစ် အသုံးပြုခြင်း

၈။ ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များအရ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန်တွင် ဆေးဘက်ဆိုင်ရာတပ်ဖွဲ့၊ ဆေးဘက်ဆိုင်ရာအဖွဲ့၊ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များကို အကာအကွယ်ပေးထားကြောင်း သိရှိစေရန်အလို့ငှာ အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ကြက်ခြေနီအမှတ်အသားကို အရွယ်အစားကြီးမားစွာ တပ်ဆင်အသုံးပြုရမည်။

၉။ ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် အသုံးပြုရာတွင် -

(က) ဆေးဘက်ဆိုင်ရာတပ်ဖွဲ့သည် ငြိမ်းချမ်းသည့်အချိန်နှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန် နှစ်မျိုးလုံးတွင် မြေပြင်၊ ရေပြင်နှင့် ဝေဟင်တို့၌ ယင်း၏ ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာတပ်ဖွဲ့၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များတွင် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာ အသုံးပြုရမည်။

(ခ) ဂျီနီဗာသဘောတူညီချက်များနှင့်အညီ ဆေးဘက်ဆိုင်ရာတပ်ဖွဲ့အား အကူအညီပေးရန် ကာကွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုလျှင် တာဝန်ပေးထားသော ဆေးဘက်ဆိုင်ရာပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဖွဲ့၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံနှင့် ဆေးဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်များတွင် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာ အသုံးပြုနိုင်သည်။

(ဂ) ဆေးဘက်ဆိုင်ရာတပ်ဖွဲ့မှ ပုဂ္ဂိုလ်များနှင့် ပုဒ်မခွဲ(ခ)အရ ကာကွယ်ရေးဝန်ကြီးဌာနက ခွင့်ပြုထားသော ပုဂ္ဂိုလ်များသည် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပေးသော ကြက်ခြေနီအမှတ်အသားပါရှိသည့် လက်မောင်းပတ်ကို ဝတ်ဆင်ထားရမည့်အပြင် ကြက်ခြေနီအမှတ်အသားပါရှိသည့် သက်သေခံကတ်ပြားကိုလည်း မိမိနှင့် တစ်ပါတည်းယူဆောင်ထားရမည်။

(ဃ) ဝန်ကြီးဌာနသည် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန်တွင် လက်နက်ကိုင်ပဋိပက္ခကြောင့် ဒဏ်ရာရသူနှင့် နာမကျန်းဖြစ်သူများ၊ ပင်လယ်ပြင်၌ သင်္ဘောပျက်၍ ဒုက္ခရောက်သူများကို သယ်ယူပို့ဆောင်ပေးရန် သို့မဟုတ် ပြုစုစောင့်ရှောက်မှုပေးရန် တာဝန်ပေးထားသော အရပ်ဘက်မှ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ဆေးကုသရေးအဖွဲ့၊ ဆေးရုံ၊ ဆေးဘက်ဆိုင်ရာ အဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များအား ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာ အသုံးပြုခွင့်ပေးရမည်။ ယင်းသို့ အသုံးပြုခွင့်ပေးရာတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့်လည်းကောင်း၊ ကြက်ခြေနီအသင်းနှင့်လည်းကောင်း လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

(င) ပုဒ်မခွဲ(ဃ)အရ တာဝန်ထမ်းဆောင်သူများသည် ဝန်ကြီးဌာနက ထုတ်ပေးသော ကြက်ခြေနီအမှတ်အသားပါရှိသည့် လက်မောင်းပတ်ကို ဝတ်ဆင်ရမည့်အပြင် ကြက်ခြေနီအမှတ်အသားပါရှိသည့် သက်သေခံကတ်ပြားကိုလည်း မိမိနှင့် တစ်ပါတည်းယူဆောင်ထားရမည်။

(စ) ကြက်ခြေနီအသင်းသည် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားသည့်အချိန်တွင် ဆေးဘက်ဆိုင်ရာ တပ်ဖွဲ့အား အကူအညီပေးရန် တာဝန်ပေးထားသော ကြက်ခြေနီအသင်း၏ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်၊ ဆေးဘက်ဆိုင်ရာအဖွဲ့နှင့် ဆေးဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် ကြက်ခြေနီအမှတ်အသားကို အကာအကွယ်ပေးသော အမှတ်အသားအဖြစ် ထင်ရှားစွာ တပ်ဆင်အသုံးပြုခွင့်ပေးရမည်။ ယင်းသို့ အသုံးပြုခွင့်ပေးရာတွင် ကြက်ခြေနီအသင်းသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဆ) ပုဒ်မခွဲ(စ)အရ တာဝန်ထမ်းဆောင်သူသည် ကြက်ခြေနီအသင်းက ထုတ်ပေးသော ကြက်ခြေနီအမှတ်အသားပါရှိသည့် လက်မောင်းပတ်ကို ဝတ်ဆင်ရမည့်အပြင် ကြက်ခြေနီအမှတ်အသားပါရှိသည့် သက်သေခံကတ်ပြားကိုလည်း မိမိနှင့် တစ်ပါတည်း ယူဆောင်ထားရမည်။

## အခန်း (၅)
## ကြက်ခြေနီအမှတ်အသားကို ဖော်ညွှန်းပြသသောအမှတ်အသားအဖြစ် အသုံးပြုခြင်း

၁၀။ ကြက်ခြေနီအသင်းသည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို ကြက်ခြေနီလှုပ်ရှားမှုနှင့် ပတ်သက်ဆက်နွှယ်မှုရှိကြောင်း ဖော်ညွှန်းပြသရာတွင် ကြက်ခြေနီအမှတ်အသားကို လူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုကိုလိုက်၍ အချိုးကျ အရွယ်အစားသေးငယ်စွာ တပ်ဆင်အသုံးပြုရမည်။

၁၁။ ကြက်ခြေနီအသင်းသည် -

(က) ငြိမ်းချမ်းသည့်အချိန်နှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန် နှစ်မျိုးလုံးတွင် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အရာဝတ္ထုတစ်ခုခုသည် ကြက်ခြေနီအသင်းနှင့် ဆက်နွှယ်မှုရှိကြောင်း ပြသရန်အလို့ငှာ ကြက်ခြေနီအမှတ်အသားကို ကြက်ခြေနီအသင်း၏ အမည် သို့မဟုတ် ကြက်ခြေနီအသင်းအမည်၏ အတိုကောက်စာလုံး ပါဝင်စေလျက် လူပုဂ္ဂိုလ် သို့မဟုတ် အရာဝတ္ထုကိုလိုက်၍ အချိုးကျ အရွယ်အစားသေးငယ်စွာ အသုံးပြုရန် ခွင့်ပြုခြင်း၊

(ခ) ငြိမ်းချမ်းသည့်အချိန်တွင် ဒဏ်ရာရသူနှင့် ဖျားနာသူများကို အခမဲ့ပြုစုကုသမှုပေးရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်တာဝန်ပေးထားသည့် လူနာတင်ယာဉ်အဖြစ် အသုံးပြုသောယာဉ်ကို ခွဲခြားသိရှိနိုင်ရန်လည်းကောင်း၊ အကူအညီပေးရေးစခန်းကို အမှတ်အသားပြုနိုင်ရန်လည်းကောင်း အချိန်အကန့်အသတ်တစ်ခုအတွက် ကြက်ခြေနီအမှတ်အသားကို အသုံးပြုရန် ခြွင်းချက်အဖြစ် ခွင့်ပြုခြင်း။

၁၂။ ကြက်ခြေနီအသင်းသည် သဘာဝဘေးအန္တရာယ် ကျရောက်ချိန်တွင် သဘာဝဘေးဒဏ်ခံရသူများကို ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဆောင်ရွက်ရာ၌ ကြက်ခြေနီအမှတ်အသားကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် ပုဒ်မ ၁၀ နှင့်အညီ အရွယ်အစားသေးငယ်စွာ တပ်ဆင်အသုံးပြုရမည်။ ထိုသို့ အသုံးပြုသည့်အခါ ကြက်ခြေနီအမှတ်အသားနှင့်အတူ ကြက်ခြေနီအသင်း၏ အမည် သို့မဟုတ် ကြက်ခြေနီအသင်းအမည်၏ အတိုကောက်စာလုံး ပါဝင်စေလျက် အသုံးပြုရမည်။

၁၃။ မြန်မာနိုင်ငံပိုင်နက် နယ်နိမိတ်အတွင်းတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လာရောက်ဆောင်ရွက်လျက်ရှိသော အခြားနိုင်ငံများမှ အမျိုးသားကြက်ခြေနီအသင်းများသည် ကြက်ခြေနီအသင်း၏ သဘောတူညီမှုဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ယင်းတို့၏ ကြက်ခြေနီအမှတ်အသားပါရှိသည့် အသင်းတံဆိပ်ကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် အသုံးပြုခွင့်ရှိသည်။

## အခန်း (၆)
## လခြမ်းနီအမှတ်အသားနှင့် ခရစ္စတယ်နီအမှတ်အသားကို အသုံးပြုခြင်း

၁၄။ မြန်မာနိုင်ငံပိုင်နက် နယ်နိမိတ်အတွင်းတွင် လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လာရောက်ဆောင်ရွက်လျက်ရှိသော အခြားနိုင်ငံများမှ အမျိုးသားလခြမ်းနီ သို့မဟုတ် ခရစ္စတယ်နီအသင်းများသည် ကြက်ခြေနီအသင်း၏ သဘောတူညီမှုဖြင့် သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ယင်းတို့၏ လခြမ်းနီအမှတ်အသား သို့မဟုတ် ခရစ္စတယ်နီအမှတ်အသားပါရှိသည့် အသင်းတံဆိပ်ကို ဖော်ညွှန်းပြသသော အမှတ်အသားအဖြစ် အသုံးပြုခွင့်ရှိသည်။

## အခန်း (၇)
## နိုင်ငံတကာအဖွဲ့အစည်းများက အသုံးပြုခြင်း

၁၅။ ဂျီနီဗာသဘောတူညီချက်များနှင့် နောက်ဆက်တွဲ သဘောတူညီချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC) နှင့် ယင်းတို့က အခွင့်အာဏာပေးထားသော ပုဂ္ဂိုလ်တို့သည် မည်သည့်အချိန်တွင်မဆို ယင်းတို့၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများအားလုံးကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရန်အလို့ငှာ သိသာထင်ရှားသော အမှတ်အသားများကိုလည်းကောင်း၊ ကြက်ခြေနီအမှတ်အသား သို့မဟုတ် ကြက်ခြေနီအမှတ်အသားနှင့် လခြမ်းနီ အမှတ်အသားတို့ ပါရှိသော ယင်းတို့၏ အဖွဲ့အစည်းတံဆိပ်ကိုလည်းကောင်း အသုံးပြုနိုင်သည်။

## အခန်း (၈)
## ကြက်ခြေနီအသင်း၏ တာဝန်

၁၆။ ကြက်ခြေနီအသင်း၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများအား အသုံးပြုမှုကို စောင့်ကြည့်လေ့လာခြင်း၊

(ခ) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများအား အလွဲသုံးမှုအပေါ် လိုအပ်သလို အရေးယူဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၏ အကူအညီရယူ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို လေးစားစေရေးနှင့် ယင်းတို့ကို အသုံးပြုရာတွင် ဤဥပဒေနှင့်အညီ အသုံးပြုစေရေးတို့အတွက် အများပြည်သူကို အသိပညာပေးခြင်းနှင့် ယင်းသို့ ဆောင်ရွက်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ကြက်ခြေနီအသင်းက အသုံးပြုသော ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီ အမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသားနှင့် ယင်းတို့၏ အမည်နာမများကို အသုံးပြုဆောင်ရွက်မှုများသည် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်စေရန် ကြီးကြပ်ခြင်း၊

(င) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနတို့က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ကြက်ခြေနီ အခြေခံမူများနှင့် မဆန့်ကျင်စေဘဲ ထမ်းဆောင်ခြင်း။

## အခန်း (၉)
## တားမြစ်ချက်များ

၁၇။ မည်သူမျှ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားသည့်အချိန်တွင် သိသာထင်ရှားသော အမှတ်အသား သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများကို အသုံးပြု၍ သစ္စာမဲ့သောလုပ်ရပ်ကို ကျူးလွန်ခြင်း သို့မဟုတ် ကျူးလွန်ရန် အမိန့်ပေးခြင်းမပြုရ။

၁၈။ အသုံးပြုခွင့်ရှိသူ မည်သူမှအပ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ ယင်းတို့၏အမည်နာမများ သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများကို ဤဥပဒေပါ ရည်ရွယ်ချက် သို့မဟုတ် လုပ်ငန်းနှင့်သက်ဆိုင်ခြင်းမရှိသည့် ကိစ္စရပ်တွင် အသုံးမပြုရ။

၁၉။ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ သို့မဟုတ် ယင်းတို့၏ အမည်နာမကိုဖြစ်စေ၊ ကြက်ခြေနီအမှတ်အသား သို့မဟုတ် လခြမ်းနီအမှတ်အသား သို့မဟုတ် ခရစ္စတယ်နီအမှတ်အသားကို တုပ၍ဖြစ်စေ၊ ယင်းတို့၏ အမည်နာမကို မည်သည့်ဘာသာစကားဖြင့်မဆို ဘာသာပြန်ဆို၍ဖြစ်စေ အသုံးပြုနေသောသူများသည် ဤဥပဒေပြဋ္ဌာန်းပြီးချိန်မှစ၍ ဆက်လက်အသုံးမပြုရ။

၂၀။ ဤဥပဒေပြဋ္ဌာန်းပြီး တစ်နှစ်အတွင်း ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ သို့မဟုတ် ယင်းတို့၏ အမည်နာမကို တုပ၍ဖြစ်စေ၊ မည်သည့် ဘာသာစကားဖြင့်မဆို ဘာသာပြန်ဆို၍ဖြစ်စေ အသုံးပြုနေသောသူများသည် မိမိတို့၏ ကုန်ပစ္စည်းများကို ဈေးကွက်မှ ပြန်လည်သိမ်းဆည်းရမည်။

၂၁။ အသုံးပြုခွင့်ရှိသူမှအပ မည်သူမျှ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ ယင်းတို့၏ အမည်နာမများ သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများကို အသုံးမပြုရ။

၂၂။ မည်သူမျှ ကြက်ခြေနီအမှတ်အသား၊ လခြမ်းနီအမှတ်အသား၊ ခရစ္စတယ်နီအမှတ်အသား၊ ယင်းတို့၏ အမည်နာမများ သို့မဟုတ် သိသာထင်ရှားသော အချက်ပြခြင်းများနှင့် ခွဲခြားမရအောင် တူညီသော၊ မှားယွင်းနိုင်သော သို့မဟုတ် ဆင်တူယိုးမှားဖြစ်စေနိုင်သော အဆင်ဒီဇိုင်းကိုဖြစ်စေ သို့မဟုတ် ပုံသဏ္ဌာန် အချက်ပြခြင်းကိုဖြစ်စေ၊ အမှတ်အသားကိုဖြစ်စေ၊ စကားလုံးကိုဖြစ်စေ အသုံးမပြုရ။

၂၃။ မည်သူမျှ ကြက်ခြေဖြူ အမှတ်အသားကို မည်သည့်ရည်ရွယ်ချက်နှင့်မျှ အသုံးမပြုရ။

**(ဆက်လက်ဖော်ပြပါမည်)**

## ရန်ကုန်တက္ကသိုလ်၌ အသုံးချဒဿနအမြင်ပြပွဲနှင့် ပညာရှင်များ၏ ဒဿနစကားဝိုင်းကျင်းပ




**ရန်ကုန် ဩဂုတ် ၂၆**
ရန်ကုန်တက္ကသိုလ်ရာပြည့်အကြို (၉၉)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ပထမဆုံးအကြိမ် ဒဿနိကဗေဒဘွဲ့လွန် ကျောင်းသား ကျောင်းသူများ စုပေါင်းပြုလုပ်သည့် အသုံးချဒဿနအမြင်ပြပွဲနှင့် ပညာရှင်များ၏ ဒဿနစကားဝိုင်းကို ဩဂုတ် ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ RC ခန်းမ၌ ကျင်းပသည်။

ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဥမ္မာကျော်က "ဘာပဲလုပ်လုပ် လက်တွေ့မလုပ်ဆောင်ခင်မှာတော့ အတွေးဆိုတာကို တွေးရတာပါပဲ။ အကောင်းဆုံးတွေ တွေးပြီးတော့မှ အကောင်းဆုံးတွေကို လုပ်ဆောင်ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ပွဲကနေ ကျောင်းသား ကျောင်းသူတွေအားလုံး၊ လူတွေအားလုံးဟာ အတွေးကောင်းကောင်းတွေ တွေးပြီးတော့ အလုပ်ကောင်းကောင်းတွေ လုပ်နိုင်ဖို့အတွက် များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန၏ ပါမောက္ခဌာနမှူး ဒေါက်တာလဲ့လဲ့ဝင်းက "ဒဿနိကဗေဒဘာသာရပ်လို့ ပြောလိုက်ရင် အများစုက စာအုပ်ကြီးတွေ၊ ထိုင်ပြီးတွေးနေတာတွေကိုပဲ မြင်ကြတယ်။ ဘဝနဲ့ဆက်စပ်ပြီးတော့ မြင်ကြတာနည်းတယ်။ လူဆိုတာ ပထမဆုံးတော့ တွေးကြရတာပါပဲ။ ဒါပေမယ့် တွေးနေတာကို တွေးမှန်းမသိဘဲ တွေးနေတဲ့အဖြစ်တွေက ပိုများပါတယ်။ ဒါကြောင့် တွေးနေတာကို တွေးမှန်းသိပြီးတော့ ဘယ်လိုစနစ်တကျနဲ့ ဘဝမှာအသုံးချနိုင်သလဲဆိုတာကို သက်သေတစ်ခုအနေနဲ့ ပြသနိုင်မယ့်ပွဲဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် လှုပသောနိုင်ငံတော်ခေါင်းစဉ်ဖြင့် ပါမောက္ခဒေါက်တာဆန်းထွန်း၊ စာရေးဆရာချစ်ဦးညို၊ ဆရာမောင်မောင်ဇေယျ၊ ဆရာမင်းကိုနိုင်နှင့် ဆရာကျော်မင်းဆွေ (MJI) တို့က ဒဿနစကားဝိုင်း ဟောပြောဆွေးနွေးကြသည်။

အဆိုပါပွဲတွင် ပန်းချီ၊ ပန်းပု၊ ဓာတ်ပုံ အစရှိသည့် အနုပညာလက်ရာများ၊ ဘွန်ဆိုင်းသစ်ပင်များ၊ ဂျပန်ရိုးရာဆာမူရိုင်း၏ ရသအလှသရုပ်ဖော်ခြင်းများ၊ ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်တင်ဆက်မှုများ၊ ဒဿနစာစုများနှင့် ဒဿနဆိုင်ရာစာအုပ်များ စသည်တို့ကို ခင်းကျင်းပြသခဲ့သည်။

ယင်းပြပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၂၆ နှင့် ၂၇ ရက် နှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လူငယ်သစ်ရှာပုံတော် ခေါင်းစဉ်ဖြင့် ဆရာမစမ်းစမ်းနွဲ့(သာယာဝတီ)၊ ပါမောက္ခဒေါက်တာမောင်ဆောင်၊ ဆရာဝင်းမောင်(ဒဿန)၊ ဒေါက်တာဟန်ထူးလွင် (Big Bag)နှင့် ဒါရိုက်တာဇာကြီးတို့က စကားဝိုင်း ဟောပြောဆွေးနွေးကြမည်ဖြစ်သည်။ **အေးမင်းသူ**

## ရေတိုက်စားမှုကြောင့် စခန်းကြီးကျေးရွာတွင် တံတားပြိုကျမှုဖြစ်ပွား

**သထုံ ဩဂုတ် ၂၆**
မွန်ပြည်နယ် သထုံမြို့ စခန်းကြီးကျေးရွာ သဲအိမ်ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ်(၂၉/၂)နှင့်(၂၉/၃) အကြား ရေထုတ်ပြွန်တံတားအား ရေတိုက်စားမှုကြောင့် ဩဂုတ် ၂၆ ရက် ညနေပိုင်းက ပြိုကျကာပျက်စီးမှုဖြစ်ပွားခဲ့သည်။

အဆိုပါနေရာသို့ သထုံမြို့နယ် အုပ်ချုပ်ရေးမှူးဦးသိန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် သထုံခရိုင်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆွေဆွေဦးတို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ယာဉ်များအမြန်ဆုံးသွားလာနိုင်ရန် ဩဂုတ် ၂၇ ရက်တွင် လမ်းတံတားဦးစီးဌာနက ပြန်လည်ပြုပြင်မည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ထွန်းအောင်(သထုံ)**





## ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းသား ၄၀၀ အထိတိုးမြှင့်ခေါ်ယူမည်

**ရန်ကုန် ဩဂုတ် ၂၆**
၂၀၁၈ - ၂၀၁၉ တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့လျှောက်ထားသူ နည်းပါးနေသည့်အတွက် ခေါ်ယူလိုသည့် ကျောင်းသား ကျောင်းသူအရေအတွက်ပြည့်မီစေရန် မူလခေါ်ယူထားသောရမှတ်များကို နှိမ့်၍ ခေါ်ယူခဲ့သည့်အပြင် အရေအတွက်ကိုလည်းတိုးမြှင့်ခေါ်ယူလိုက်ကြောင်း မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာမြတ်လွင်က ပြောသည်။

"ပုံမှန်ကတော့ ကျွန်တော်တို့ကျောင်းက ရမှတ် ၄၇၀ နဲ့ ခေါ်ယူနေတာပါ။ ဒီနှစ်ကတော့ အခြားကျောင်းတွေမှာလည်း ဝင်ခွင့်အမှတ်တွေက နိမ့်တယ်။ နှစ်စဉ်ကျောင်းသား ကျောင်းသူ ၃၆၀ လောက်ခေါ်ယူနေတာပါ။ သို့ပေမယ့်လည်း ဇူလိုင်လကုန်အထိ လျှောက်ထားတာက ၁၆၀ လောက်ပဲရှိတော့ လိုအပ်တဲ့အရေအတွက်ကို မပြည့်မှာစိုးတဲ့အတွက် ပြီးခဲ့တဲ့အပတ်က ၄၄၀ နဲ့ ခေါ်ယူထားပါတယ်။ ပြီးတော့ ဒီနှစ်က အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးလိုတဲ့အတွက် ကျောင်းသား ကျောင်းသူ ၄၀၀ အထိ တိုးမြှင့်ခေါ်ယူသွားမှာဖြစ်ပါတယ်" ဟု ဒေါက်တာမြတ်လွင်က ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ပြုလုပ်သော စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ လျှောက်ထားမှုမှာ ပုံမှန်ဩဂုတ်လကုန်အထိ သတ်မှတ်ခေါ်ယူခဲ့သော်လည်း ယခုနှစ်တွင် စက်တင်ဘာ ၁၃ ရက်အထိ နောက်ဆုံးလျှောက်ထားနိုင်ကြောင်း၊ ပုံမှန်အားဖြင့် ကျောင်းသူ ၆၀ ခန့်သာ ခေါ်ယူနေရာမှ ကျောင်းသူ ၈၀ အထိ တိုးမြှင့်ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ လျှောက်ထားမှုရမှတ်များ လျှော့ချသတ်မှတ်ခဲ့သော်လည်း လျှောက်ထားမှုအပေါ်မူတည်ပြီး ရွေးချယ်သွားမည်ဖြစ်၍ လျှောက်ထားသူများ၏ ရမှတ်တန်းစီစနစ်အရ ရမှတ် ၄၅၀ နှင့် ၄၆၀ ကြား အမှတ်ပြတ်နိုင်ကြောင်း၊ ခေါ်ယူသည့် ကျောင်းသားဦးရေ ၄၀၀ အထိ ခေါ်ယူမည်ဖြစ်ခြင်းကြောင့် နောက်ဆုံးအမှတ်သည်တူညီနေပါက တူညီရမှတ် ကျောင်းသား ကျောင်းသူများကိုလည်း ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ သက်တမ်း ၁၇ နှစ်ရှိ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူ ၁၅၀၀ နီးပါး ပညာသင်ကြားလျက်ရှိကြောင်း၊ သင်္ဘောသားအဖြစ်လုပ်ကိုင်နိုင်သော ဘာသာသုံးမျိုးရှိပြီး အမျိုးသားများသာတက်ရောက်နိုင်သော ဘာသာရပ်ဖြစ်ကြောင်း၊ သို့သော်လည်း ဆိပ်ကမ်းအင်ဂျင်နီယာ၊ သင်္ဘောတည်ဆောက်ရေးနှင့် မြစ်ချောင်းဆိုင်ရာဘာသာရပ်များတွင် ကျောင်းသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## မူးယစ်ဆေးဝါးအန္တရာယ်၊ ကလေးသူငယ်ဆိုင်ရာဥပဒေနှင့် မှုခင်းအသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၆**
မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ကလေးသူငယ်ဆိုင်ရာ ဥပဒေနှင့် မှုခင်းအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ၂၈ လမ်းနှင့် ၆၈ လမ်းထောင့်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

ချမ်းအေးသာစံမြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က မှုခင်းကျဆင်းရေး အကြောင်းကိုလည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးလှသိန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအကြောင်းကိုလည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ (မန္တလေး)မှ ဒုတိယရဲမှူးစန်းညွန့်အောင်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးရဲတပ်ဖွဲ့စုမှ အမှုကိုင်အရာရှိ ရဲအုပ်သူရက ကလေးသူငယ်ဆိုင်ရာ ဥပဒေအကြောင်းကိုလည်းကောင်း အသီးသီး အသိပညာပေးဟောပြော၍ ပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

**တင်မောင် (မန်းကိုယ်ပွား)**

## ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများထုတ်လုပ်ခြင်း သင်တန်းဖွင့်



**ပုသိမ် ဩဂုတ် ၂၆**
ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးကောင်းမွန်သော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းဖွင့်ပွဲကို ပုသိမ်မြို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးဇော်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်ရုံးချုပ် ဥယျာဉ်ဇီဝဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလှိုင်က အာဆီယံ GAP ကို စနစ်တစ်ခုအဖြစ်ထားရှိဆောင်ရွက်ရန်နှင့် အာဆီယံ GAP တွင် ကဏ္ဍလေးခုရှိကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဦးစီးအရာရှိ ဒေါက်တာသီသီမာက မြန်မာ GAP Guideline ၁၆ ချက်နှင့် GAPဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ GAP ဆောင်ရွက်မှုများ လျင်မြန်နိုင်ရေးအတွက် Digitalization System အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ စိုက်ပျိုးရေးဦးစီးဌာနရုံးချုပ်မှ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ပုသိမ်ခရိုင် (ပြန်/ဆက်)**



## သားမြတ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာအကြောင်း အသိပညာပေး

**နေပြည်တော် ဩဂုတ် ၂၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော အမျိုးသမီးများတွင် အဖြစ်များလျက်ရှိသည့် သားမြတ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာအကြောင်း ကျန်းမာရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်မက်စ်၌ ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က အဖွင့်အမှာစကားပြောကြားပြီး ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းဥက္ကဋ္ဌ ကင်ဆာရောဂါအထူးကု ပါမောက္ခ သမားတော်ကြီး ဒေါက်တာဒေါ်ယဉ်ယဉ်ထွန်းက သားမြတ်ကင်ဆာအကြောင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဒေါ်ယဉ်ယဉ်ဇော်က သားအိမ်ခေါင်းကင်ဆာအကြောင်း သိကောင်းစရာများကိုလည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြသည်။

ယင်းနောက် သားမြတ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာ ကြိုတင်ကာကွယ်နိုင်ရေးနှင့် အချိန်မီသိရှိပြီး ကုသမှုများဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးမေးခွန်းများ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းများကို ဆောင်ရွက်ကြသည်။

**ရွှေကုက္ကို**

## မကွေးတိုင်းဒေသကြီးဝန်ကြီး မြို့သစ်၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**မြို့သစ် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်သည် ဒေသဖွံ့ဖြိုးရေးအတွက် ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက မြို့သစ်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသာအောင်က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးက ဌာနဆိုင်ရာများအနေဖြင့် ဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တက်တက်ကြွကြွ လုပ်ကိုင်ဆောင်ရွက်ရေး၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ နီးကပ်လာသည်နှင့်အမျှ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများက စာရင်းဇယားများ ကောက်ယူရာတွင် တိကျမှန်ကန်စွာ အချိန်မီပြီးစီးနိုင်ရေး ကြိုးစားလုပ်ကိုင်ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ဝင်းက အိမ်ထောင်စု လူဦးရေစာရင်းကောက်ယူမှုနှင့်ပတ်သက်၍ အချိန်မီ ပြီးစီးနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းရာ ဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်ဇော်(မြို့သစ်)**

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရှင်လန်း၏**

## ရေကြီးနစ်မြုပ်စပါးစိုက်ကွင်းများတွင် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး ကူညီဆောင်ရွက်ပေး

**နေပြည်တော် ဩဂုတ် ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော မိုးစပါးများ ရေကျချိန်တွင် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် သက်တမ်းတိုမျိုးစပါးများ ထောက်ပံ့ပေးခြင်း၊ စက်များဖြင့် စိုက်ထယ်ရေး ပြန်လည်ထွန်ယက်ပေးခြင်း၊ ကောက်စိုက်စက်ဖြင့် ဝင်ရောက်စိုက်ပျိုးနိုင်သော လယ်မြေများတွင် စက်ဖြင့် ကူညီစိုက်ပျိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊ ရေကြီးနစ်မြုပ်ခဲ့သော လယ်ယာသုံး စက်ကိရိယာများအား ကွင်းဆင်းပြုပြင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်သည် ဩဂုတ် ၂၄ ရက်တွင် ပေါင်မြို့နယ် ကတွန်ကျေးရွာ ရွှေဇင်းကျိုက်မွှာရုံ၌ ကတွန်ကျေးရွာ၊ ဖြူဘကျေးရွာ၊ နတ်ကြီးချောင်းကျေးရွာ၊ ပန်းကုန်းကျေးရွာ၊ ရင်းငြိမ်တောင်ကျေးရွာတို့မှ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးပျက်စီးခဲ့သော တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးရာတွင် လက်တွန်းထွန်စက်များ အသုံးပြုနိုင်ရေးအတွက် တောင်သူများ၏ လိုအပ်ချက်အရ ဌာနပိုင် လက်တွန်းထွန်စက် အစီး ၂၀ အား အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် သထုံစက်မှုလယ်ယာစခန်းသို့သွားရောက်၍ ဝန်ထမ်းများ ကောက်စိုက်စက်ပျိုးဇန်းများ ပျိုးထောင်နေမှုနှင့် ကောက်စိုက်စက်များရောက်ရှိနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား စိုက်ပျိုးချိန်မီ ကူညီဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့သည်။

ဆက်လက်၍ ကျိုက်မရောမြို့နယ် ဘာဘူကုန်းကျေးရွာတောင်သူများနှင့် တွေ့ဆုံခဲ့ပြီး မော်လမြိုင်စက်မှုလယ်ယာစခန်းနှင့် ဘီးလင်းမြို့နယ် စက်မှုလယ်ယာစခန်းများသို့လည်း သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

## နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်သင်း၏ ရာပြည့်အကြို စာပေဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၆**

နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်သင်း၏ ရာပြည့်အကြို စာပေဟောပြောပွဲကို ဩဂုတ် ၂၄ ရက် ည ၇ နာရီက အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် နန်းတော်ရှေ့ဘောလုံးကွင်း၌ ကျင်းပသည်။

ဆရာအော်ပီကျယ်က တော်ကြပါတော့ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမောင်သာချိုက ကိုယ့်ရပ်ဌာနေခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

အဆိုပါ နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်သင်းကို ခရစ်နှစ် ၁၉၂၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဇွန်လတွင် နှစ် ၁၀၀ ပြည့်မြောက်တော့မည်ဖြစ်ရာ ရာပြည့်အထိမ်းအမှတ်အကြိုအဖြစ် စာပေဟောပြောပွဲ၊ စာအုပ်ဈေးရောင်းပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄၊ ၂၅၊ ၂၆ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း နန်းတော်ရှေ့နယ်လုံးဆိုင်ရာစာကြည့်သင်း ဥက္ကဋ္ဌ ဦးငြိမ်းချမ်းဖြိုးထံမှ သိရသည်။ **ဇော်လင်းဦး(အောင်စံ)**

## မြန်မာ့ဂုဏ် (Myanmar’s Pride) ပွဲ ရန်ကုန်မြို့ဝန်ကြီးများရုံးတွင်ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၆**

မြန်မာ့လက်မှုပညာ ပန်းဆယ်မျိုးလက်ရာများနှင့် ရိုးရာယဉ်ကျေးမှု အက၊ အစားအသောက်များ ဖော်ထုတ်ပြသမှုအနေဖြင့် Myanmar’s Pride မြန်မာ့ဂုဏ်ပွဲကို ရန်ကုန်မြို့သိမ်ဖြူလမ်း ဝန်ကြီးများရုံး၌ အောက်တိုဘာ ၄၊ ၅၊ ၆ ရက် မွန်းလွဲ ၂ နာရီမှ ည ၈ နာရီအထိ ကျင်းပမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံခြားခရီးသွားများ မြန်မာ့ရိုးရာယဉ်ကျေးမှု လက်မှုပညာများနှင့် ပန်းဆယ်မျိုးပြခန်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ လှပသောခရီးသွားနေရာများ၊ မြန်မာ့ယဉ်ကျေးမှု အနုပညာများနှင့် ပြည်တွင်းထုတ်ကုန်များကို တစ်နေရာတည်းတွင် တစုတစည်းတည်း ကြည့်ရှုလေ့လာနိုင်ပြီး၊ ပြည်တွင်းအသေးစားနှင့် အလတ်စား ထုတ်ကုန်လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ဂုဏ်ပွဲတွင် ဝင်ရောက်ပြသရောင်းချခြင်းဖြင့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ နီးနှောဖလှယ်ခွင့်ရရှိနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ဖြစ်ကြောင်း ပွဲစီစဉ်သည့် Creative Hub Marketing Agency မှ သိရသည်။

ပထမအကြိမ်အနေဖြင့် Made in Myanmar ပြည်တွင်းဖြစ်ကိုအားပေးပါပွဲကို ကန်တော်ကြီး မျှော်စင်ကျွန်းတွင် ဆိုင်ခန်း ၁၀၀ ကျော်ဖြင့် ဇန်နဝါရီ ၄ ရက်မှ ၆ ရက်အထိ ပြုလုပ်ခဲ့ပြီး ယခု ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

ပြည်သူများ အခမဲ့ဖြင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပြီး နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ငါးဒေါ်လာ ဝင်ကြေးပေးရမည်ဖြစ်သည်။

ပြပွဲတွင် ပန်းဆယ်မျိုးသရုပ်ဖော်ပြခန်းများ၊ သနပ်ခါးပြခန်း၊ ခြင်းလုံးပြခန်း၊ ရွှေချည်ထိုးပြခန်း၊ ပုသိမ်ထီးပြုလုပ်ခြင်းပြခန်း၊ လက်ရက်ကန်းပြခန်း၊ လှပသော ပြည်တွင်းခရီးသွားပြခန်းများဖြစ်ကြသည့် ပုဂံ၊ အင်းလေး၊ ကချင်ပြည်နယ်မှ မနောကွင်း၊ တိုင်းရင်းသားရိုးရာဝတ်စုံများကို အခမဲ့ဝတ်ဆင်ရိုက်ကူးခွင့်၊ ပြည်တွင်းထုတ်ကုန်နှင့် တိုင်းရင်းသားရိုးရာအစားအစာများ၊ ရိုးရာအသင့်စားအစားအသောက်များ၊ ရက်ကန်းထည် အင်္ကျီအဝတ်အထည်များ၊ ဓာတ်ပုံပြခန်းများ၊ ပန်းချီပြခန်းများ၊ ပြည်တွင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ စုစုပေါင်း ဆိုင်ခန်းပေါင်း ၁၅၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“မြန်မာ့ယဉ်ကျေးမှု ဖျော်ဖြေရေး အစီအစဉ်အနေနဲ့ ကျောက်ဆည် ဆင်အက၊ ရုပ်သေးအက၊ မြန်မာ့စောင်း၊ တိုင်းရင်းသားရိုးရာ အက၊ Project K အဖွဲ့၏ မြန်မာအကတွေပါပါတယ်” ဟု ပွဲကျင်းပရေးကော်မတီမှ PR မန်နေဂျာ ကိုဝင်းမော်ဦးက ပြောသည်။

**သန့်ဇင်ဝင်း**



မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်ထူး၊ မြို့နယ်ရဲစခန်းမှူး ဒု-ရဲမှူးမြထွန်းကျော်နှင့်အဖွဲ့တို့က မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက သပြေကုန်းရပ်ကွက် အထက (၁) ကျောင်းရှေ့၌ မှုခင်းပညာပေး ဟောပြောပြသစဉ်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## စက်တင်ဘာလအတွင်း TWICE ရဲ့တေးအယ်လ်ဘမ်သစ် ထွက်ရှိမည်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE" ဟာ မကြာမီမှာ ပရိသတ်ရှေ့ကို တေးသီချင်းသစ်တွေနဲ့အတူ အရောက်ပြန်လာတော့မှာဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို လာမယ့်စက်တင်ဘာလအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီ အန်တာတိန်းမန့်က လာမယ့်လအတွင်း တေးအယ်လ်ဘမ်သစ်ထွက်ရှိမယ့်အကြောင်း ထုတ်ဖော်အသိပေးလာတာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်ကို စက်တင်ဘာလနှောင်းပိုင်းမှာ စတင်ထုတ်လွှင့်ပေးဖို့ရာ စီစဉ်ထားတာဖြစ်ပြီး တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်ရက်အတိအကျကိုလည်း ထုတ်ဖော်အသိပေးသွားမှာဖြစ်တယ်လို့ အေဂျင်စီက တစ်ပါတည်း ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ သိရပါတယ်။

"TWICE" အနေနဲ့ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမယ့်အကြောင်းကို ယခုလအစပိုင်းမှာ အသိပေးပြောကြားခဲ့ပြီးဖြစ်ပါတယ်။ လတ်တလောမှာ တေးအယ်လ်ဘမ်သစ် ထွက်ရှိနိုင်မယ့်အချိန်ကို ထုတ်ဖော်ပြောကြားလာတာဖြစ်ပြီး မကြာမီမှာ အသေးစိတ်ကို သိရှိနိုင်မှာဖြစ်ပါတယ်။ လတ်တလောမှာ တေးအယ်လ်ဘမ်သစ်ထုတ်လုပ်မှုရဲ့ နောက်ဆုံးအဆင့်တွေကို ပြင်ဆင်နေပြီး တေးအယ်လ်ဘမ်သစ်အတွက် တေးဗီဒီယိုကိုလည်း ရိုက်ကူးခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

## Psy ကို ကျော်လွန်ကာ စံချိန်သစ်တင်လိုက်တဲ့ BLACKPINK



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK-PINK" ဟာ တောင်ကိုရီးယားရဲ့ ကမ္ဘာကျော် တေးသံရှင်တစ်ဦးဖြစ်သူ Psy တင်ရှိထားတဲ့ စံချိန်ကို ကျော်လွန်ကာ ကြည့်ရှုသူအများဆုံးသော တောင်ကိုရီးယားယူကျူချန်နယ်ဖြစ်လာခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျန်နီ၊ လီဆာ၊ ရိုစ်နဲ့ ဂျီစိုးစတဲ့ အဖွဲ့ဝင် လေးဦးနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ အမျိုးသမီး ကေပေ့ါပ်တေးဂီတအဖွဲ့ "BLACKPINK" ဟာ ဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့သည်မှ လက်ရှိအချိန်အထိ တေးသီချင်း စုစုပေါင်း ၁၄ ပုဒ်သာ ထုတ်လွှင့်ခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် အဖွဲ့ရဲ့ နိုင်ငံတကာမှာ အောင်မြင်မှုကတော့ ဆက်တိုက်ဆိုသလို ပေါ်ထွန်းလာနေတာ ဖြစ်ပါတယ်။

Psy ဟာ သူ့ရဲ့အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ "Gangnam Style" နဲ့ ယူကျူမှာ လူကြည့်အများဆုံးသော ချန်နယ်အဖြစ် ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ "BLACK-PINK" က ကြည့်ရှုသူ ၇ ဒသမ ၂၁၇ ဘီလီယံနဲ့ စံချိန်သစ်တင်ကာ ကြည့်ရှုသူအများဆုံးသော တောင်ကိုရီးယားယူကျူချန်နယ် ဖြစ်လာခဲ့ပါတယ်။

ဒါ့အပြင် "BLACKPINK" ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာလည်း မှတ်တိုင်သစ်တစ်ခုကို တင်ထားခဲ့တာ ဖြစ်ပါတယ်။ အဖွဲ့ရဲ့ အောင်မြင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ " DDU-DU DDU-DU" ဟာ အမေရိကန်တေးသံသွင်းအဖွဲ့ (RIAA) က ပေးအပ်တဲ့ ရွှေအဆင့်ဝင် တေးသီချင်းတစ်ပုဒ်အဖြစ် စာရင်းဝင်ခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

အဆိုပါအဆင့်အတန်းကို ပြည့်မီခဲ့တဲ့ တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ကတော့ "BTS" ဖြစ်ပြီး အဆိုပါတေးဂီတအဖွဲ့ဟာ " MIC Drop " တေးသီချင်းနဲ့ စာရင်းဝင်ခဲ့တာပါ။ အခြားသော ကေပေ့ါပ်တေးသံရှင် Psy ဟာလည်း ရွှေအဆင့်ဝင်တဲ့ တေးသံရှင်တစ်ဦးဖြစ်ပြီး သူကတော့ " Gangnam Style " တေးသီချင်းနဲ့ရရှိခဲ့တာ ဖြစ်ပါတယ်။ "BLACKPINK" ကတော့ လတ်တလောမှ စာရင်းဝင်လာတာဖြစ်ပြီး ရွှေအဆင့်ရရှိခဲ့တဲ့ ပထမဆုံးသော ကေပေ့ါပ်အမျိုးသမီး တေးဂီတဖွဲ့အဖြစ် စံချိန်သစ်တင်ခဲ့ကြောင်းလည်း သိရပါတယ်။

## လီဒေါင်ဂန်းရဲ့ ရုပ်ရှင်သစ် Leverage



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ လီဒေါင်ဂန်းဟာ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားမှာ ပါဝင်သွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်အသိပေးလာတာ ဖြစ်ပါတယ်။ လီဒေါင်ဂန်းရဲ့ ရုပ်ရှင်သစ်ဟာ "Leverage" လို့ အမည်ရကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Leverage" ဟာ အမေရိကန်မှာ ထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲတစ်ခုပါ။ ဒီဇာတ်လမ်းတွဲကို TNT ရုပ်သံလိုင်းက ရာသီငါးခုအနေနဲ့ ပြသသွားမှာဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ တရားမျှတမှုကို ရှာဖွေတာတွေ တွေ့မြင်ခံစားရမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ လီဒေါင်ဂန်းပါဝင်ထားတဲ့ ဇာတ်ကောင်ဟာ နယ်ပယ်အသီးသီးမှ ထူးချွန်တဲ့ လူဆိုးလေးတွေကို စုစည်းမိခဲ့ပြီး သူတို့နဲ့အတူ အခြားသော ဆိုးသွမ်းလူငယ်တွေကို တရားမျှတမှုနဲ့ လမ်းမှန်ပေါ်ရောက်အောင် ပြန်လည်ကြိုးစားခဲ့တာလည်း ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်ကိုတော့ ဒေသတွင်းမှာ လာမယ့် အောက်တိုဘာ ၁၃ ရက်မှာ စတင်ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

## မန်ချက်စတာမှာ ဖျော်ဖြေခဲ့တဲ့ အရီရန်နာဂရန်းဒ်



အမေရိကန်ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လတ်တလောမှာ မန်ချက်စတာမှာ ဖျော်ဖြေပွဲပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒီပွဲဟာ မန်ချက်စတာမှာ သူ့ရဲ့ ဖျော်ဖြေပွဲအတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့တဲ့အပေါ် ရန်ပုံငွေဖျော်ဖြေပွဲပြုလုပ်ခဲ့ပြီးနောက် ပထမဆုံးအကြိမ် မန်ချက်စတာမှာ ပြန်လည်ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲလည်း ဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၂၅ ရက်မှာတော့ " Manchester Pride" လို့ အမည်ရတဲ့ ဖျော်ဖြေပွဲမှာ အရီရန်နာဂရန်းဒ်က ပါဝင်ဖျော်ဖြေခဲ့တာ ဖြစ်ပါတယ်။ ဖျော်ဖြေပွဲအတွင်း အသက် ၂၆ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ပေ့ါပ်ကြယ်ပွင့်က ပျော်ရွှင်စရာဂုဏ်ယူမှုမျိုးဖြစ်စေကြောင်း ပရိသတ်တွေအတွက် ဆုတောင်းစကားဆိုခဲ့ကြောင်းလည်း သိရပါတယ်။

## အမေရိကန်မှာ ရောင်းအားအကောင်းဆုံးဖြစ်လာတဲ့ တေလာဆွစ်ရဲ့ Lover

အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်ရဲ့ လတ်တလောမှာမှ ထုတ်လွှင့်ပေးခဲ့တဲ့ တေးအယ်လ်ဘမ်သစ် "Lover" ဟာ အမေရိကန်မှာ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်ဖြစ်လာခဲ့ပြီဖြစ်ပါတယ်။ ယခင်က ဒီနေရာကို လေဒီဂါဂါရဲ့ "A Star Is Born" က ရယူခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ "Lover" က ကျော်ဖြတ်ကာ စံချိန်သစ်တင်ထားခဲ့တာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ် "Lover" ကို ပြီးခဲ့တဲ့ ဩဂုတ် ၂၃ ရက်မှာ စတင်ထုတ်လွှင့်ခဲ့တာပါ။ ဒါပေမယ့် စတင်ထုတ်လွှင့်ပြီးနောက် ရက်သတ္တပတ်မပြည့်မီမှာပင် အဆိုပါ တေးအယ်လ်ဘမ်ဟာ အမေရိကန်မှာ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် ရပ်တည်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ စတင်ထုတ်လွှင့်ပြီးနောက် ဒုတိယနေ့မှာ တေးအယ်လ်ဘမ်ပေါင်း ၅၀၀၀၀၀ နီးပါးရောင်းချခဲ့ရပြီးဖြစ်တယ်လို့ နယ်လ်ဆန်တေးဂီတက အချက်အလက်တွေကို ကိုးကားကာ ဘေဘုတ်က ထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်သစ်ဟာ တေလာဆွစ်အတွက်လည်း စံချိန်သစ်တင်ခဲ့တဲ့ တေးအယ်လ်ဘမ်ပါ။ ဂရမ်မီဆယ်စုရှင် တေလာဆွစ်ရဲ့ ထွက်ရှိခဲ့ပြီးသမျှသော တေးအယ်လ်ဘမ်တွေအနက် ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ယခင်က တေလာဆွစ်ရဲ့ ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်အဖြစ် မှတ်တမ်းဝင်ထားတဲ့ "Reputation" ဟာ စတင်ထုတ်လွှင့်တဲ့ ပထမသီတင်းပတ်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၁ ဒသမ ၂၁၆ သန်း ရောင်းချခဲ့ရတာဖြစ်တယ်လို့လည်း သိရပါတယ်။

တေလာဆွစ်ရဲ့ တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတော်တော်များများဟာ တေလာဆွစ်ရဲ့ချစ်သူ မင်းသား ဂျိုးအော်ဝင်န်ကို ရည်ရွယ်ရေးသားထားတာဖြစ်ကြောင်း ပရိသတ်တွေက ဝေဖန်ခဲ့ကြပါတယ်။ တေးအယ်လ်ဘမ်သစ်ရဲ့ ခေါင်းစီးတေး "Lover" ဟာလည်း ဂျိုးအော်ဝင်န်အကြောင်း ပုံဖော်ထားတာဖြစ်တယ်လို့ ဆိုကြပါတယ်။ ပေ့ါပ်ကြယ်ပွင့်ရဲ့ ခုနစ်ခုမြောက် စတူဒီယိုတေးအယ်လ်ဘမ်ဖြစ်တဲ့ "Lover" တေးအယ်လ်ဘမ်သစ်တစ်ခုလုံး ထုတ်လွှင့်ပြီးချိန်မှာတော့ တေလာဆွစ်နဲ့ ဂျိုးအော်ဝင်န်တို့ဟာ တိတ်တဆိတ်လက်ထပ်ထားကြတာဖြစ်ကြောင်း ဝေဖန်သံအချို့လည်း ပေါ်ထွက်ခဲ့တယ်လို့ သိရပါတယ်။

အေးပြည့်-စုစည်းသည်

# မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် အမျိုးသမီးဘဝတိုးတက်ရေး အသိပညာပေး

**မလှိုင် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် အမျိုးသမီးဘဝတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက် ညနေပိုင်းက ဆည်တို အထက ရှိ ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ပြုံး (ပါမောက္ခ-ငြိမ်း) က အသိပညာပေးဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးကော်မတီ အတွင်းရေးမှူး ဒေါ်ပွင့်ဝါက အမျိုးသမီးငယ်များ အကြမ်းဖက်မှုကာကွယ်ရေးအကြောင်း၊ မိတ္ထီလာခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးတင်ထွဏ်း (ဒုတိယရဲမှူးကြီး-ငြိမ်း)က မူးယစ်ဆေးဝါးအကြောင်း၊ ခရိုင်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနာယက ဗိုလ်မှူးကြီးမျိုးဝင်း (ငြိမ်း)က မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်က သက်ငယ်မုဒိမ်းမှုအကြောင်း အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။



**အောင်ဌေး (မလှိုင် )**

# အာဟာရရက်သတ္တပတ်လှုပ်ရှားမှုပြုလုပ်

**ပြည်ကြီးတံခွန် ဩဂုတ် ၂၆**

အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးတိုင်းဒေသကြီး သူနာပြုသားဖွားအသင်းရုံး နိုက်တင်ဂေးခန်းမတွင် ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် မန္တလေးတိုင်းဒေသကြီး သူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ဒေါက်တာအုန်းအုန်းမြတို့က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရဌာနမှ ဒေါက်တာသန်းသန်းအေးနှင့် ဒေါ်ခင်ဝင်းသီတို့က အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် မိခင်နို့ချိုတိုက်ကျွေးခြင်းနှင့် အာဟာရချို့တဲ့မှုအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# သာပေါင်းမြို့နယ် ကြက်ခြေနီအသင်းခွဲအမှုဆောင်အဖွဲ့နှင့် ARB စီမံချက်တာဝန်ရှိသူများဆွေးနွေး

**သာပေါင်း ဩဂုတ် ၂၆**

သာပေါင်းမြို့နယ် ကြက်ခြေနီအသင်းခွဲတွင် ဆောင်ရွက်လျက်ရှိသော Accountable Resilience Branches (ARB) Project ၏ လုပ်ငန်းဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့်ပတ်သက်၍ အသင်းခွဲအမှုဆောင်အဖွဲ့နှင့် ARB စီမံချက်မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခြင်းကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက သာပေါင်းမြို့နယ်အသင်းခွဲရုံး၌ ကျင်းပသည်။

သာပေါင်းမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ARB စီမံချက်၏ လုပ်ငန်းများဆောင်ရွက်ရာတွင် အားသာချက်များ၊ အားနည်းချက်များ၊ စိန်ခေါ်မှုများနှင့် အခက်အခဲများကို ညှိနှိုင်းဆွေးနွေးကြသည့်အပြင် ၂၀၁၉ ခုနှစ်အတွင်း ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**

# မြန်မာ့သဘာဝ ငှက်အလှဓာတ်ပုံပြပွဲ လာရောက်ကြည့်ရှုသူများဖြင့်စည်ကား



**မန္တလေး ဩဂုတ် ၂၆**

မြန်မာ့သဘာဝ ငှက်အလှဓာတ်ပုံများကို ကြည့်ရှုခံစားနိုင်ရန်အတွက် မြန်မာ့ငှက်ဓာတ်ပုံပြပွဲ (Myanmar Bird Photo Exhibition)ကိုမန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့က နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပရာ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

ငှက်အလှပုံများနှင့် ငှက်များ သဘာဝအတိုင်း လှုပ်ရှားစားသောက်နေထိုင်သည့် အလှပုံများအပါအဝင် စုစုပေါင်း ဓာတ်ပုံ ၁၄၀ ကျော် ပြသထားသည်။

ပြပွဲသို့လာရောက်လေ့လာသော ကျောင်းသားများနှင့် လူငယ်များကို ငှက်ချစ်သူ ငှက်အလှဓာတ်ပုံဆရာ Solo (MDY) နှင့် ဦးသန့်ဇော်တို့က မြန်မာ့ဒေသရင်းငှက်များအကြောင်းနှင့် ငှက်တို့၏ သဘာဝအကြောင်းကို အသေးစိတ်ရှင်းပြခဲ့သည်။

ငှက်ချစ်သူဓာတ်ပုံပညာရှင်များမှာ ငှက်မျိုးစုံ၏ သဘာဝနှင့် ဥဥချိန် အကောင်ပေါက်ချိန်များကိုပါ စနစ်တကျ လေ့လာရိုက်ကူးကြသည်။

ရသမြောက်ငှက်ဓာတ်ပုံများရိုက်ကူးရာတွင် Bird Ethics ကို အလေးထားရိုက်ကူးကြသည်။ မိဘမေတ္တာဘွဲ့ပုံများရရှိစေရန်အတွက် ငှက်သားပေါက်ချိန်မှစတင်ကာ အရွယ်ရောက်လာချိန်အထိ စောင့်ကြည့်ရိုက်ကူးကြရကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**

# ရှေးဦးစောင့်ရှောက်မှု ပစ္စည်းကိရိယာများပေးအပ်လှူဒါန်း

**ထားဝယ် ဩဂုတ် ၂၆**

ထိုင်းနိုင်ငံ ကန်ချနာဘူရီခရိုင် PITAK-KARN FOUNDATION မှ ဆေးပညာဆိုင်ရာ ရှေးဦးစောင့်ရှောက်မှု ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲက ထားဝယ်မြို့ ဇမ္ဗူသီရိမွန်မြတ်သောကုသိုလ်ပြု အရေးပေါ်လူနာ(အခမဲ့) ကူညီသယ်ဆောင်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ထို့နောက် Dr.Mr.Porntep နှင့် အဖွဲ့များက AED နှလုံးခုန်တိုင်းစက်တစ်လုံး၊ လူနာသယ်ဆောင်ရာတွင် အသုံးပြုသည့် ပတ်ပြားနှစ်ခု၊ အောက်ဆီဂျင်ဘူးသေးတစ်ဘူး၊ ဆေးမျိုးစုံထည့်ထားသောဆေးအိတ်နှစ်အိတ်၊ ဆေးစိမ်ခြင်ထောင် ၁၀၀၊ အိပ်ရာခင်းဖြူ ၁၀၀၊ ပတ်တီးလိပ်၊ လက်အိတ်၊ ခြင်ဆေးမှုန့်ထုပ်များပေးအပ်ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရသည်။

**ထားဝယ်ခရိုင်**

**(ပြန်/ဆက်)**

# စွန့်ပစ်အမှိုက်ဆိုင်ရာ ကျောင်းအသိပညာပေးပွဲ ကျင်းပ

**ရေနံချောင်း ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စွန့်ပစ်အမှိုက်ဆိုင်ရာ ကျောင်းအသိပညာပေးအစီအစဉ်ကို တွင်းကုန်းအထက်တန်းကျောင်းခွဲ၌ ဩဂုတ် ၂၅ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

စည်ပင်သာယာရေးအဖွဲ့အမျိုးသမီးဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား အသိပညာပေးခဲ့ကြောင်း၊ အပတ်စဉ်ကျောင်းများတွင် ကျင်းပရန်စီစဉ်ထားကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အခွန်ဌာနမှ ဒေါ်နီလာက ပြောကြားသည်။

**ဆန်းညွှန့်(ရေနံချောင်း)**

## တိုတိုထွာထွာဖတ်စရာ

### တီဘီရောဂါနယ်လှည့်ကွင်းဆင်းရှာဖွေကုသပေး

**ခင်ဦး**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ တာဝန်ခံ ဒေါက်တာမျိုးမင်းစိုးနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော နယ်လှည့် တီဘီရောဂါကွင်းဆင်းရှာဖွေကုသရေးအဖွဲ့ (TB Mobile Team) သည် ဩဂုတ် ၁၉ ရက်မှ ၂၃ ရက်အထိ နယ်လှည့်ကွင်းဆင်း၍ တီဘီရောဂါရှာဖွေကုသပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် ရပ်ကွက်ငါးရပ်ကွက် ကျေးရွာ ၁၄၆ ရွာရှိ ပြည်သူ ၁၅၈၂၆၃ ဦးကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တီဘီသံသယရှိသူ ၇၇၃ ဦးကို ဓာတ်မှန်ရိုက်ခြင်း၊ လူ ၂၀၀ ကို သလိပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ တီဘီရောဂါတွေ့ရှိသူ လူကြီးလူနာ ၂၇ ဦး၊ ကလေးလူနာ ၁၆ ဦး စုစုပေါင်း ၄၃ ဦးကို ကုသပေးခဲ့ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ သိရသည်။

**ခင်ဦးစိုးဝေ**

### ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် OSS ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁ နာရီခွဲက ပွင့်ဖြူမြို့နယ် ရေဖြူတွင်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ကျေးရွာအရောက် OSS ရွှေ့လျားဝန်ဆောင်မှုလုပ်ငန်းကွင်းဆင်းဆောင်ရွက်ခြင်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လ-ဝ-က၊ ကျန်းမာရေး၊ လျှပ်စစ်၊ မြို့နယ်အခွန်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

### လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

**နမ့်ဆန်**

ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်တွင် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လွယ်ဆိုင်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်၊ ကျေးရွာ စာရေးဝန်ထမ်းများ၊ ကျေးရွာတာဝန်ခံများ စုစုပေါင်း ၇၉ ဦး တက်ရောက်ပြီး သင်တန်းကို ဩဂုတ် ၂၅ ရက်မှ ၂၉ အထိတွင် ပထမအကြိမ်၊ စက်တင်ဘာ ၂ ရက်မှ ၆ ရက်အထိ ဒုတိယအကြိမ် နှစ်ကြိမ်ခွဲကာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**အောင်မိုး**

### ပျဉ်းပင်ဆည်ရေထိန်းတံခါးပြုပြင်ပေးရန်လိုလား

**ငါ့သရောက်**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၂) မြောက်ကုန်းရပ်ရှိ ပျဉ်းပင်ဆည်တွင်တပ်ဆင်ထားသည့် ရေထိန်းတံခါးသည် ပျက်စီးနေသည့်အတွက် ဝင်ရောက်သည့်ရေများ ပြန်ထွက်နေကြောင်း သိရသည်။

ရေထိန်းတံခါးအောက်ခြေမလုံတော့ဘဲ ဆည်ထဲရှိရေများထွက်ကုန်၍ ဒေသခံပြည်သူများနှင့် ဆည်အောက်ဘက် စိုက်ပျိုးရေးလုပ်ကိုင်ကြသည့်သူများက စိုးရိမ်နေကြပြီး အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် လိုလားလျက်ရှိကြောင်း မြို့မိမြို့ဖ ဦးသိန်းဆွေက ပြောသည်။

**ကိုထိန် (ငါ့သရောက်)**



ကျောက်တန်းမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒု-ရဲအုပ်နေလင်း ဩဂုတ် ၂၆ ရက် နံနက် ၁၀ နာရီက သီလဝါပြည်တွင်းစက်မှုဇုန်ရှိ ပိတောက်ရွှေဝါကုမ္ပဏီတွင် စက်ရုံလုပ်သား ၃၅ ဦးအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြောစဉ်။

**နိုးတူး(ကျောက်တန်း)**



**မီဒီယာပရဟိတအသင်းက ဩဂုတ် ၂၅ ရက်တွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံထံ မွန်ပြည်နယ်ရေဘေး ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၃၀ ပေးအပ်စဉ်။** (မီဒီယာပရဟိတအသင်းသည် အနုပညာရှင်များ၊ စေတနာရှင်ပြည်သူများ ပါဝင်လှူဒါန်းကြသည့်အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်က ကျိုက်မရောမြို့နယ် ငါးပြေမကျေးရွာ၊ ဦးလေးကျေးရွာ အပါအဝင် ရေဘေးသင့်ကျေးရွာ ခုနစ်ရွာကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။) **ရွှေအင်းသားခင်မောင်ဝင်း**

## ဆေးလိပ်ကင်းစင် ရှမ်းပြည်တစ်ခွင် မီနီမာရသွန်ပြိုင်ပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၂၆**

ဆေးလိပ်ကင်းစင် ရှမ်းပြည်တစ်ခွင် အကြီးတန်း၊ သက်ငယ်တန်း၊ အလွတ်တန်း မီနီမာရသွန်ပြိုင်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၆ နာရီက ပြည်နယ် အားကစား လေ့ကျင့်ရေးရုံရှေ့၌ ကျင်းပသည်။

ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်၊ စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ကျောင်းသား ကျောင်းသူများနှင့် Pocari Sweat ရေနှင့် ဓာတ်ဆားဖြည့် အချိုရည်ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစား ဝါသနာရှင်များ စုစုပေါင်း ၁၈၀၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် အလွတ်တန်း၊ အကြီးတန်း၊ သက်ငယ်တန်း မီနီမာရသွန်ပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့သည်။ **စိုင်းသန်းကျော်(တောင်ကြီး)**




## ကျိုက်ဒုံမြို့၌ (၅၁)နှစ်မြောက် ကရင်ရိုးရာဝါခေါင်ချည်ဖြူဖွဲ့အခမ်းအနားကျင်းပ

**ကျိုက်ဒုံ ဩဂုတ် ၂၆**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ မိနန်းအပ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ယနေ့ နံနက် ၈ နာရီက (၅၁)နှစ်မြောက် ကရင်ရိုးရာဝါခေါင်ချည်ဖြူဖွဲ့ အခမ်းအနား ကျင်းပသည်။

ဝါခေါင်ချည်ဖြူဖွဲ့ပွဲ ပေါ်ပေါက်လာပုံကို ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာ၊ မြန်မာဘာသာဖြင့် ဆရာစောထွန်နူ၊ ဆရာစောဖိုးကူ၊ ဆရာမနန်းဖော့ဝီခလိမ်းတို့က ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အဘိုးအဘွားတို့က ခုနစ်ရက်သားသမီးများကိုယ်စား မောင်မယ် ၁၄ ဦးတို့အား ချည်ဖြူဖွဲ့ပေးခြင်း၊ တက်ရောက်လာသူများအားလုံး ချည်ဖြူဖွဲ့ကြခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**



## ဝေါမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**ဝေါ ဩဂုတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး မှ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇေရာဇ်ကျေးရွာ အထက(ခွဲ) ကျောင်းခန်းမ၌ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးထွန်းထွန်းဦးက တက်ရောက် အမှာစကားပြောကြားသည်။ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးနေဇော်အောင်၊ တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်နှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီး၊ တိုင်းဒေသကြီး ဦးစီးမှူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က နိုင်ငံသားစိစစ်ရေးကတ် ၃၉၈ ကတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဘုန်းသော် (ဝေါ)**

## ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများကျင်းပ

**သထုံ**

ပြည်သူနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို သထုံမြို့နယ် သုဓမ္မဝတီမြို့သစ်ရှိ တောင်ခြေဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

သထုံမြို့နယ် မဲဆန္ဒနယ်မြေ အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့၊ မဲဆန္ဒနယ်မြေအမှတ်(၂) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးတင်ထွန်း၊ သထုံခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်သင်းသင်းအိ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင်ဆိုင်ဦး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဒေါ်ခင်သန့်ဇင်တို့က ပြည်သူပူးပေါင်းပါဝင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်မှု၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူတို့ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများ စသည်တို့ကို ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက မိမိတို့ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးစေလိုသည်တို့ကို ဆွေးနွေးမေးမြန်းကြရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူတို့က မေးမြန်းချက်များနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်မှုနှင့် သက်ဆိုင်ရာဌာနအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

**မတ္တရာ**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပသော လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲက အထက (မတ္တရာ) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ တာဝန်ခံမြို့နယ်ပညာရေးမှူး ဦးမျိုးဝေ၊ ဦးသန်းထွန်း(ရဲမှူး-ငြိမ်း)၊ ဦးတင်လင်းအောင်(မြို့နယ်ဥပဒေအရာရှိ)၊ ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူး ဒေါ်မေသူမြင့်၊ မြို့နယ်ဥပဒေအထောက်အကူပြုအဖွဲ့မှ ဦးစိုးပြည့်ဖြိုးနှင့် ဒေါ်စန္ဒာဝင်းတို့က လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးသူတို့၏ ဖြားယောင်းသွေးဆောင်သည့်ပုံစံနှင့် နည်းလမ်းများ၊ လူကုန်ကူးခြင်း မခံရနိုင်စေရန်အတွက် သိသင့်သိထိုက်သည်များ၊ မိမိပတ်ဝန်းကျင်တွင် အဆိုပါကိစ္စရပ်များ ပေါ်လာပါက ဆက်သွယ်အကြောင်းကြားရမည့် နေရာနှင့် ဖုန်းနံပါတ်များကို ရှင်းလင်းဟောပြော ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူလေးများက သိရှိလိုသည်များနှင့် မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး**
**(မတ္တရာ)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ကသာခရိုင်၌ စိုက်ဧက အများဆုံး ပျက်စီး

**ကသာ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ကသာခရိုင်က စိုက်ပျိုးမြေအများဆုံးပျက်စီးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရောဝတီမြစ်ရဲ့ ကသာမြို့ စိုးရိမ်ရေမှတ်က ၁၀၄၀ စင်တီမီတာပါ။ ဒီနှစ် ၁၀၈၀ အထိ ရေကတက်တော့ ကိုင်းစပါးနဲ့ အနိမ့်ပိုင်း စိုက်လယ်တွေ ရေမြုပ်ကုန်တာပါ။ ရေဝင်နေကျနေရာတွေ ဖြစ်ပေမယ့် ဒီနှစ်ဝင်တာများတဲ့အတွက် ပျက်ကုန်တာပါ။ ရေကျလို့ ပေါ်လာတဲ့နေရာတွေမှာ တိုက်ရိုက်အစေ့ချနည်းနဲ့ ပြန်စိုက်နေတာ တော်တော်စိုက်ပြီးနေပြီ" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးဖုန်းမောင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကသာ၊ ကလေး၊ မော်လိုက်၊ ခန္တီးခရိုင်နှင့် နာဂဒေသများတွင် မေလခန့်မှစ၍ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားရာ ၅၈၃၃ ဧက ပျက်စီးကြောင်း ဩဂုတ် ၂၂ ရက်အထိ စာရင်းများအရ သိရသည်။

"ကသာခရိုင်ထဲက ရေကြီးနစ်မြုပ်လို့ ပျက်တဲ့မြေတွေကို စိုက်နေတာ ရေကျနောက်စိုက်လို့ပြောရင်ရပေမယ့် တကယ်တမ်းစိုက်ချိန်က နောက်တော့ မကျသေးပါဘူး။ အခုမှ ကုန်းပေါ်ကမိုးကောင်းသောက်လယ်တွေ စိုက်ကြတုန်းရှိပါသေးတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပျက်စီးမှုများတွင် ကသာနှင့် ထီးချိုင့်မြို့နယ်များတွင် ဧက ၃၇၀၀ ကျော်ပျက်ပြီး ကလေးမြို့နယ်တွင် ဧက ၁၈၀၀ ကျော် ပျက်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၌ သွားလာရခက်ခဲပြီး ဖွံ့ဖြိုးမှုနောက်ကျဆဲဖြစ်သည့် နာဂဒေသ နန်းယွန်းမြို့နယ်တွင် ၃၅ ဧကပျက်စီးကာ မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဧက ၃၀ ပျက်စီးကြောင်း သိရသည်။

"စစ်ကိုင်းတိုင်း ဒေသကြီးတွင် မိုးစပါး ဧက ၅၂၀၀ ကျော်၊ နှမ်းဧက ၂၈၀ ကျော်နဲ့ ချက်ကြံ ဧက ၁၉၀ စုစုပေါင်း ဧက ၅၈၀၀ ကျော်ပျက်တာပါ" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ **မျိုးဝင်းထွန်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်သန်းရီ (Dorothy San Paw)

**သရုပ်ပြဆရာမ-ငြိမ်း၊ ဇီဝကမ္မဗေဒဌာန၊ ဆေး-၁**

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့နေ (ဦးစံပေါ်-ဒေါ်စံဝင်း)တို့၏သမီးကြီး၊ (ဦးထွန်းအောင်-ဒေါ်နှင်းပွင့်ခိုင်)တို့၏ သမီးချွေးမ၊ [ဦးကျော်ထွန်း(အင်ဂျင်နီယာချုပ်-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)]၏ချစ်လှစွာသောဇနီး၊ [ဦးအောင်မြင့်(ခ) Richard]-ဒေါ်တင်ရီ(ခ)Blomssomတို့၏ညီမ၊ ဒေါ်ခင်ခင်(ခ)Catherine - ဦးကံအေး၊ [ဒေါက်တာမြင့်သိန်း(ခ) Patrick-ဒေါ်ခင်ခင်ဦး]၊ ဒေါ်သန်းသန်းနု(ခ)Margaret-ဦးကျော်ထင်၊ [ဒေါ်မြမြသန်း(ခ)Patricia]၊ ဒေါ်အေးအေးမြင့်(ခ)Amy-ဒေါက်တာစံသာဟန်တို့၏ အစ်မသည် ၂၅-၈-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ တိုက်(၇)၊ အခန်း(၄)၊ မင်းမနိုင်၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးကျော်တင့် (တောင်ငူ)

**လ/ထမန်နေဂျာ(ငြိမ်း)၊ ကုန်သွယ်/ဆေး**

**အသက် (၇၇) နှစ်**

ပြည်မြို့ ရွှေဘုန်းပွင့်ဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်နေ [ဒေါ်တင်စိန်(မြို့နယ် သ/မအသင်း-ငြိမ်း၊ တောင်ငူမြို့)၏ ချစ်လှစွာသောခင်ပွန်း၊ [ဒေါ်ရီရီလှ (စာရေးကြီး၊ မြန်မာ့သစ်လုပ်ငန်း-မော်လမြိုင်)]၊ ဗိုလ်ကြီးကျော်စွာဝင်း (ရဲမွန်တပ်မြို့)-ဒေါ်တင်တင်ကျော် (တက်နေဝန်းရောင်းဝယ်ရေး၊ ပြည်မြို့)၊ ကိုကျော်လင်းဦး(ခ)ကိုပြူး-မစန္ဒာဝင်း (တက်နေဝန်းရောင်းဝယ်ရေး၊ ပြည်မြို့)တို့၏ ချစ်လှစွာသောဖခင်၊ မဖူးမြတ်သွယ် (ဒု-နှစ်၊ Tourism-NMDC)၊ မောင်ထက်နိုင်ထွန်း (နဝမတန်း၊ ခိုင်ကျော်ဘော်ဒါ၊ ရန်ကုန်မြို့)၊ မောင်ရဲမြတ်မင်း(Grade-III၊ ပန်းဘဲတန်း၊ မူလွန်၊ ပြည်မြို့)တို့၏ချစ်လှစွာသောအဘိုး၊ ဦးသန်းတင့်-ဒေါ်ခင်လေး(တောင်ငူမြို့)၊ [ဒေါက်တာဆန်းတင့်(B.V.S)]-ဒေါ်ခင်စန်းဝေ (ဆန်းပြည့်အောင်ဆေးဆိုင်၊ တောင်ငူမြို့)တို့၏ချစ်လှစွာသော အစ်ကိုကြီးသည် ၂၅-၈-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကျေးဇူးအထူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

## ဦးစိုးရီ (ရွှေကျင်အသင်းဝင်)

**ပုဇွန်တောင်မြို့နယ်**

**အသက် (၇၈) နှစ်**

၂၁-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားသောဖခင်ကြီး ဦးစိုးရီ၏စျာပနကိစ္စအဝဝအား လိုအပ်မှုမရှိအောင် ကူညီဆောင်ရွက်ပေးကြပါသော ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ အထက(၁) ဒဂုံမှ သူငယ်ချင်းများနှင့် ကျောင်းသားမိဘများ၊ ၁၉၈၆-၁၉၉၅ (RIT) ကျောင်းဆင်းသူငယ်ချင်းများ၊ အမေရိကန်နိုင်ငံ LA ရှိ ဆွေမျိုးမိတ်ဆွေများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၅)မှ သူငယ်ချင်းများနှင့် မိသားစုဝင်များ၊ ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ စျာပနအခမ်းအနားကို လိုက်ပါပို့ဆောင်သူများ၊ လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများနှင့် သက်န်းများ၊ အခြားလှူဖွယ်ပစ္စည်းများ လှူဒါန်းပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ဆီးချို၊ သွေးချိုရောဂါသည် ဇီဝကမ္မဖြစ်စဉ် ချို့ယွင်း၍ သွေးအတွင်း အချိုဓာတ်များနေသော ရောဂါတစ်ခုဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါသည် လူတိုင်းတွင်ဖြစ်နိုင်ပါသည်။

**ဆီးချိုသွေးချိုရောဂါကြိုတင်ကာကွယ်ပါ**

(၁) အစားလျှော့စားပါ။ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို ရှောင်ကြဉ်ပါ။
(၂) ရေများများသောက်ပါ။ ရေဆာလျှင် ရေကိုသာသောက်ပါ။
(၃) အဝမလွန်အောင် ထိန်းသိမ်းပါ။
(၄) လှုပ်ရှားမှုများသော လူနေမှုပုံစံဖြင့် နေထိုင်ပါ။
(၅) နားနေချိန်မှာ ပုံမှန်လေ့ကျင့်ခန်းလုပ်ပါ။
(၆) အမျှင်ဓာတ်များသော အစားအစာများများစားပါ။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများနှင့်စုံအောင်စားပါ။
(၇) တိရစ္ဆာန်မှရသောအဆီများ (ဥပမာ-ကြက်အရေပြား၊ ဝက်အရေပြား၊ ကလီစာ၊ ဝက်ဆီ၊ ဘဲဆီ) တို့ကို ရှောင်ကြဉ်ပါ။ ငါးမှရသောအဆီများ စားသုံးနိုင်ပါသည်။
(၈) စိတ်ဖိစီးမှုများကို လျှော့ချနိုင်သမျှလျှော့အောင် ကြိုးစားနေထိုင်ပါ။

ဆီးချို၊ သွေးချိုရောဂါဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများတွင် သွားရောက်စစ်ဆေးကာ ကုသမှုခံယူနိုင်ပါသည်။

**တစ်နေ့လျှင် မိနစ်(၃၀)ခန့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့်**
**ဆီးချို၊ သွေးချိုရောဂါ ဖြစ်ပွားမှုနှုန်းကို (၄၀)% လျော့နည်း စေနိုင်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ဦးလှထွန်း

**Gewin Maritime**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း(အောက်)၊ အမှတ်(၁၃၆/၁၃၈) (ဒု/ယာ)နေ (ဦးအေး-ဒေါ်အုန်းမြင့်)တို့၏ သား၊ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ ဦးဝင်းနိုင်ဦး (လ/ထ ကထိက၊ အင်္ဂလိပ်စာဌာန၊ ကလေးတက္ကသိုလ်)-ဒေါ်သန္တာမင်း (ကထိက၊ အင်္ဂလိပ်စာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်)၊ မတင့်တင့်ခိုင် (စက်မှု-၁၊ ငြိမ်း)၊ ကိုကျော်ကျော်-မမျိုးအေးလတ်တို့၏ဖခင်၊ မထူးနံ့သာဝင်း (M.A.I, English, YUFL)၊ မောင်ဟိန်းထက်အောင်၊ မောင်မင်းခန့်ဝင်း (G.6, ထ-၆၊ ဗိုလ်တထောင်)၊ မောင်ကောင်းဆက်အောင် (G.7၊ ထ-၅၊ ဗိုလ်တထောင်)တို့၏အဘိုး ဦးလှထွန်း (ကျောက်တံတားမြို့နယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ အလုပ်အမှုဆောင်)သည် ၂၆-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Colette D' Castro

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့ အမှတ်(၄၉)၊ ရွှေနှင်းဆီကျောင်းလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နေ (George Clements Fliciouz-Anna Fliciouz)တို့၏ သမီး၊ (ဦးအောင်သိန်း)၏ ဇနီး၊ ဖြူဖြူအောင်၊ တင်တင်မွန်-မင်းအောင်ဟိန်း၊ စုစုမွန်-စိုးဝဏ္ဏ၊ အိအိမွန်-ထက်ဝေမင်းတို့၏ ချစ်လှစွာသောမိခင်ကြီး၊ Tiffany, Alice, Ricky တို့၏ ဘွားဘွားကြီးသည် ၂၄-၈-၂၀၁၉ ရက် နံနက် ၁း၂၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၈-၈-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းခြင်းပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

## ဒေါက်တာမောင်မောင်ကြည် (သုခမြိုင်ဆေးခန်း)

**(68)Intake ဆေးတက္ကသိုလ်(၁)**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၁၀၉/၂)နေ (ဦးကျော်ရင်-ဒေါ်ကျင်မြိုင်)တို့၏ သား၊ ဒိုက်ဦးမြို့နေ (ဦးမောင်စိန်-ဒေါ်ကျင်နု)တို့၏ သားသမက်၊ ဒေါ်အေးအေးမော်၏ ချစ်လှစွာသောခင်ပွန်း၊ မမိုးပပမောင်၊ မောင်မျိုးမြင့်မောင်မောင်တို့၏ ချစ်လှစွာသောဖခင်သည် ၂၆-၈-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှသန်း (တရားလွှတ်တော်ရှေ့နေ)

**အသက်(၆၇)နှစ်**

**အောင်ဆန်း(၉)**

သူငယ်ချင်း ဦးလှသန်းသည် ၂၂-၈-၂၀၁၉ ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၉)သူငယ်ချင်းများ**

## ဦးလှထွန်း

**Gewin Maritime**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း (အောက်)၊ အမှတ်(၁၃၆/၁၃၈)(ဒု/ယာ)နေ (ဦးအေး-ဒေါ်အုန်းမြင့်)တို့၏ သား၊ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ (ဦးမြသွင်)-ဒေါ်စန်း၊ ဦးတင်အေး (SB-ငြိမ်း)-ဒေါ်ဝင်းကြည်(ရန်ကုန်တက္ကသိုလ်-ငြိမ်း)၊ ဦးအောင်ရီ-ဒေါ်မြင့်စိန်၊ ဦးကျော်ကျော်-ဒေါ်အုန်းမြင့်၊ ဦးမြင့်ဦး-ဒေါ်ဖြူဖြူစိန်၊ ဦးမြင့်အောင်-ဒေါ်တင်တင်အေး၊ ဦးယုသန့်-ဒေါ်အေးအေးမင်း၊ ဒေါ်သိန်းသိန်းနွယ်တို့၏အစ်ကို ဦးလှထွန်းသည် ၂၆-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

## ဒေါ်တင်တင်ဦး

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ငြိမ်း)**

**အသက် (၆၃) နှစ်**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၂၇၃)၊ မေတ္တာ(၄)လမ်း၊ (၄ရ)ရပ်ကွက်နေ (ဦးလှမြင့်-ဒေါ်ညို)တို့၏သမီး၊ (ဦးခင်မောင်-ဒေါ်ခင်လှ)တို့၏သမီးချွေးမ၊ ဦးခင်ဘော်၏ဇနီး၊ ဒေါ်တင်တင်သန်း-ဦးငွေဝင်း၊ ဒေါ်မြတ်မော်၊ ဒေါ်ရွှေစင်-ဦးဆုဝင်း၊ ဦးမြင့်ဦးတို့၏အစ်မ၊ ဒေါ်မြင့်မြင့်သန်း၏ညီမ၊ ဦးမျိုးမင်းမင်းကို-ဒေါ်ခင်အိအိဘော် (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)၊ ဦးအောင်မြင်ဘော်တို့၏မိခင်၊ မောင်အံ့ထူးမင်းကို၏အဘွားသည် ၂၆-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ကံ (ရေစကြို)

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ အမှတ်(၈၁) ကန်လမ်း၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၁)နေ (ဦးတိုးညွန့်-ဒေါ်မြရှင်)တို့၏သမီး၊ (ဦးဘိုးဘ)၏ချစ်လှစွာသောဇနီး၊ ဗိုလ်ကြီးမြင့်ဦး(ငြိမ်း)-ဒေါ်စန်းမြိုင်၊ ဒေါ်သန်းငွေ၊ ဒုတိယဗိုလ်မှူးကြီးအောင်ဇော်ဝင်း(ငြိမ်း) (ညွှန်ချုပ်-ငြိမ်း၊ ဟိုတယ်/ခရီးဝန်ကြီးဌာန)-ဒေါ်ခင်ဆွေမြင့်၊ ဒေါ်ခင်နှင်းဝေတို့၏ချစ်လှစွာသောမိခင်၊ ဗိုလ်ကြီးအောင်မျိုးဟိန်း (လေ)-မစုမြတ်စန္ဒီ၊ ကိုကျော်ကျော်ဝင်း-မဖြူဖြူကျော်၊ ကိုနေသွေး-မကေခိုင်ဇော်၊ ကိုဇေယျာထွန်း-မကြူကြူမြင့်ဦးတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၉း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းရီ (Dorothy San Paw)

**အသက်(၉၁)နှစ်**

**(ဇီဝကမ္မဗေဒဌာန၊ သရုပ်ပြဆရာမ-ငြိမ်း၊ ဆေး-၁)**

ရန်ကုန်မြို့နေ (ဦးစံပေါ်-ဒေါ်စံဝင်း)တို့၏ သမီးကြီး၊ [ဦးထွန်းအောင်-ဒေါ်နှင်းပွင့်ခိုင်(စစ်တွေ)]တို့၏ သမီးချွေးမ၊ [ဦးကျော်ထွန်း(အင်ဂျင်နီယာချုပ်-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်]၏ ဇနီး၊ ဦးသန်းထွန်းဦး(Gavin)-Julie Dent၊ ဦးညီညီထွန်း-ဒေါ်နွယ်လွင်ထွေး၊ ဒေါ်စံစံနှင်းထွန်း၊ ဒေါ်သီဂီဝင်း-ဦးဝင်းပိုင်တို့၏ ချစ်လှစွာသောမိခင်၊ မဟန်သူထွန်း(Dephne)၊ မဟန်သီထွန်း(Jessica)-ကိုခိုင်ဇေယျာမင်း၊ Harry ထွန်းကျော်သောင်းတို့၏ ချစ်လှစွာသောအဘောင်ရှင်၊ မောင်မင်းသုတ၏ အဖီးရှင် ဒေါ်သန်းရီသည် ၂၅-၈-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၉ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၉ ရက် နံနက် ၇နာရီမှ ၁၀ နာရီအထိ တိုက်(၇)၊ အခန်း(၄)၊ မင်းမနိုင်၊ ဦးဝိစာရအိမ်ရာ ဒဂုံမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်စိုး (ဒု-ရဲမှူး-ငြိမ်း)

**အပတ်စဉ်(၃)**

**အသက်(၇၅)နှစ်**

အမှတ်(၅၀-A)၊ မြေနီကုန်းဈေးလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်နီနီဝင်း၏ ခင်ပွန်း၊ မမေစိုးမိုး၊ မချိုနွယ်လှိုင်၊ မယဉ်မိုးလှိုင်၊ ဇော်ရဲထက်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုး ဦးမြင့်စိုးသည် ၂၄-၈-၂၀၁၉ (စနေနေ့) နံနက် ၃း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

အ ကျန်ရစ်သူမိသားစု

## ဦးမြင့်ကြည်

**အသက်(၇၁)နှစ်**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရေသန့်-ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အမှတ်(၃)ရပ်ကွက်နယ်မြေ၊ အိုးဘိုတန်းလမ်း၊ အမှတ်(၁၂)နေ (ဦးအဆိုက်-ဒေါ်ခင်လေး)တို့၏ သား၊ (ဒေါ်မြင့်မြင့်သန်း)၏ ခင်ပွန်း၊ ဦးမျိုးမင်းကြည် [ဦးစီးအရာရှိ(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့-၆၊ မန္တလေး]-ဒေါ်မျိုးမျိုးအေး၊ ဦးမျိုးမင်းလတ်(CPP Myanmar Co.,Ltd.)-ဒေါ်ခင်သန္တာလှိုင်တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးမြင့်ကြည် သည် ၂၆-၈-၂၀၁၉ (တနင်္လာနေ့) နံနက် ၃း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ သစ်ရောင်းချောင်း မီးသဂြိုဟ်စက်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၉-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးကျော်သိန်း (ခ) ဖြူမောင် (စစ်တွေ)

**ကျန်းမာရေးမှူး (ငြိမ်း)**

**အသက် (၆၈) နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ရောဝဏ်အပြင်လမ်း၊ အမှတ်(၂၀/ခ)၊ ဒုတိယထပ်နေ (ဦးမောင်သန်းတင်-ဒေါ်သိန်းခင်)တို့၏သား၊ (ဦးစိုးအောင်ဖြူ-ဒေါ်ထွန်းသာ)တို့၏ သားသမက်၊ ဒေါ်သန်းသန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ မအေးမြစန္ဒာ(ခ)ဘုဘု၊ မောင်သန်းထွန်းအေး(ခ)မောင်လှ-မအိအိဝင်း၊ မောင်လှထွန်း(ခ)ညီညီတို့၏ဖခင်၊ မောင်ကျော်ဇေယျာသော်၊ မအိမ့်ဂျူလိုင်မိုးတို့၏ အဘိုးသည် ၂၄-၈-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၈-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၉ (သောကြာနေ့) နံနက်တွင် သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ ရောဝဏ်အပြင်လမ်း၊ အမှတ်(၂၀/ခ)၊ ဒုတိယထပ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဦးလှမျိုးမောင် (ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)၏မိခင် ဒေါ်ခင်ဝေ အသက်(၈၂)နှစ်သည် ၂၃-၈-၂၀၁၉ ရက် နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**NSKRE Residence (Myanmar) Co.,Ltd.**

# ကမ္ဘာ့နဂါးလှေလှော်ပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိသည့် မြန်မာအသင်းအား ရန်ကုန်လေဆိပ်၌ ကြိုဆိုဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၂၆

ထိုင်းနိုင်ငံ ပတ္တရားကမ်းခြေတွင် ကျင်းပသည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့နဂါးလှေလှော်ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာ့ရိုးရာလှေလှော် အားကစားအဖွဲ့သည် ဆုတံဆိပ်များ ဆွတ်ခူးရယူကာ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ကြိုဆိုဂုဏ်ပြုကြသည်။

အဆိုပါ မြန်မာ့ရိုးရာလှေလှော်အားကစားအဖွဲ့သည် ကမ္ဘာ့နဂါးလှေလှော်ပြိုင်ပွဲတွင် ကစားနည်း ၁၅ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ကစားနည်း ၁၃ မျိုးတွင် ဆုတံဆိပ် ၁၃ ခု ရရှိခဲ့ခြင်းဖြစ်ပြီး ၎င်းဆုများမှာ ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် ငါးခုတို့ ဖြစ်သည်။

**အယောက် ၄၀ သွားရောက်ယှဉ်ပြိုင်**

"ရွှေတံဆိပ်ဆုရရှိခဲ့တာကတော့ အဓိက ပြိုင်ဘက်အသင်းဖြစ်တဲ့ ထိုင်းအသင်း၊ အင်အားကြီးအသင်းတွေဖြစ်တဲ့ တရုတ်၊ ကနေဒါနဲ့ ဩစတြေးလျ အသင်းတွေကို ကျော်ဖြတ်ပြီးတော့ ရရှိခဲ့တာပါ။ ကစားသမားအနေနဲ့ကတော့ အယောက် ၄၀ ပဲ သွားရောက်ယှဉ်ပြိုင်တာပါ။ ကစားသမားလူဦးရေ အနည်းဆုံးနဲ့ ယှဉ်ပြိုင်ခဲ့တာပါ။ ထိုင်းအသင်းဆိုရင် လူဦးရေ ၄၀၀ ကျော်နဲ့ ယှဉ်ပြိုင်ကြတယ်။ ကနေဒါအသင်းဆိုရင်လည်း ၂၈၀ ကျော်လောက်ရှိတယ်။ ဩစတြေးလျအသင်းဆိုရင် ၃၀၀ ကျော်လောက်ရှိတယ်။ အမေရိကန်ဆိုရင်လည်း ၂၈၀ လောက်ရှိတယ်။ အဲဒီလိုအသင်းတွေနဲ့ ယှဉ်ပြိုင်ရတာပါ။ သူတို့တွေက လူဦးရေအပြောင်းအလဲလုပ်ပြီး ယှဉ်ပြိုင်နိုင်တယ်။ ကျွန်တော်တို့က ဒီ ၄၀ ကိုပဲ အလှည့်ကျ ပြန်အသုံးပြုပြီးတော့ ယှဉ်ပြိုင်ရတာပါ။ ကျွန်တော်တို့ဘက်က ကစားသမားဦးရေနည်းတော့ အစွမ်းကုန်ကြိုးစားပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻






# အောင်လအန်ဆန်၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ဘရန်ဒန်ဗီရာနှင့် ထိုးသတ်မည်

ရန်ကုန် ဩဂုတ် ၂၆

ONE Championship က ကျင်းပလျက်ရှိသည့် MMA ပြိုင်ပွဲတွင် ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်သည် အောက်တိုဘာလတွင် ၎င်းရရှိထားသည့် ကမ္ဘာ့ချန်ပီယံဆုအနက် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆု ကာကွယ်ပွဲထိုးသတ်မည်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာနှင့် ထိုးသတ်မည်ဖြစ်သည်။

ONE Championship သည် အောင်လအန်ဆန်၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲပါဝင်သည့် MMA ပြိုင်ပွဲကို အောက်တိုဘာ ၁၃ ရက်တွင် ဂျပန်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး တွဲဆိုင်းစုစုပေါင်း ၁၁ ပွဲပါဝင်မည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် ဘရန်ဒန်ဗီရာတို့၏ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲကို Main-Event အဖြစ် ကျင်းပမည်ဖြစ်ပြီး Co-Main Event အဖြစ်

စာမျက်နှာ ၁၅ ကော်လံ ၄ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ

ဂျီ-၇ ထိပ်သီးအစည်းအဝေးသို့ အီရန်နိုင်ငံခြားရေးဝန်ကြီး ရုတ်တရက် ရောက်ရှိလာ — စာမျက်နှာ » ၁၂

အစိုးရက တရုတ်နိုင်ငံလုပ် လျှပ်စစ်ကားများ တင်သွင်းမည် — စာမျက်နှာ » ၁၃

ခေတ်မီစနစ်ကျသော မြို့ပြအိမ်ရာလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း)တည်ဆောက်နေ — စာမျက်နှာ » ၁၅

# ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် နိုင်ငံတကာခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း အပြီးသတ် ၂၃ ဦး ရွေးချယ်

ရန်ကုန် ဩဂုတ် ၂၆

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ရာဒူလိုဗစ်သည် စက်တင်ဘာလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ၊ ဩဂုတ် ၃၀ ရက်တွင် တရုတ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ခြေစမ်းပွဲအတွက် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ခြေစမ်းပွဲကစားမည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုးသမား-** ကျော်ဇင်ထက်(ရန်ကုန်)၊ ကျော်ဇင်ဖြိုး(ရွှေဝတီ)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ **နောက်တန်း-**ဇော်မင်းထွန်း(ချောင်ဘူရီ)၊ စိုးမိုးကျော်၊ ဇော်လင်း၊ ကျော်ဇင်လွင်(ရွှေဝတီ)၊ ပြည့်ဖြိုးဇော်(ရန်ကုန်)၊ ဒေးဗစ်ဒန်း၊ နန္ဒကျော်(ရှမ်း)၊ သိန်းသန်းဝင်း (ရတနာပုံ)၊ **အလယ်တန်း-**ရန်အောင်ကျော်၊ မောင်မောင်လွင် (ရန်ကုန်)၊ လွင်မိုးအောင်(ရွှေဝတီ)၊ လှိုင်းဘိုဘို၊ စည်သူအောင်(ရတနာပုံ)၊ ကြည်လင်း(ဇွဲကပင်)၊ ဆွမ်လမန်(ရှမ်း)၊ ကောင်းစည်သူ(Southern)၊ **ရှေ့တန်း-**ကျော်ကိုကို (ဆာမတ်ပရာခန်)၊ အောင်သူ (မြောင်တောင်)၊ ဝင်းနိုင်စိုး (ရတနာပုံ)နှင့် သန်းပိုင်(ရန်ကုန်)တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ရာဒူလိုဗစ်သည် အပြီးသတ်လူစာရင်းကို ဩဂုတ် ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ပုံမှန်ပါဝင်နေသည့် ကစားသမားများအပြင် သန်းပိုင်၊ နန္ဒကျော်၊ ကျော်ဇင်လွင်နှင့် ဆွမ်လမန်တို့ ပြန်လည်ရွေးချယ်ခံခဲ့ရသလို ဂိုးသမား ပြည့်လျှံအောင်လည်း လက်ရွေးစင်အသင်းတွင် ပထမဆုံးရွေးချယ်ခံခဲ့ရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲကစားရန် ဩဂုတ် ၂၆ ရက် ညနေပိုင်းက တရုတ်နိုင်ငံသို့ ထွက်ခွာသွားပြီး ယင်းပွဲအပြီးတွင် မွန်ဂိုလီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❖

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော်
ရန်ကုန် - ဗုဒ္ဓဂယာ တိုက်ရိုက် အမှန်အကန် စရိတ်ငြိမ်း ခရီးစဉ်များ
၈ ရက် - ဒေါ်လာ ၆၂၅
၁၀ ရက် - ဒေါ်လာ ၆၇၅
၁၂ ရက် - ဒေါ်လာ ၇၂၅
၁၅ ရက် - ဒေါ်လာ ၇၇၅
၁၅ ရက် - ဒေါ်လာ ၈၂၅
ရန် (၂) + သိန်း
ယခင်နှစ်အတိုင်း ဈေးနှုန်းမတက်ဘဲ နီပေါနိုင်ငံရှိ ဘုရားရှင်၏ ခါတ်တော်များ ကိန်းဝပ်တော်မူရာ ရာမဂါမ်စေတီ ကုန်းတော်ရာ နှင့် ရောဟီဏီမြစ် စသည့် ဘုရားဌာနများအား ထပ်မံပို့ဆောင်ပေးပါမည်။ ဝါရင့်ဝန်ထမ်းများနှင့်အတူ ဝန်ဆောင်မှုများထပ်မံတိုးချဲ့ထားပါသည်။ သီတင်းကျွတ် / တန်ဆောင်တိုင်များအတွက် ကြိုတင်နေရာယူနိုင်ပါပြီ။
ရက်တို၊ ဟိုတယ် နှင့် သီးသန့်ခရီးစဉ်များ စီစဉ်ပေးပါသည်။
ရန်ကုန် - ဂယာ - ရန်ကုန် လေယာဉ်လက်မှတ်များလည်း ဝယ်ယူရရှိနိုင်ပါသည်။
ရန်ကုန်မြို့တွင်း Home Service
Website : www.khinnandartravel.com
Email : khinnandartravels@gmail.com

"ခြ"
Chemical ... nano ... green nano ...
Trillion Power Co., Ltd.
Ph: 09 420056018, 0973172777, 09890707288